ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ တနင်္လာနေ့ (18-3-2013) (၇၄၂၈)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် မတ် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၁၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဆစ်ဒနီမြို့သို့ ရောက်ရှိကြရာ နယူးဆောက်ဝေးလ်ပြည်နယ် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဝန်ကြီးချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆို

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆစ်ဒနီမြို့မှ ဩစတြေးလျ တပ်မတော်လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ကင်ဘာရာမြို့ တပ်မတော်လေယာဉ်ကွင်းသို့ရောက်ရှိကြရာ ဝန်ကြီးချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။ **(ယာပုံ)**



ရောက်ရှိ

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ကင်ဘာရာမြို့ရှိ ဟိုင်းယပ်ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ပေးအပ်

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဩစတြေးလျနိုင်ငံရှိ မြန်မာသံရုံးသို့ရောက်ရှိပြီး သံအမတ်ကြီးနှင့်သံရုံးမိသားစုဝင်များ၊ ဩစတြေးလျနိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံနှုတ်ဆက်ကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအကြို မြင်းစီးပြိုင်ပွဲ ကျင်းပပြီးစီး အင်ဒိုနီးရှား ပထမ၊ ထိုင်း ဒုတိယနှင့် မလေးရှား တတိယရရှိ

နေပြည်တော် မတ် ၁၇

သတင်း - လေဒီ ❖ ဓာတ်ပုံ - ကိုကိုစိုးညွန့်

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအကြို မြင်းစီးပြိုင်ပွဲကို မတ် ၁၆ ရက်က စတင်ကျင်းပခဲ့ရာ မတ် ၁၇ ရက် ညနေပိုင်းတွင် ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။ ဆီးဂိမ်းအကြို မြင်းစီးပြိုင်ပွဲတွင် ခရီးရှည်တာဝေးပြိုင်ပွဲ အပါအဝင် တစ်ဦးချင်းနှင့် အသင်းလိုက်အလှစီးပြိုင်ပွဲနှင့် တန်းခုန်ပြိုင်ပွဲများ **(ဝဲပုံ)** ကျင်းပခဲ့ရာ မြန်မာ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအပြီး နိုင်ငံအလိုက်အဆင့်တွင် အင်ဒိုနီးရှားနိုင်ငံက ရွှေ ၂၊ ငွေ ၁ ဖြင့် ပထမရရှိပြီး ထိုင်းနိုင်ငံက ရွှေ ၁၊ ငွေ ၃၊ ကြေး ၃ ဖြင့် ဒုတိယရရှိကာ မလေးရှားနိုင်ငံက ရွှေ ၁၊ ကြေး ၁ ဖြင့် တတိယရရှိခဲ့သည်။ အိမ်ရှင်မြန်မာနိုင်ငံသည် ကြေးတံဆိပ်တစ်ခုဖြင့် ခြောက်နိုင်ငံပြိုင်ပွဲတွင် ဆဋ္ဌမနေရာသာ ရရှိခဲ့သည်။

ယနေ့ ညနေပိုင်းတွင် နောက်ဆုံးပြိုင်ပွဲအဖြစ် ကျင်းပသော တစ်ဦးချင်း တန်းခုန်ပြိုင်ပွဲတွင် စင်ကာပူနိုင်ငံသား ကလာရီခူးက ပုဂံမင်းသမီးမြင်းဖြင့် ပထမ၊ ထိုင်းနိုင်ငံသား နဂန်ကာမိုလ်စီရိက စိန်ဆင့်မောင်မြင်းဖြင့် ဒုတိယ၊ ထိုင်းနိုင်ငံသား ဆာဂျင်မာနာဆွန်ကာတုတ်က ထိပ်ကွက်မြင်းဖြင့် တတိယရရှိသွားသည်။ တစ်ဦးချင်း တန်းခုန်ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ခြောက်နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများအား မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီး ဦးသောင်းထိုက်တို့က **စာမျက်နှာ ၃ ကော်လံ ၃ သို့ ✱**

CREATION STRENGTH Co., LTD. မှကြီးမှူးကျင်းပသော

The Most Amazing Yangon Exhibition & Car Show 2/2013

အများနှင့်မတူ ထူးထူးခြားခြားကျင်းပပြုလုပ်သွားမည့် **တပ်မတော်ခန်းမနှင့် မိုင်ဒါကွင်း (နှစ်ကွင်းဆက်)** အတာသင်္ကြန်အကြို အထူးတုန်စည်ပြပွဲကြီး

ကျင်းပမည့်နေ့ရက် (5-4-2013) မှ (8-4-2013) ထိ / ကျင်းပမည့်အချိန် – နံနက် (9:00) နာရီ မှ ည (9:00) နာရီထိ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်မာရိုးရာ ယဉ်ကျေးမှု နှစ်သစ်ကူးသင်္ကြန်အကြို ယိမ်းအကပြိုင်ပွဲများနှင့် သံချပ်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သဖြင့်လျှောက်လွှာပုံစံများအား အောက်ပါလိပ်စာအတိုင်း စုံစမ်းဝယ်ယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ပထမဆု –၁၀ သိန်း၊ ဒုတိယဆု ၇ သိန်း၊ တတိယဆု ၅ သိန်း

လိပ်စာ — အမှတ် (၁၉ / ဘီ)၊ ဇွဲရုပ်ကွက်၊ ကေတုမာလာကျွန်းမှတ်တိုင်အနီး၊ ပါရမီလမ်းမကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

ဆက်သွယ်ရန် – 09-5093999 , 09-421116111 , 09-450055888 , 09-450045003 , 09-450055777 , 09-450050005

ကြေးမုံစာတည်းရှုထောင့် **၁၈-၃-၂၀၁၃၊ တနင်္လာနေ့**

တက်ညီလက်ညီဆောင်ရွက်မည်

မြန်မာနိုင်ငံတွင် အများပြည်သူလိုလားတောင့်တသည့် ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးဖော်ဆောင်လျက်ရှိသည်။ ထိုသို့ဖော်ဆောင်ရာတွင် ပြည်သူတို့ပြဋ္ဌာန်းပေးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်နေခြင်းဖြစ်သည်။

လက်ရှိတွင် လွှတ်တော်မှ အတည်ပြုရွေးချယ်ပေးခဲ့သည့်အစိုးရက ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားအပေါ်မူတည်၍ ပြည်သူ့အစိုးရအဖြစ် အုပ်ချုပ်လျက်ရှိသည်။ ဒီမိုကရေစီနိုင်ငံအဖြစ် ထုဆစ်ပုံဖော်ရာတွင် မိမိနိုင်ငံအကျိုးရှိမည့် မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ကြရသည်။ အခြေအနေ အချိန်အခါအရ လိုအပ်လာပါက မူဝါဒများ အသစ်ရေးဆွဲခြင်း၊ ရှိပြီးမူဝါဒများ ပြန်လည်ပြုခြင်းတို့ ဆောင်ရွက်နေသည်မှာလည်း နိုင်ငံနှင့်ပြည်သူအကျိုးစီးပွားအတွက်ဖြစ်သည်။

မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်နေမှုနှင့်ပတ်သက်၍ "လူနှင့်အုပ်ချုပ်နေခြင်းမဟုတ်ဘဲ မူဖြင့်အုပ်ချုပ်နေခြင်းဖြစ်ကြောင်း" ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက မတ် ၁၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သီရိဇေယျအနော်ရထာခန်းမ၌ ဒေသခံပြည်သူများအား ပြောကြားခဲ့သည်။

ထိုမူဝါဒများမှာ လက်ရှိထုတ်ပြန်လျက်ရှိသော ဥပဒေကြမ်းများပင်ဖြစ်သည်။ ထိုဥပဒေကြမ်းများကို လွှတ်တော်များတွင် တင်သွင်းရသည်။ လွှတ်တော်များတွင် တင်သွင်းသည့် ဥပဒေကြမ်းများသည် ပြည်သူက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များသာမက ကော်မတီများ၊ ပညာရှင်များကပါ ပါဝင်ဆွေးနွေးအကြံပြုထားခြင်းဖြစ်၍ ပြည်သူကပြဋ္ဌာန်းသည့် ဥပဒေကြမ်းများပင်ဖြစ်သည်။

ထိုဥပဒေကြမ်းများသည် မူဝါဒများပင်ဖြစ်သည်။ မူဝါဒဆိုသည်မှာ ကိုယ်စီလိုက်နာရမည့် အချက်များဖြစ်၍ ပြဋ္ဌာန်းထားသော ဥပဒေများကို အားလုံးက လိုက်နာစောင့်ထိန်းကြရမည်ဖြစ်သည်။ ပြည်သူ့ ဆန္ဒ၊ ပြည်သူ့အသံ၊ ပြည်သူ့သဘောထားဖြင့် အုပ်ချုပ်နေသည့် ခေတ်ကာလတွင် ပြဋ္ဌာန်းထားသည့် မူဝါဒများမှာ အားလုံးလေးစားလိုက်နာရမည့် အချက်များသာဖြစ်သည်။

မျက်မှောက်ကာလသည် ခေတ်ပြောင်းစနစ်ပြောင်းကာလဖြစ်သည်။ စနစ်တစ်ခုမှ စနစ်တစ်ခုသို့ ကူးပြောင်းရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ များစွာရှိမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပြည်သူများ မျှော်လင့်တောင့်တကြသည့် ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို မဖြစ်မနေဖော်ဆောင်ကြရမည်သာဖြစ်သည်။

ထိုသို့ဖော်ဆောင်ရာတွင် စီမံခန့်ခွဲမှုတစ်ရပ်တည်းဖြင့် မပြီးဘဲ ပြည်သူအားလုံးအတူတကွ လက်တွဲပါဝင်ကာ ညီညီညွတ်ညွတ်ရှိမှ၊ သည်းခံခွင့်လွှတ်နားလည်လက်ခံမှုရှိမှ ပြည်သူတို့၏မျှော်လင့်ချက် ခရီးပန်းတိုင်ဆီသို့ အောင်မြင်စွာတက်လှမ်းနိုင်မည်ဖြစ်ပါသည်။

မိမိတို့မျှော်လင့်ချက်ခရီးလမ်းသို့ လျှောက်လှမ်းနေသည့် အသွင်ကူးပြောင်းရေးကာလတွင် အထူးသတိပြုရမည့်အချက်မှာ တရားဥပဒေစိုးမိုးရေးပင်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှ တည်ငြိမ်အေးချမ်းမည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဇောက်ချလုပ်ကိုင်နိုင်ကာ မိမိတို့မျှော်မှန်းသော ခရီးပန်းတိုင်သို့ ချောမွေ့စွာရောက်ရှိနိုင်မည်ဖြစ်သည်။

တရားဥပဒေစိုးမိုးမှုမရှိလျှင် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး မိမိနိုင်ငံ၊ မိမိဒေသတိုးတက်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ချေ။ လက်ရှိတွင် ဖွံ့ဖြိုးတိုးတက်တော့မည့် မျှော်လင့်ချက်ရောင်ခြည်ကိုလည်း မြင်တွေ့နေရပြီဖြစ်သည်။ လွတ်လပ်မှု၊ ပွင့်လင်းမှု၊ မျှတမှုစသည့် ဒီမိုကရေစီအခွင့်အရေးများလည်း စတင်ရရှိနေပြီဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏ရည်မှန်းချက်လည်းဖြစ်၊ ပြည်သူများ၏မျှော်လင့်ချက်လည်းဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာအောင် ပြည်သူလူထုတစ်ရပ်လုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

လှုပ်ရှားရှာဖွေတားဆီးစစ်ဆေးရေးအဖွဲ့၏ တာဝန်ထမ်းဆောင်မှု ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၇

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယမန်နေ့ နံနက် ၁၁ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် အေးရှားဝေါလ်တိုးဂိတ်ရှင်းလင်းဆောင်၌ လှုပ်ရှားရှာဖွေတားဆီးစစ်ဆေးရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှု တိုးမြှင့်ရေးဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖြေလျှော့ပေးမှုများအပေါ်တွင် အချို့သော ဝိသမလောဘသား စီးပွားရေးသမားများနှင့် မမှန်မကန်လုပ်လိုသည့် ဝန်ထမ်းအချို့ကြောင့် နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု အခွန်အခများ ဆုံးရှုံးခဲ့ပြီး စားသုံးသူ အန္တရာယ်ဖြစ်စေသည့် ကုန်ပစ္စည်းများပါ အလုံးအရင်းဖြင့် ပြည်တွင်းသို့ ဝင်ရောက်ခဲ့ကြောင်း၊ တရားမဝင် ကုန်သွယ်မှုများသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ကြီးမားသောထိုးနှက်မှု ရှိနေသည့်အပြင် အရည်အသွေးမပြည့်ဝသောကုန်ပစ္စည်းများကြောင့် စားသုံးသူများ ထိခိုက်အန္တရာယ်ဖြစ်မှုကို အကာအကွယ်မပေးနိုင်သကဲ့သို့ ဈေးကွက်အတွင်း တရားမဝင် ကုန်သွယ်မှုများ ကြီးထွားလာမှုကြောင့် တရားဝင်လုပ်ကိုင်သူများ မယှဉ်နိုင်ဘဲ၊ အများနည်းတူ တရားမဝင်လမ်းကို မလျှောက်ချင်ဘဲ လျှောက်ခဲ့ကြကြောင်း၊ ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် Mobile Teamအဖွဲ့ နှစ်ဖွဲ့ထားပြီး တားဆီးစစ်ဆေးခဲ့သည့်အတွက် စတင်ချိန်မှ မတ် ၇ ရက်အထိ ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၁၅၄၀၀ ကျော်အထိ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ တစ်ပိုင်တစ်နိုင်ကုန်သွယ်မှုပြုနေကြသူများအတွက် တရားမဝင်ကုန်သွယ်မှုမှ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရန်နှင့် ရသင့်ရထိုက်သည့် အခွန်အခတိုးတက်စေရေးအတွက် Individual Trading Card (ITC) ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ မတ် ၁၄ ရက်ကကျင်းပခဲ့သည့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းကော်မတီများ၊ ဗဟိုကော်မတီမှ တိုက်ရိုက်ကွပ်ကဲသော လှုပ်ရှားရှာဖွေတားဆီးစစ်ဆေးရေးအဖွဲ့များနှင့် အထူးစစ်ဆေးရေးအဖွဲ့များကိုဖွဲ့စည်း၍ ထိရောက်စွာဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော်ကြရမည် ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးကို အပင်ပန်းဆင်းရဲခံ၊ ဒုက္ခခံပြီး မှန်မှန်ကန်ကန် လုပ်ဆောင်ပေးမှုကြောင့် ကုန်သွယ်မှု ပမာဏမြင့်တက်လာပြီး အခွန်ဘဏ္ဍာများ တိုးတက်လာသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ Mobile Team အဖွဲ့များ၏ လုပ်ဆောင်မှုများကို နားလည်မှုမရှိသော၊ ကျေနပ်မှုမရှိသော၊ အလိုမကျသော ကုန်သည်စီးပွားရေးလုပ်ငန်းရှင်များကလည်း Mobile Team အဖွဲ့များ ရုပ်သိမ်းချုပ်ငြိမ်းသွားအောင် သွေးထိုးတိုင်တန်းမှုများပြုလုပ်သည်ကိုလည်း ကြားသိနေရကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်နေချိန်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ထမ်းဆောင်ကြရန်နှင့် မသမာမှုများ မဖြစ်ပွားစေရေးအတွက် ဌာနဂုဏ်သိက္ခာ၊ နိုင်ငံ့ဂုဏ်သိက္ခာ စောင့်ထိန်းပါဟု မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် Mobile Team အဖွဲ့(၁) အဖွဲ့မှူး နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးစန်းလွင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေအရပ်ရပ်ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများအနက် ရှမ်းပြည်နယ် လားရှိုးကုန်သည်စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဒေးဗစ်က တိရစ္ဆာန်ထွက်ပစ္စည်းများ နယ်စပ်ကုန်သွယ်ရေးမှ တင်ပို့နိုင်ရေးဆွေးနွေးရာ အမှန်တကယ် မွေးမြူသူများ အမှန်တကယ် တင်ပို့နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် တက်ရောက်လာသော မီဒီယာအသီးသီး၏ မေးမြန်းမှုများကို ပြည်ထောင်စုဝန်ကြီးနှင့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွှန့်အောင်တို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Mobile Teamအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

(သတင်းစဉ်)

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် မတ် ၁၇

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights) ကို မတ် ၁၅ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က အသင်းအကြောင်းကို မိတ်ဆက်ပြောကြားခဲ့ပြီး လက်ရှိအသင်းက လုပ်ဆောင်နေသည့် အကြောင်းများကိုလည်းကောင်း၊ စာရေးဆရာ ကိုတာ၊ သဘာဝပတ်ဝန်းကျင်ကမ္ဘာမြေချစ်သူဆုရှင် ဆရာကြီးဦးအုန်းတို့က ဟောပြောခဲ့ကြသည်။ အသင်းဝင် မရီလွင်ကျော်ဇောက မလေးရှားအတွေ့အကြုံများကို ဆွေးနွေးရှင်းပြခဲ့ပြီး အသင်းဝင်တစ်ဦးဖြစ်သူ ဥပဒေပညာရှင် ဒေါက်တာစံပယ်ကြည်မောင်က စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များအကြောင်းကို ရှင်းပြပြီး အလှူငွေပေးအပ်ပွဲကို ဆက်လက်ပြုလုပ်၍ အသင်းအတွင်းရေးမှူးက နိဂုံးချုပ်ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထိုအခမ်းအနားတွင် ထုံးဆေးများ၊ ပလတ်စတစ်များ၊ ဖော့ဘူးများစသည်တို့ သုံးစွဲခြင်းကြောင့်ဖြစ်နိုင်သော ရောဂါများ၊ ကွမ်းယာအပါအဝင် ၎င်းနှင့် ဆက်စပ်သော ကွမ်းစားဆေးများ၏ အန္တရာယ်၊ မှိုတက်သောထုံး၊ ပလတ်စတစ်ဘူး၊ တစ်ခါသုံးဝါးတူများ၏ ဆိုးကျိုးများ၊ အော်ဂဲနစ်သီးနှံများ၊ သဘာဝအတိုင်းစိုက်ပျိုးထားသောသီးနှံများကို ပြခန်းသဖွယ်ခင်းကျင်းပြသခဲ့ရာ စိတ်ဝင်တစားလေ့လာကြည့်ရှုသူများဖြင့် စည်ကားခဲ့သည်။ စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းစေသော ပတ်ဝန်းကျင်ဖြစ်စေရန် ပညာပေးကျင်းပသည့် ကမ္ဘာ့စားသုံးသူများအခွင့်အရေးများနေ့အခမ်းအနားသည် အကျိုးပြုသည့် ပညာပေးပွဲတစ်ရပ်လည်းဖြစ်ခဲ့ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

UNIQUE STAR TRAVELS & TOURS

Promotion (၃)ဦး ဝယ်လျှင် + (၁)ဦး အခမဲ့

ရွှေလီ (မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ နမ့်ခမ်း၊ ဝမ်းတိန်၊ ရွှေလီမြို့တွင်(၂)ညအိပ်မည်)	Mar:23, Apr:10,11,12,13	(350,000)
တောင်ကြီး (ကလော၊အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ...)	Mar:23,Apr:11,12,13,17	(185,000)

ပုဂံ ပုပ္ပါး ပခုက္ကူ	Mar:23,Apr:13	(175,000)	ပုဂံ၊ရွှေစက်တော်	Mar:23,Apr:11,13	(175,000)
မန္တလေး၊မုံရွာ၊ပြင်ဦးလွင်	Mar:23,Apr:12	(175,000)	ပုဂံ၊မန္တလေး	Mar:23,Apr:11,13	(185,000)
အလောင်းတော်ကဿပ	Mar:23,Apr:11,13	(195,000)	ပုဂံ၊တောင်ကြီး:	Apr:11,13	(265,000)
ချောင်းသာ Hotel Max	Mar:23	(75,000)	မန္တလေး၊တောင်ကြီး	Apr:11,13	(265,000)

(5),Ground Fl, Asia Plaza, Ph. 391 372, 391 373, 708 353, 705 723, 09- 514 8079
70(A), Kabaraye Pagoda Rd,09-7310 9133,09-7310 9144,09-7310 9155, 09-7310 9166

UNIQUE STAR TRAVELS & TOURS

အမေရိကား KOREA AIRLINE (20DAYS/19NIGHTS) APRIL 9~28 (6,000,000)
(SAN FRANCISCO,LOS ANGELES,LAS VEGAS,NEW YORK,WASHINGTON,HARRISBURG,CORNING,NIAGARA FALL)+HONOLULU
ဥရောပ(၉)နိုင်ငံ+အင်္ဂလန် TG APRIL 9~22/9~24,11~24/11~26 (4,500,000)
(FRANCE,ITALY,SWITZERLAND,GERMANY,NERTHERLAND,BELGIUM,AUSTRIA,LIECHTENSTEIN,VATICAN)+UNITED KINGDON
ဩစတြေးလျ TG (SYDNEY,BLUE MOUNTAIN,MOUNT BULLER,MELBOURNE,CANBERRA) APRIL 10~18 (3,400,000)

ဗန်ကောက်-ပတ္တရား	EVERY (SAT:)	(550,000)	ဟောင်ကောင်+မလေး+ထိုင်း	APR:12,13	(1,700,000)
ဖူးခက်-ဗန်ကောက်	APR:11,12	(850,000)	ဟောင်ကောင်+မကာအို	APR:10,11	(1,400,000)
စင်ကာပူ+မလေး+ထိုင်း	APR:10,12,13	(1,250,000)	ပီကင်း+ရှန်ဟိုင်း	APR:10,11,12,13	(1,400,000)
ဘာလီ+ဖူးခက်+မလေး	APR:10,13	(1,700,000)	ကိုရီးယား TG	APR:10,13	(2,000,000)
ဘာလီ+စင်ကာပူ+မလေး	APR:10,12	(1,700,000)	ဂျပန်ဆီးစဉ် TG	APR:9,10,13	(2,800,000)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မန္တလေးမြို့ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

နေပြည်တော် မတ် ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ကုန်သည်လုပ်ငန်းရှင်များနှင့် မတ် ၁၆ ရက်တွင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး မန္တလေးတိုင်းဒေသကြီးမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ မွန်းလွဲ ၂ နာရီခွဲတွင် တွေ့ဆုံပြီး ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ဈေးကွက်ဝယ်လိုအားကောင်းသော သီးနှံများအား ရာသီချိန်ကိုက် စိုက်ပျိုးနိုင်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုတင်ပို့နိုင်ရေး၊ နိုင်ငံခြားဈေးကွက်ပုံမှန်ရရှိရေး၊ လက်ကားကုန်စည်ဒိုင်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ကဏ္ဍအလိုက်အသင်းအဖွဲ့များကို မြို့နယ်အဆင့်များအထိ တိုးချဲ့ဖွဲ့စည်းပြီး စီးပွားရေးအခြေခံများ စနစ်တကျချမှတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မြို့နယ်တိုင်းတွင် ကုန်စည်ဒိုင်များ ပေါ်ပေါက်လာပြီး ဖွံ့ဖြိုးတိုးတက်မှုရှိရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ တိုးတက်ဖြစ်ပေါ်လျက်ရှိသော အခြေအနေများအရ မကြာမီ တစ်ကမ္ဘာလုံးနှင့် ကုန်သွယ်မှုပြုနိုင်တော့မည်ဖြစ်၍ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများရှိနေပြီဖြစ်ကြောင်း၊ ဧပြီ ၁ ရက်မှ စတင်ပြဋ္ဌာန်းမည့် နိုင်ငံတကာသဘောတူညီချက်များနှင့် ပြည်တွင်းဥပဒေများအရ ကန့်သတ်ကုန်ပစ္စည်း၊ တားမြစ်ကုန်ပစ္စည်း၊ နိုင်ငံတော်အတွက် အရေးကြီးသည့် ကုန်ပစ္စည်းများမှအပ ကျန်ကုန်ပစ္စည်းများကို ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ တင်ပို့တင်သွင်းခွင့်ပြုသွားရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုင်စင်ခွင့်ပြုထုတ်ပေးခြင်းကိုလည်း နေပြည်တော်၊ ရန်ကုန်နှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင်ပါ လိုင်စင်များ လက်ခံစိစစ်ထုတ်ပေးမည်ဖြစ်ပါသဖြင့် နေပြည်တော်သို့ လာရောက် လိုင်စင်လျှောက်ထားရသည့် ကုန်ကျစရိတ်၊ သီးသန့်လိုင်စင်လျှောက်ထားရန် ဝန်ထမ်းခန့်အပ်ထားသည့်စရိတ်များ လျော့နည်းသက်သာသွားမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ကုန်စည်ဒိုင်မှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များအနေဖြင့် တောင်သူအကျိုး၊ ကုန်သည်ပွဲစားများအကျိုး၊ ပြည်ပတင်ပို့သူများအကျိုးနှင့် နိုင်ငံတော်အကျိုးကို မျှတအောင် စဉ်းစားသုံးသပ်ကြပြီး ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတကာအဆင့်မီ ကုန်စည်ဒိုင်များ ဖြစ်ပေါ်လာရေး ညီညွတ်မျှတစွာဖြင့် ရည်မှန်းချက်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံနှင့် တာဝန်ရှိသူများက ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ သံရုံးမိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

* ၂၀၁၃ မှ

ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ ယခု မြင်းစီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံများမှ ကစားသမားများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ၏ ပြိုင်ပွဲပြင်ဆင်ပုံများနှင့် မြင်းစီးအားကစားကွင်း ကောင်းမွန်မှုများကို အထူးကျေနပ်စွာဖြင့် ချီးကျူးပြောဆိုခဲ့ကြကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်နေမှုများ ဆွေးနွေး

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ဘယ်လ်ဂျီယံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး၊ ပြည်ပကုန်သွယ်ရေးနှင့် ဥရောပရေးရာဝန်ကြီး မစ္စတာ ဒီဒီယာရန်ဒါးစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်း ခြောက်မိုင်ခွဲရှိ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးသို့ သွားရောက်ကာ ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ကော်မရှင်အဖွဲ့ဝင်များအား တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်နေမှုများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အတွင်းရေးမှူး ဦးစစ်မြိုင်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမြင့်၊ ဒေါက်တာ ဒေါ်သန်းနွဲ့၊ ဒေါ်စောခင်ကြီး၊ ဦးဇော်ဝွန်း၊ ဦးခင်မောင်လေးနှင့် ဦးတင်ညိုတို့ တက်ရောက်ကြသည်။(အောက်ပုံ)**(သတင်းစဉ်)**

ကဝမြို့နယ် ဇွဲဘာ-ပိုင်ကျုံ ဂဝံလမ်းသစ်ဖွင့်

နေပြည်တော် မတ် ၁၇

(၆၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကဝမြို့နယ် ဇွဲဘာ-ပိုင်ကျုံ ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၅ ရက် နံနက်ပိုင်းတွင်ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် အလှူရှင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပဲခူးမြို့၌ ရန်ကုန်-မန္တလေးလမ်း မြို့တွင်းလမ်းဘေးဝဲ၊ ယာ ကတ္တရာတိုးချဲ့ခင်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

Laurel Art Academy (ရုပ်ရှင်အနုပညာသင်ကျောင်း)

အစိုးရအသိအမှတ်ပြု အနုပညာကျောင်းဖြစ်ပြီး ဒါရိုက်တာစည်သူကြည်စိုးထွန်းမှ ကျောင်းအုပ်ကြီးအဖြစ် ဦးဆောင်ကာ အောင်မြင်ကျော်ကြားသော အကယ်ဒမီဒါရိုက်တာကြီးများ၊ အကယ်ဒမီအနုပညာရှင်များမှ သင်ကြားပို့ချပေးကာ လက်တွေ့အဆင့်တွင် Laurel ထုတ်လုပ်ရေးမှ ကျောင်းသား/သူအားလုံးကို ယခုလက်ရှိ အောင်မြင်ကျော်ကြားနေသော အနုပညာရှင်များနှင့် တွဲဖက်၍ ဇာတ်ကားများရိုက်ကူးပေးပါသည်။ သင်ကြားပေးသော ဘာသာရပ်များမှာ သရုပ်ဆောင်ပညာ၊ ဒါရိုက်တာပညာ၊ Digital တည်းဖြတ်ပညာ၊ ရုပ်ရှင်ဓါတ်ပုံများကို သင်ကြားပေးသည့်အပြင် အဆို၊ အက (အနောက်တိုင်း+မြန်မာ)၊ အတီး၊ ဖိုက်တင်ပညာ၊ မြင်းစီး၊ မော်လ်ဒယ် အစရှိသည့် သရုပ်ဆောင်တို့တတ်သင့်သည့် ဘာသာရပ်(၁၂) ဘာသာကို သင်ကြားပေးသည့်အပြင် နောက်ဆုံးပေါ် HD Camera များဖြင့် လက်တွေ့သင်ကြားပို့ချပေးနေပါပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ်-၁/၅(ဗီ)၊ ပုလဲဥယျာဉ်အိမ်ရာ(ပုလဲကွန်ဒိုဝင်း)၊ ဆရာစံရပ်ကွက်၊ မဟာဗန္ဓုလမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၅၅၅၆၂၄၊ ၀၉-၄၉၃၁၈၀၀၁၊ ၀၁-၅၅၅၉၀၅

Laurel Art Academy

အပတ်စဉ်(၄)အတွက် ကျောင်းအပ်လက်ခံနေပါပြီ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၈-၃-၂၀၁၃ (တနင်္လာနေ့)

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၀၀ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၀ "ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ"
- ၈း၂၀ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၄း၃၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၄း၅၀ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၅း၀၀ ဂီတတံခါးလေးဖွင့်ပါဦး
- ၆း၂၀ SEAGames လှုံ့ဆော်ရေး ဇာတ်လမ်းတို "မျှော်လင့်ချက်" (မိုးယံဇွန်၊ ယုသန္တာတင်) (ဒါရိုက်တာ-ဂျိုး)
- ၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ ချစ်သမီး" (ဒုတိယတွဲ)(အပိုင်း-၃၀)
- ၈း၀၀ ပြည်တွင်းသတင်း
  - ပြည်သူတို့ရဲ့စကားသံ
  - နိုင်ငံတကာသတင်းများ
  - မိုးလေဝသအခြေအနေ
  - "တက္ကသိုလ်ဝင်တန်းဖြေဆိုသူများရဲ့ ရင်တွင်းစကား"
  - 'ရယ်စရာတစ်ကွက်စာ" (Mr.Bean ကာတွန်းအစီအစဉ်) (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ" "တည်ထောင်ပြုကြမယ် ပြည်ထောင်စု Channel"
- ၁၀း၀၀ ပြည်တွင်းသတင်း အိန္ဒိယရုပ်ရှင်"နှစ်နှစ်သော ပတ္တမြား"(ဇာတ်သိမ်း)

တိုက်ခိုက်ရေးသမားများ ဆီးရီးယားသို့မဝင်စေရန် လက်ဘနွန်သမ္မတ အမိန့်ထုတ်

ဘေရွတ် မတ် ၁၇

နယ်စပ်ကိုဖြတ်ကျော်၍ ကျူးကျော်ဝင်ရောက်လာခြင်းများကို လက်တုံ့ပြန်သွားမည်ဟု ဒမတ်စကပ်က ခြိမ်းခြောက်ခဲ့ပြီးနောက် လက်ဘနွန်နိုင်ငံသည် တိုက်ခိုက်ရေးသမားများ ဆီးရီးယားနိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းကို တားဆီးရမည်ဟု လက်ဘနွန်သမ္မတ မိုက်ကယ်ဆလိုင်းမန်က ပြောကြားခဲ့သည်။

အိုင်ဗရီကို့စ်နိုင်ငံသို့ တရားဝင် အလည်အပတ်သွားရောက်စဉ် လက်ဘနွန်လူမျိုးအသိုင်းအဝိုင်းများနှင့် တွေ့ဆုံစဉ် ဆလိုင်းမန်က ယင်းသို့ ပြောခဲ့ခြင်းဖြစ်သည်ဟု မတ် ၁၆ရက်တွင် သမ္မတရုံးမှ ထုတ်ပြန်သောကြေညာချက်၌ ဖော်ပြထားသည်။

လက်ဘနွန်နိုင်ငံ တည်ငြိမ်ရေးမှာ လက်ဘနွန်လူမျိုးများအပေါ်၌တည်ကြောင်း၊ ဆီးရီးယားနိုင်ငံသို့ စစ်သွေးကြွများ စေလွှတ်ခြင်းမပြုလုပ်ရန် လိုအပ်သကဲ့သို့ ယင်းနိုင်ငံမှ စစ်သွေးကြွများဝင်လာခြင်းကိုလည်း လက်ခံခြင်းမပြုရန် လိုအပ်ကြောင်း၊ ကြားနေနိုင်ငံဖြစ်ရန် လက်ဘနွန်နိုင်ငံသားများကပင် လုပ်ဆောင်ရန်လိုအပ်ကြောင်း သမ္မတက မိန့်ကြားခဲ့သည်။ ဆီးရီးယားနိုင်ငံအတွင်း အစိုးရအတွက်သို့မဟုတ် အတိုက်အခံတို့အတွက် တိုက်ပေးရန် ရည်ရွယ်ချက်ရှိသော မည်သည့်စစ်သွေးကြွများကိုမဆို ဖမ်းဆီးရန် လက်ဘနွန်တပ်မတော်အား သမ္မတက အမိန့်ထုတ်ပြန်ထားသည်။ ဆီးရီးယားနိုင်ငံအတွင်းသို့ အကြမ်းဖက်အုပ်စုများ ဆက်လက်ဝင်ရောက်မည်ဆိုလျှင် ဆီးရီးယားတပ်ဖွဲ့များက လက်ဘနွန်နိုင်ငံအတွင်းသို့ ပစ်ခတ်ရမည်ဖြစ်ကြောင်း ကြာသပတေးနေ့တွင် ဆီးရီးယားတို့၏ သတိပေးချက် ထွက်ပေါ်လာပြီးနောက် လက်ဘနွန်သမ္မတက သဘောထား ထုတ်ပြန်ခြင်းဖြစ်သည်။ **အေအက်ဖ်ပီ။**

ဆီးရီးယားနိုင်ငံ အလက်ပိုမြို့တွင်းတစ်နေရာ၌ အောင်ပွဲခံနေသည့် ဆီးရီးယားလက်နက်ကိုင် ဆန့်ကျင်ရေးသမားများအား တွေ့ရစဉ်။

ကိုလံဘီယာတွင် ကိုကင်းများ သိမ်းဆည်းရမိ

ဘိုဂိုတာ မတ် ၁၇

ကိုလံဘီယာနိုင်ငံအနောက်တောင်ပိုင်း ကော့ကားဒေသတွင် ကိုလံဘီယာလက်နက်ကိုင်တော်လှန်ရေး တပ်ဖွဲ့(အက်ဖ်အေအာရ်စီ)ထံမှ ကိုကင်း ၃ ဒသမ ၉ တန်ကို ကိုလံဘီယာစစ်ဘက်ဆိုင်ရာက သိမ်းဆည်းရမိကြောင်း မတ် ၁၇ ရက် သတင်းတွင် ဖော်ပြသည်။

ကော့ကားဒေသရှိ ကျေးလက်ဒေသမှ မူးယစ်ဆေးဝါးထုတ်လုပ်ရာ ဓာတ်ခွဲခန်းတွင် အဆိုပါကိုကင်းများအား သိုဝှက်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းမူးယစ်ဆေးဝါးလျှို့ဝှက်ထုတ်လုပ်သော ဓာတ်ခွဲခန်းမှ တစ်ရက်လျှင် ကိုကင်းတစ်တန်ကျော် ထုတ်လုပ်နိုင်စွမ်းရှိကြောင်း သတင်းတွင်ပါရှိသည်။

အဆိုပါဓာတ်ခွဲခန်းသည် စတုရန်းမီတာ ၅၀၀ ကျယ်ဝန်းပြီး လူ ၇၀ ကျော်ဆံ့ကြောင်း၊ မီးစက်များတပ်ဆင်ထားကြောင်း၊ လေဆိုးထုတ်ပန်ကာများ၊ စက်မှုလုပ်ငန်းသုံး မွှေစက်များနှင့် ရေစုပ်စက်ခုနစ်လုံး တပ်ဆင်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

ကိုလံဘီယာစစ်ဘက်ဆိုင်ရာက ကိုကင်း ၃ ဒသမ ၉ တန်၊ ကိုကာသစ်ရွက်နှစ်တန်၊ ဓာတုဗေဒနှင့်ပတ်သက်သော အခဲတန်တစ်ဝက်ကျော်၊ ကိုကင်းထုတ်လုပ်ရာတွင် လိုအပ်သောပစ္စည်းဂါလန် ၃၀၀၀ ကျော်ကို သိမ်းဆည်းရမိကြောင်း စစ်ဘက်ဆိုင်ရာအစီရင်ခံစာတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

ဟန်ဂေရီတွင် နှင်းမုန်တိုင်းတိုက်၊ ခရီးသည်များ ဒုက္ခကြုံ

ဘူဒါပက် မတ် ၁၇

ဟန်ဂေရီနိုင်ငံတွင် နှင်းမုန်တိုင်း ပြင်းထန်စွာ တိုက်ခတ်ခြင်းကြောင့် ၁၀ ပေအထိမြင့်သော နှင်းထုကြီး ဖြစ်ပေါ်လာပြီး အဓိကအဝေးပြေးလမ်းမကြီးတစ်ခုတွင် ခရီးသည်ထောင်ပေါင်းများစွာ သောင်တင်ခဲ့ရာ အချို့သည် ၎င်းတို့၏ကားအတွင်း၌လည်းကောင်း၊ အချို့သည် ယာယီတည်းခိုစခန်းများ၌လည်းကောင်း တစ်ညလုံး ကုန်လွန်စေခဲ့ရကြောင်း မတ် ၁၆ရက် အေပီသတင်းတွင် ဖော်ပြသည်။

တစ်နာရီလျှင် ၆၂ မိုင်နှုန်းဖြင့် ပြင်းထန်စွာ လေတိုက်ခတ်ရာ ဟန်ဂေရီမြို့တော် ဘူဒါပက်နှင့် ဩစတြီးယားမြို့တော် ဗီယင်နာတို့ကို ဆက်သွယ်သော အဝေးပြေးလမ်းပေါ်တွင် ကုန်တင်ထရပ်ကားအချို့ ခါးကျိုးကျသဖြင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သည်ဟု ကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောသည်။

ဆီးနှင်းများ၊ ယာဉ်ကြောပိတ်ဆို့မှုများနှင့် ဆက်စပ်သည့်မတော်တဆဖြစ်ရပ်များကြောင့် လူပေါင်း ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဟန်ဂေရီသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့က ပြောသည်။

နှင်းမုန်တိုင်းကြောင့် လူပေါင်း ၁၀၀၀၀၀ ကျော်မှာ လျှပ်စစ်မီးပြတ်တောက်မှုနှင့် ရင်ဆိုင်ခဲ့ကြရသည်။ **အေပီ။**

ဖလော်ရီဒါပြည်နယ်တောင်ပိုင်းတွင် လေယာဉ်ငယ်တစ်စင်း ပျက်ကျ လူသုံးဦး သေဆုံး

ဝါရှင်တန် မတ် ၁၇

ဖလော်ရီဒါပြည်နယ်တောင်ပိုင်းရှိ လေဆိပ်အနီးတွင် မတ် ၁၅ ရက် မွန်းလွဲပိုင်းက လေယာဉ်ငယ်တစ်စင်းပျက်ကျရာ ကားရပ်နားစခန်းအနီးထိ ရောက်ရှိသဖြင့် ရပ်နားထားသောကားအချို့ မီးလောင်ကြောင်း၊ လေယာဉ်ပေါ်ပါလူသုံးဦးစလုံး မီးလောင်သေဆုံးကြောင်း ဒေသခံသတင်းများတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ ဖို့တ်လော်ဒါဒဲလ်အိပ်ဇက်တစ်ဗ်လေဆိပ်အနီးမှ ပရိဘောဂသိုလှောင်ရုံများရှိရာဒေသတွင် အဆိုပါအင်ဂျင်နှစ်လုံးတပ်လေယာဉ်ပျက်ကျခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက စီအင်န်အင်န်ဌာနသို့ ပြောကြားသည်။

လေယာဉ်ပျက်ကျမီးလောင်မှုကြောင့် မြေပြင်မှ လူတစ်ယောက်မျှ ထိခိုက်မှုမရှိကြောင်း၊ မီးသတ်သမားများ ရောက်ရှိလာပြီး မီးငြိမ်းသတ်ကြောင်း၊ မီးတောက်များမှာ အဆောက်အအုံတစ်ခု၏ ဘေးဘက်နှင့် ကားများရပ်နားစခန်းအထိ ရောက်ရှိသွားရာ ကားများ မီးလောင်ကျွမ်းသွားကြောင်း ဒေသခံရုပ်မြင်သံကြား ဒဗလျူအက်စ်ဗွီအင်န်က ထုတ်လွှင့်သည်။ **ဆင်ဟွာ။**

ဟန်ဂေရီနိုင်ငံတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းပြီး ကားလမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့ရာ တီ-၇၂ တင့်ကားများဖြင့် ဆီးနှင်းများကို ဖယ်ရှားစဉ်။

Sky Net ရုပ်သံလိုင်းများတွင် မဟာသင်္ကြန်ကာလအတွင်း အထူးစျေးနှုန်းဖြင့် ကြော်ငြာများ လက်ခံနေပြီ ဖြစ်ပါကြောင်း မိတ်ဟောင်းမိတ်သစ် စီးပွားရေးလုပ်ငန်းရှင်ကြီးများကို သတင်းကောင်းပါးအပ်ပါသည်။

တိုက်ရိုက်ဆက်သွယ်ရန်

ဒေါ်ညွန့်ညွန့်ကြည်
Advertising(G.M)
ဦးမျိုးမြင့်မြတ်ဝေ
Marketing Manager

အမှတ် - ၁၃၁/၁၃၃၊ ဗိုလ်တထောင်ဘုရားလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၈၅၇၀၄၀၈၊ ၀၉-၈၆၂၇၀၅၅၊
၀၉-၇၃၀၁၅၂၅၃၊ ၀၉-၇၃၀၁၅၂၅၆၊
၀၁-၉၀၁၀၀၈၂၊ ၀၁-၉၀၁၀၀၈၃

အခွင့်အလမ်း ဂျာနယ်
The Opportunity Journal

အလုပ်လည်းရှာရင်း

ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ စာရင်းကိုင်၊
Air Con ပြင်၊ စက်ချုပ်၊ ယာဉ်မောင်းသင် စသောသင်တန်းများကို
တစ်ဦးလျှင် ကျပ် ငါးသောင်းနှုန်းဖြင့် (၂၀)ဦးအား
အခမဲ့ တက်ရောက်ခွင့်ပေးမည့် အထူးအခွင့်အရေးများဖြင့်...
အင်္ဂါနေ့တိုင်းထွက်ပြီ

အမှတ်(၁၁၆)၊ ပထမထပ်၊ ၄၂လမ်း၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း ၀၉-၇၃၂၅၅၇၄၂၊ ၀၉-၇၃၂၀၁၂၀၈၊ ၀၁-၂၄၅၇၅၄။

ပြည်တွင်းရေးရာ

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဧကူနဝီသတိမ အစည်းအဝေး ဒုတိယနေ့ကျင်းပ

ရန်ကုန် မတ် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဧကူနဝီသတိမ အစည်းအဝေးဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ဆက် လက်ကျင်းပသည်။(ယာပုံ)

အစည်းအဝေးတွင် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ဆောင်ရွက်ချက်များ အနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ ဉာဏာဘိဝံသက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဇာနေယက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစိန္တိလင်္ကာရကလည်းကောင်း ဆွေးနွေးတော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ အကြံပြုတင်ပြလာသောကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး အစီအစဉ်များကို အတည်ပြုချက်ရယူရန် ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆရာတော်များ တင်ပြလာသော အကြံပြုချက်များကို ဆွေးနွေးဆုံးဖြတ်ခြင်း၊ သတ္တမအကြိမ် ပထမ(လေးလပတ်) နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထားအတည်ပြု ပင့်ဆောင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်တော်မူကြသည်။

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရမဇက ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရက သာသနာရေးရာ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသက ပညာရေးရာဆောင်ရွက်ချက်များကိုလည်းကောင်း ပြန်လည်ရှင်းလင်းလျှောက်ထားကြသည်။

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောဒယက ကြွရောက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံမှ အတည်ပြုချက်ရယူတော်မူပြီး အထွေထွေကိစ္စများကို ဆွေးနွေးဆုံးဖြတ်တော်မူကြကာ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဧကူနဝီသတိမ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် တာဝန်ရှိသူများ တက်ရောက် ကြည်ညိုကြသည်။ **(သတင်းစဉ်)**

ဖြူးချောင်းရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁၇

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ တည်ဆောက်နေသော ဖြူးချောင်းရေလှောင်တမံစီမံကိန်းသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်သည် ယမန်နေ့ နံနက်ပိုင်းတွင် သွားရောက်ပြီး ရေလွှဲဥမင်အပြီးပိတ် ရေသိုလှောင်ခြင်းလုပ်ငန်း၊ ရေလွှဲဆည်လုပ်ငန်းခွင်ရှိ အုတ်မြစ်မြေကြီးတူးခြင်းနှင့် ကွန်ကရစ်လောင်းခြင်း၊ လက်ယာတူးမြောင်းမကြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ ကွန်းချောင်းရေလွှဲဆည်စီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကာ ရေလွှဲဆည်တည်ဆောက်ခြင်း၊ ရေလွှဲဆည် ရေထုတ်တံခါး တည်ဆောက်နေမှုနှင့် ချောင်းပိုင်းအတွင်း ကွန်ကရစ်လောင်း နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာစစ်တုရင်အားကစားအဖွဲ့ ဗီယက်နမ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ စစ်တုရင်ပြိုင်ပွဲတွင် မြန်မာ့ရိုးရာ စစ်တုရင်ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိရာ မတ် ၁၈ ရက်မှ ၂၅ ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဟိုချီမင်းမြို့၌ ကျင်းပမည့် မြန်မာ့ရိုးရာစစ်တုရင်ဆွေးနွေးပွဲနှင့် အပြည်ပြည်ဆိုင်ရာ စစ်တုရင်အလွတ်တန်းပြိုင်ပွဲတွင် ပါဝင်ရန် အဖွဲ့ဝင်လေးဦး ပါဝင်သော မြန်မာစစ်တုရင်အားကစားအဖွဲ့သည် မတ် ၁၇ ရက်က လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားသည်။ မြန်မာစစ်တုရင်အားကစားအဖွဲ့တွင် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ အမှုဆောင် ဦးတိုးနှင့် အားကစားသမား မျိုးနိုင်တို့ လိုက်ပါသွားကြောင်း သိရသည်။**(အောက်ပုံ)** **(မောင်မောင်)**



MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၁၈-၃-၂၀၁၃ (တနင်္လာနေ့)

၅း၄၀	"သံသရာလည်ပုံထွက်ပုံ" တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
၃း၄၀	ဂီတသရုပ်ပြခန်း (လိမ္မော်သီး)
၅း၁၀	Minute to Win It
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ (မင်းမရှိလို့မဖြစ်) (အပိုင်း - ၈)
၈း၁၅	For Tunes Lyrics Contest
၈း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ (လေညင်းလေးရဲ့ ပျော်ရွှင်မှု) (အပိုင်း - ၅၂)
၉း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ (ချစ်ခြင်းမှပေးစွမ်းသော) (အပိုင်း - ၄)

Spain Laliga ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၀၀	Osasuna - Atletico Madrid	(Star Sports)

* ပွဲစဉ်အပြောင်းအလဲ ရှိနိုင်ပါသည်။

ဝေဖန်ပါ၊ ပြီးတော့ အကြံပြုပါ

ဝေ လင်း နိုင်

မကြာသေးမီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို ပြည်သူတွေသိရှိလေ့လာအကြံပြုနိုင်ဖို့ အတွက် သတင်းစာတွေမှာ ဖော်ပြလိုက်တာတွေ့ရပါ တယ်။ အဲဒီလိုဖော်ပြပြီး ချက်ချင်းဆိုသလို Online တွေ ပေါ်မှာ အဲဒီဥပဒေကြမ်းနဲ့ ပတ်သက်လို့ ဝေဖန်ရေးသား လာကြတာကို တွေ့ရပါတယ်။

"ဝေဖန်"တယ်ဆိုတဲ့နေရာမှာ အကောင်းဘက်ကို ဝေဖန်တာရှိသလို အဆိုးဘက်ကိုဝေဖန်ကြတာကိုလည်း တွေ့ရပါတယ်။ ဒီနေရာမှာ ပြောလိုတာကတော့ "ဝေဖန်"တာနဲ့ "အကြံပြု"တာမတူဘူးဆိုတဲ့ အချက်ပါပဲ။ "ဝေဖန် အကြံပြု"တယ်လို့ အချို့ကတွဲသုံးကြပေမယ့် အကျိုးသက်ရောက်ပုံချင်းမတူကြပါဘူး။ "ဝေဖန်" တယ်ဆိုတာက "ကောင်းတယ်၊ မကောင်းဘူး"သင့်တယ်၊ မသင့်ဘူး"ဆိုပြီး မိမိသဘောအမြင်ကို ထုတ်ဖော်တာ ဖြစ်ပါတယ်။"အကြံပြု"တယ်ဆိုတာက "မကောင်းရင် ကောင်းအောင် ဘယ်လိုလုပ်သင့်တယ်" "မသင့်ရင် ဘယ်လိုတော့ဖြစ်သင့်တယ်"လို့ အကျိုးကို မျှော်ကိုးပြီး ထုတ်ဖော်ဖွင့်ဟတာပဲ ဖြစ်ပါတယ်။

အခု Online ပေါ်မှာ ဖတ်လိုက်ရတဲ့ "ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်း"နဲ့ ပတ်သက်တဲ့ ရေးသားချက်အများစုဟာ ဝေဖန်ချက်တွေသာဖြစ်ပြီး အကြံပြုချက်တွေမဟုတ်ကြပါဘူး။ တကယ်တော့ အဲဒီ ဥပဒေကြမ်းနဲ့ပတ်သက်လို့ ဘာတွေပြင်သင့်တယ်၊ ဘာတွေဖြုတ်သင့်တယ်၊ ဘာတွေဖြည့်သင့်တယ်ဆိုတာကို တရားဝင်အကြံပြုနိုင်ဖို့ သက်ဆိုင်ရာက ပြည်သူတွေထံ တရားဝင်ချပြတာပဲ ဖြစ်ပါတယ်။ ဒီဥပဒေမှာ ပြည်သူတွေ ပါ ပါဝင်ဖြည့်စွက် ရေးသားနိုင်ဖို့ အကြမ်းအဖြစ် ဦးစွာ တည်ပြီး ချပြလိုက်ခြင်းသာ ဖြစ်ပါတယ်။

ဒါပေမယ့် အဲဒီဥပဒေကြမ်းနဲ့ ပတ်သက်ပြီး "ဝေဖန်ခြင်း"၊ "အကြံပြုခြင်း" မပြုမီ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကို အသေးစိတ် ပြန်လေ့လာကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ ယခုချပြတဲ့ ဥပဒေကြမ်းဟာ ၁၉၆၂ ခုနှစ်က ဥပဒေနဲ့ များစွာကွာခြား တယ်၊ အားသာချက်တွေ များစွာရှိတယ်ဆိုတာကို လေ့လာသူများ အထင်အရှား တွေ့ရမှာဖြစ်ပါတယ်။

စာရေးသူကိုယ်တိုင် စာပေရေးသားသူ၊ ထုတ်ဝေသူ တစ်ဦးဖြစ်တာမို့ ယခင်က ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ စာပေရေးသား ထုတ်ဝေရတဲ့ အခက်အခဲ၊ အားနည်းချက်တချို့ကို တင်ပြလိုပါတယ်။ စာရေးဆရာတစ်ယောက်ဟာ မိမိ ရေးသားထုတ်ဝေမယ့် စာတစ်အုပ်ဖြစ်ဖို့ဆိုတာ အချိန်၊ ငွေကုန်ကျမှုတွေရှိတဲ့အပြင် ကာလအတိုင်းအတာ သတ်မှတ်ချက်အတွင်း ထုတ်ဝေရမယ့်စာအုပ်တွေလည်း ရှိပါတယ်။ ဥပမာအားဖြင့် ကမ္ဘာ့ထူးခြားဖြစ်စဉ်တစ်ရပ် အကြောင်းကို စာအုပ်ရေးမယ်ဆိုရင် အဆိုပါဖြစ်စဉ် ဖြစ်ပွားနေစဉ်ကာလ၊ ဒါမှမဟုတ် ဖြစ်စဉ်ပြီးနောက် မရှေးမနှောင်းမှာပဲ စာအုပ်ထွက်လာရင် စာရေးသူ အတွက်ရော၊ စာဖတ်သူတွေအတွက်ပါ အကျိုးရှိမှာ အမှန်ပါပဲ။

ဒါပေမယ့် အဲဒီကာလကတော့ စာတစ်အုပ်ရေးပြီးရင် စာမူကြမ်းကို ကော်ပီပွားပြီး စာပေစိစစ်ကိုတင်ရပါတယ်။ အဲဒီမှာ တစ်လ၊ နှစ်လ အနည်းဆုံးကြာတတ်ပြီး တစ်ခါ တစ်ရံ ဘာသာရပ်ဆိုင်ရာဌာနတွေကို ပေးပို့စိစစ်ရတဲ့ အခါ ဒီထက်ပိုကြာတတ်ပါတယ်။ ဒီတော့ ရေးသားတဲ့ အကြောင်းအရာ ဖြစ်စဉ်ဟာ နှောင်းသွားပြီမို့ စာတန်ဖိုး ဟာ ကျသွားရတာပါပဲ။

ဟော-ခုတော့ ဒီလိုမဟုတ်ဘူး။ စာပေစိစစ်ဆိုတာ လည်း မရှိတော့ဘူး။ စာမူလည်းတင်ဖို့ မလိုတော့ဘူး။ ကိုယ့်စာမူ ကိုယ်စိစစ်၊ ကိုယ့်စာအုပ်ကိုယ်တာဝန်ယူ။ ဒီမိုကရေစီခေတ်မှာ တာဝန်ခံမှု၊ တာဝန်ယူမှုတွေနဲ့အတူ မိမိစာအုပ်ကို မိမိလွတ်လပ်စွာ ထုတ်ဝေခွင့်ရလိုက်တာ ဘယ်လောက်ကောင်းလိုက်သလဲ။ ယခုဆိုရင် စာရေး ဆရာတွေ စာတစ်အုပ်ရေးမယ်ဆိုရင် ရေးပြီးတဲ့ စာမျက်နှာ တစ်မျက်နှာတိုင်း ကွန်ပျူတာစာစီပြီး၊ ပြီးတာနဲ့ ပုံနှိပ်နဲ့ ပုံနှိပ်နိုင်တဲ့အနေအထားမှာ ရှိနေပါပြီ။

သို့ပေမယ့် အဲဒီစာမူ၊ စာအုပ်တွေဟာ ယခု ဥပဒေ ကြမ်းရဲ့ အခန်း(၃)မှာ ပါဝင်တဲ့ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်း အတွက် လိုက်နာရန် စည်းကမ်းဆိုတဲ့ စည်းကမ်းချက်တွေ နဲ့ ကိုက်ညီဖို့တော့လိုပါတယ်။ မိမိကိုယ်တိုင် တာဝန်ယူမှု ဆိုတာ အဲဒါပါပဲ။ ဘာပဲလုပ်လုပ် လုပ်ရပ်တိုင်းအတွက် စည်းကမ်းသတ်မှတ်ချက်ဆိုတာ ရှိသင့်တယ်မဟုတ်လား။

ဟော-ခုတော့လည်း ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်းကို မထုတ်ပြန်မီ ပြည်သူတွေအကြံပြု နိုင်ဖို့၊ ပြုပြင်နိုင်ဖို့၊ ဖြည့်စွက်နိုင်ဖို့ ချပြခဲ့ပြီ။ အဲဒီဥပဒေ ကြမ်းရဲ့ အခန်း(၈)အပိုဒ်(၂၈)မှာ ၁၉၆၂ ခုနှစ် ပုံနှိပ်သူ များနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကို ရုပ်သိမ်း လိုက်သည်လို့ ပါရှိတာတွေ့ရမှာ ဖြစ်ပါတယ်။ ဘယ်လောက် ကောင်းလိုက်သလဲ၊ ဒါပေမယ့် ဘယ်လောက် ကောင်းကောင်း ထပ်တိုးလိုချင်နေကြတဲ့ သူအချို့လည်းရှိနေကြတာ မမှတာပါပဲ။

ဥပဒေကြမ်းကို ပြန်လေ့လာကြည့်ရင် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုခြင်း ပုဒ်မ (၃)(၄)(၅) (၆) တွေပါတဲ့ အခန်း(၂)ဟာ ပုံနှိပ်ရေးနဲ့ ထုတ်ဝေရေး လုပ်ငန်းလုပ်လိုသူတွေအတွက် မှတ်ပုံတင်ထားရှိရမယ့် ကိစ္စ တွေကို ဖော်ပြထားတာတွေ့ရပါတယ်။ မည်သည့်စီးပွားရေး လုပ်ငန်းပဲလုပ်လုပ်၊ မည်သည့် ကုမ္ပဏီ၊ လုပ်ငန်းအဖွဲ့ အစည်းပဲဖြစ်ဖြစ် မိမိလုပ်ငန်းနဲ့ ပတ်သက်တဲ့ မှတ်ပုံတင် ခြင်းကို လုပ်ရပါတယ်။ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းအတွက် လည်း မှတ်ပုံတင်ရတာ သဘာဝကျပါတယ်။

အခန်း(၃)ပုဒ်မ(၇)မှာ လိုက်နာရမယ့် စည်းကမ်းတွေ ကို သတ်မှတ်ပေးထားပါတယ်။ ဒီသတ်မှတ်ချက်တွေဟာ ခေတ်စနစ်နဲ့ လိုက်လျောညီထွေရှိပြီး တိုင်းပြည်အေးချမ်း သာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကိုလည်း များစွာ အထောက်အကူပြုမှာဖြစ်ပါတယ်။

အခန်း(၄)မှာတော့ ပုဒ်မ(၇)ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ် နဲ့ အကျုံးဝင်တဲ့ထုတ်ဝေစာကို စိစစ်တွေ့ရှိမယ်ဆိုရင် တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာနိုင်တယ်လို့ဖော်ပြ ထားပါတယ်။ ဖြစ်သင့်တဲ့ ကိစ္စပါပဲ။

အခန်း(၅)မှာတော့ ထုတ်ဝေစာတွေကို ပြည်တွင်းသို့ တင်သွင်းခြင်းနဲ့ ပြည်ပသို့တင်ပို့ခြင်းဆိုင်ရာ ပုဒ်မ (၉)(၁၀) (၁၁)(၁၂)(၁၃)(၁၄)နဲ့ (၁၅)တွေကို ဖော်ပြထားတာတွေ့ရ ပါတယ်။ ယနေ့ခေတ်ဟာ အိုင်တီခေတ်ဖြစ်တာနဲ့အညီ ထုတ်ဝေစာတွေဟာလဲ နည်းအမျိုးမျိုးနဲ့ပြည်ပကို ထွက် သွားတာရှိသလို၊ ပြည်တွင်းကို ဝင်ရောက်လာတာလည်း ရှိပါတယ်။ အဲဒီထုတ်ဝေစာတွေကို အခန်း(၂)၊ အခန်း(၃)၊ အခန်း(၄)က သတ်မှတ်ချက်တွေနဲ့ ထိန်းချုပ်ကာကွယ်ထား တာကို တွေ့ရှိရပြီး ဒါတွေဟာ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ မြန်မာ့ယဉ်ကျေးမှုအငွေ့ရှည် တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေးတွေအတွက် များစွာအကျိုးသက်ရောက်မှုရှိမှာ ဖြစ်ပါတယ်။

အခန်း(၆)တားမြစ်ချက်များ အခန်းနဲ့ အခန်း(၇) ပြစ်မှုနဲ့ ပြစ်ဒဏ်များအခန်းဟာလဲ အခန်း(၂)(၃)(၄)(၅) ဆိုင်ရာ သတ်မှတ်ချက်တွေကို ဖောက်ဖျက်ခြင်းမပြုနိုင် အောင် ကာကွယ်ခြင်းသဘောသက်ရောက်တဲ့ တားမြစ် ချက်၊ ပြစ်ဒဏ်များဖြစ်တယ်ဆိုတာကို ၁၉၆၂ ခုနှစ် ပုံနှိပ် သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေနဲ့ နှိုင်းထိုး ချင့်ချိန်လေ့လာကြည့်ရင် ကွက်ကွက်ကွင်းကွင်း တွေ့နိုင်မှာ ဖြစ်ပါတယ်။

ဒါပေမယ့်မျက်မှန်စိမ်းတပ်ပြီး ကြည့်တတ်သူတွေက တော့ အကောင်းကိုအဆိုး၊အမှန်ကိုအမှားရယ်လို့ ရှုကြည့် နေကြဦးမှာပါပဲ။ ဒီလို မျက်မှန်စိမ်းတပ်ပြီး ကြည့်တတ်သူ တွေဘေးမှာ ရဲရဲကြည့်၊ ရဲရဲတွေး၊ ရဲရဲဆုံးဖြတ်ပြီး အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း မြင်တတ်၊ တွေးတတ်၊ ဝေဖန်တတ်ကြသူတွေလဲရှိနေကြတာပါပဲ။

အဲဒီဥပဒေကြမ်းနဲ့ ပတ်သက်လို့ Online ပေါ်တင်ပြီး အမျိုးမျိုးဝေဖန်ရေးသားကြသူတွေကြားမှာ အပြုသဘော ဆောင်ပြီး အကောင်းမြင်ဝါဒနဲ့ ကြည့်တတ်သူတွေကို တွေ့ရပါတယ်။ Online ပေါ်မှာတင်ထားတဲ့ သရဖီဆိုသူရဲ့ ရေးသားချက်မှာ-

"၂၇-၂-၂၀၁၃"နေ့က အများပြည်သူသိရှိလေ့လာ နိုင်ရန် ထုတ်ပြန်လိုက်တဲ့ "ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်း" သည် ပုံနှိပ်၊ ထုတ်ဝေလုပ်ငန်းများ လုပ်ကိုင်မည့် လုပ်ငန်းရှင်များ ခေတ်စနစ်နှင့်လျော်ညီ အောင် လုပ်ကိုင်ဆောင်ရွက်နိုင်စေဖို့ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေ ကြမ်းပါ။ ဒီဥပဒေအရ ၁၉၆၂ ဥပဒေကို ဖျက်သိမ်း လိုက်ပြီး အခြားမီဒီယာကိစ္စဆောင်ရန်၊ ရှောင်ရန်များ အတွက်ကိုတော့ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)က ရေးဆွဲနေတဲ့စာနယ်ဇင်းဥပဒေ (Media Law)မှာ ပါဝင်ပါလိမ့်မယ်။ ပုံနှိပ်၊ ထုတ်ဝေလုပ်ငန်းရှင် များလုပ်ငန်းဆောင်ရွက်ရာမှာ ယခင်ထက် ပိုမိုလျင်မြန် ချောမွေ့ပြီး ကြိုးနီစနစ်များမပါဝင်တော့တာကို တွေ့ရတဲ့ အတွက် ထပ်ပြီးလေ့လာကြပါဦးလို့ အကြံပြုချင်ပါတယ်။ ဒီဥပဒေဟာ အများကဝေဖန်နေသလို ၁၉၆၂ ဥပဒေကို အစားထိုးထုတ်ပြန်ထားတာ မဟုတ်ဘူးဆိုတာကို သေချာ လေ့လာကြည့်ရင် ကွဲပြားခြားနားမှုရှိတာကို ထင်ထင် ရှားရှားတွေ့နိုင်မှာပါ။ ဒီဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ နဲ့တည်ဆဲဥပဒေများကို ဆန့်ကျင်ရေးဆွဲထားခြင်း မဟုတ် ဘူးဆိုတာကို သေချာသုံးသပ်ကြည့်ရင် သိနိုင်ပါတယ်" လို့ ဖော်ပြထားတာတွေ့ရမှာဖြစ်ပါတယ်။

အလားတူ Kay Lovely Thazin ဆိုသူကလည်း "တန်ဖိုးထားလိုက်နာနိုင်စေ စည်းမျဉ်းဥပဒေ (Discipline is the best policy) စာသားလေးအားကြားဖူးကြပေလိမ့် မည်။ လူတစ်ဦးချင်းစီအတွက် မိမိ၏စည်းကမ်းလိုက်နာမှုနဲ့ အရည်အချင်းသည် အလွန်ပင်အရေးကြီးပါသည်။ စည်းမျဉ်း၊ စည်းကမ်းဥပဒေများသည် မိမိတို့ဘဝ တိုးတက် စေရေးအတွက် အရေးပါသကဲ့သို့ နိုင်ငံတစ်နိုင်ငံအတွက် လည်း အဓိက ကျနေပါသည်။ လတ်တလောအခြေ အနေများအရ ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ပြန် လိုက်သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း နှင့်ပတ်သက်၍ ဝေဖန်မှုများကိုတွေ့နေရပါသည်။ အထူး သဖြင့် စည်းမျဉ်းကန့်သတ်ချက်များအပေါ် ဝေဖန်မှုများ တွေ့ရှိနေရပါသည်။ ထိုဥပဒေတွင် ပါဝင်သော ကန့်သတ် ချက်များသည် လူတစ်ဦးတစ်ယောက်အတွက်ဖြစ်စေ၊ အများအတွက်ဖြစ်စေ တင်းကျပ်ကောင်းတင်းကျပ်နိုင်ဖွယ် ရှိပါသည်။ စည်းမျဉ်းကန့်သတ်ချက်များသည် နေရာတိုင်း တွင် ရှိနိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံလုံးအနေဖြင့် ခြုံငုံ ကြည့်ပါလျှင် နိုင်ငံတိုးတက်ရေးအတွက်အရေးပါသည့် မီဒီယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသည်လည်း စည်းကမ်း တကျဖြင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်စေရန် လိုအပ် ပါသည်။ စည်းမျဉ်းဥပဒေများလိုက်နာနိုင်ရန် ဥပဒေနှင့် ပြစ်ဒဏ်များထားရှိရပါမည်။ နိုင်ငံတကာတွင်လည်း ရှိပါ သည်" ဟူ၍ ဖော်ပြထားပါတယ်။

ဒါပေမယ့် မြန်မာနိုင်ငံသတင်းစာဆရာအသင်းက Online ပေါ်မှာ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေကြမ်း အပေါ် ကန့်ကွက်ကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ထားတာကို ဖတ်လိုက်ရပါတယ်။

ဒါနဲ့ပတ်သက်လို့ စာရေးသူအနေနဲ့ ဝေဖန်ခြင်း၊ ရေးသားခြင်းမပြုလိုပေမယ့် အဲဒီ Online ပေါ်မှာပဲ Blue Cloud ဆိုသူက မြန်မာနိုင်ငံသတင်းစာဆရာ အသင်းရဲ့ ကြေညာချက်အပေါ် ပြန်လည်ရေးသားထားတာကို ခုလိုပဲ တွေ့ရပြန်ပါတယ်။

"မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ (၁/၂၀၁၃) ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းအား ကန့်ကွက်ကြောင်းကြေညာချက်တစ်စောင်ထုတ်ပြန်လာပါ တယ်။ မိမိအနေဖြင့် ယင်းကြေညာချက်ကို ဖတ်ပြီးနောက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းအချက် အချို့အား မိမိဦးနှောက်နှင့်ဉာဏ်မီသလောက် ပြန်လည် ရေးသားလိုက်ပါတယ်။ ဥပဒေ၏အခန်း (၁) အဓိပ္ပာယ် ဖွင့်ဆိုချက်များသည် ဥပဒေ၏အတွင်း နောက်ပိုင်းအခန်း များတွင် ပါဝင်သောဝေါဟာရများအား အဓိပ္ပာယ်ရှင်းလင်း အောင် ဖွင့်ဆိုပေးခြင်းဖြစ်ပါတယ်။ ယခုဥပဒေတွင် မူဝါဒ နှင့် မှတ်ပုံတင်ဌာနခွဲဟူသာ ဝေါဟာရမပါရှိသဖြင့် ဖွင့်ဆို ရန် လိုအပ်မည်မဟုတ်ပါ။ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ သည် မူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့်မူပိုင်ခွင့် ဆိုင်ရာကိစ္စများ၊ ပုံနှိပ်လုပ်ငန်း၊ ထုတ်ဝေလုပ်ငန်းမှတ်ပုံ တင်ခြင်းဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်မှာဖြစ်ပါတယ်။ စာပေစိစစ်ရေးဆိုသော လုပ်ငန်းနှင့် များစွာကွဲလွဲပါတယ်။ မည်သည့်စာပေအမျိုးအစားကိုမှ စိစစ်ခြင်းမရှိတော့ ကြောင်းကို မီဒီယာလောကသားအားလုံးသိပြီးဖြစ်ပါတယ်။ ဥပဒေပါအခန်း(၂)သည် မှတ်ပုံတင်ဌာနတစ်ခုဖြစ်သည့် အတွက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများအား အသိအမှတ်ပြုပေးနိုင်ရန် လျှောက်ထားခြင်းနှင့် အသိ အမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းအခန်းဖြစ်ပါတယ်။ အခန်း(၄)တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာခြင်းသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် လိုက်နာရန် စည်းကမ်းချက်ကို မလိုက်နာပါက တရားမဝင်ထုတ်ဝေစာ အဖြစ် ကြေညာမှာဖြစ်ပါတယ်။ ယင်းလိုက်နာရန်စည်းကမ်း ချက်များသည် နိုင်ငံအတွက် အဓိကလိုက်နာရန် လိုအပ် သော အကြောင်းအရာကို ထုတ်ဝေစာအဖြစ်ထုတ်ဝေခြင်း၊ ပုံနှိပ်ခြင်းမပြုရန် သတ်မှတ်ထားသည့်စည်းကမ်းအချက် ငါးချက်သာဖြစ်ပါတယ်။ မည်သည့်ပုံနှိပ်သူ၊ ထုတ်ဝေသူ မဆို လိုက်နာသင့်သော၊ လိုက်နာနိုင်သော အချက်များ ဖြစ်ပါတယ်။ သို့ဖြစ်၍ "မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ" သည် ယခင် စာပေစိစစ်ရေးနှင့် များစွာခြားနားမှုမရှိခြင်းကို တွေ့ရသည်။" အချက်သည် မြန်မာနိုင်ငံသတင်းစာဆရာ အသင်း၏ အယူအဆလွဲမှုသာဖြစ်ပါတယ်။ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၏ အချက်(၄)နှင့်အချက် (၅)အရ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီသည် သတင်းသမား၊ စာနယ်ဇင်းသမားများတစ်ဦးချင်းစီအတွက် ရရှိရမည့် ရပိုင်ခွင့်များ၊ လိုက်နာရမည့်တာဝန်များအတွက် မီဒီယာ ဥပဒေကြမ်းအား ရေးဆွဲလျက်ရှိပါတယ်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းသည် စာနယ်ဇင်း ကောင်စီ၏ လုပ်ပိုင်ခွင့်ကို မည်သို့မည်ပုံမျှ ထိပါးခြင်းမရှိပါ။ မည်သည့် သတင်းသမား၊ စာနယ်ဇင်းသမားအပေါ်ကိုမျှ သက်ရောက်ခြင်းမရှိဘဲ ထုတ်ဝေစာများ၊ ပုံနှိပ်လုပ်ငန်း၊ ထုတ်ဝေ လုပ်ငန်းဥပဒေနှင့်အညီ ဖြစ်စေရန် ရည်ရွယ် ရေးဆွဲထားသော ဥပဒေကြမ်းဖြစ်ကြောင်း ကွဲပြားဖို့ လိုအပ်ပါတယ်။ သတင်းအေဂျင်စီသည် နိုင်ငံအတွင်း သတင်းအေဂျင်စီဖွင့်လှစ်လိုသော ပြည်တွင်းပြည်ပ မည်သည့်အဖွဲ့အစည်းကိုမဆို ယင်းတို့၏ အေဂျင်စီ လုပ်ငန်း မှတ်ပုံတင်ခြင်းအတွက် ထည့်သွင်းထားခြင်းသာ ဖြစ်ပါတယ်။ သို့ဖြစ်၍ ယခုဥပဒေကြမ်းသည် ထုတ်ဝေ စာများအား ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းလုပ်ဆောင် ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်စေရန် ပြဋ္ဌာန်း ခြင်းဖြစ်ပါတယ်။ မိမိတစ်ဦးတည်းအမြင်အရ လွတ်လပ် စွာ ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ခွင့်သည် ယနေ့ခေတ်တွင် အထူးရှင်သန်တိုးတက်စေသင့် ပါတယ်။ ဒါပေမယ့် ယင်းရှင်သန်တိုးတက်မှုကို အထိန်း အကွပ်မဲ့စွာ ရှင်သန်သွားသင့်သလားလို့ မေးလိုပါတယ်။ မိမိတို့နိုင်ငံ၏ ဒီမိုကရေစီသက်တမ်းနုနုအချိန်မှာ လျှောက်လှမ်းသွားသင့်သော အကောင်းဆုံးနည်းလမ်း သည် မည်သည့်အရာကိုမဆို စည်းမျဉ်းတစ်ခုဖြင့် ထိန်းညှိလိုက်နာပြီး လျှောက်လှမ်းသင့်ပါတယ်။ သို့ဖြစ်၍ ယခုဥပဒေကြမ်းကိုလည်း ပုံနှိပ်လုပ်ငန်း၊ ထုတ်ဝေလုပ်ငန်းများ လုပ်ငန်းလုပ်ကိုင်ရန်အတွက် ဥပဒေနှင့်အညီဖြစ်စေဖို့ ရေးဆွဲထားသော ရိုးရှင်းသော စည်းမျဉ်းတစ်ခုအဖြစ် သဘောထားပေးစေလိုကြောင်း အကြံပြုလိုပါတယ်။

ဒေါ်တိမ်ပြာရဲ့ အမြင်အပေါ် ခင်ဝေဝေနဲ့ ယမင်း လှိုင်ဆိုသူကလည်း"အခုအပြင်မှာက ဘာမှရေရေရာရာ မသိဘဲ သူများအော်တိုင်း လိုက်အော်နေတဲ့သူတွေက များနေတယ်။ တကယ်တော့ ၁၉၃၁ ခုနှစ်က ပြဋ္ဌာန်း ထားတဲ့ ပုံနှိပ်တိုက်(အရေးပေါ်အာဏာများ)အက်ဥပဒေ မှာ ပုံနှိပ်သူထုတ်ဝေသူတွေအတွက် ဘယ်လိုတားမြစ်ချက် တွေရှိလဲ၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေမှာက ပုံနှိပ်သူတွေ၊ ထုတ်ဝေသူတွေ အတွက် ဘယ်လိုစည်းမျဉ်း စည်းကမ်းတွေပါလဲ၊ အခု ထွက်ပေါ်လာတဲ့ ပုံနှိပ်ခြင်း နှင့် ထုတ်ဝေခြင်းဥပဒေမူကြမ်း မှာပါတဲ့ ဘယ်လိုစည်းမျဉ်းစည်းကမ်းတွေက ပုံနှိပ်သူ တွေ၊ ထုတ်ဝေသူတွေ အတွက် လုပ်သာကိုင်သာရှိ အောင် စည်းမျဉ်း၊ ပြစ်ဒဏ်တွေဘယ်လို လျှော့ပေါ့ပေး ထားသလဲဆိုတာကို ဂယနဏမသိဘဲ အစိုးရ ဘာလုပ်လုပ် မကောင်းဘူးလို့ မြင်နေတဲ့သူကများနေတယ်။ ဒ့ါအပြင် ၁၉၃၁ ခုနှစ် ဥပဒေနဲ့ ၁၉၆၂ ခုနှစ် ဥပဒေတွေလို တင်းကျပ်တဲ့ဥပဒေ (၂)ခုကို ရုပ်သိမ်းမယ့်အရေးကို ကြိုဆိုရမယ့်အစား လေ့လာအကြံပြုဖို့ ဖော်ပြပေးတဲ့ ဥပဒေကြမ်းအပေါ်မှာ နားလည်မှုလွဲနေတာတွေ မြင်နေ ကြားနေရတာက တကယ်စိတ်မကောင်းစရာပဲ ဒေါ်တိမ်ပြာရေ"လို့ ပြန်လည်ထောက်ခံဝေဖန်ထားတာကို ဖတ်လိုက်ရပါတယ်။

ဒ့ါအပြင် စာပလွေလေးဆိုသူက "သတင်းစာထဲမှာ လူကြီးမင်းတို့ထင်မြင်ချက်ကို အကြံပြုနိုင်ပါသည်လို့ ပါထားတာပဲ၊ အပြင်မှာ လျှောက်ပြောနေမယ့်အစား ကန့်ကွက်စာတွေထုတ်နေမယ့်အစား လူကြီးမင်းတို့ အကြံဉာဏ်တွေကို တကယ်အတည်ဖြစ်မယ့် ဥပဒေထဲပါ အောင် ကြိုးစားသင့်တယ်"လို့ ဖော်ပြထားပါတယ်။

မေမေထွန်းဆိုသူကလည်း "တစ်ခုဆိုရင် ကန့်ကွက် လိုက်မယ်၊ ဆန္ဒပြလိုက်မယ်ဆိုတာ ဖက်ရှင်လိုဖြစ်နေတယ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေမူကြမ်းဟာ ပုံနှိပ် ထုတ်ဝေလုပ်ငန်းရှင်များအတွက် ယခင် ၁၉၃၁ နှင့် ၁၉၆၂ ခုနှစ် ဥပဒေထက် အများကြီးသာလွန်ကောင်းမွန်ပြီး ခေတ်နဲ့လျော်ညီတဲ့ ဥပဒေသစ် ဖြစ်ပါတယ်။ ပုံနှိပ် ထုတ်ဝေလုပ်ငန်းဆိုင်ရာ ဥပဒေမူကြမ်းကို သတင်း မီဒီယာဥပဒေနှင့် ရောထွေးပြီး ကန့်ကွက်တာမျိုးမဖြစ် သင့်ပါ"လို့ ရေးသားထားတာ တွေ့ရပါတယ်။

ဒါတွေဟာ Online ပေါ်တင်ထားတဲ့ ပုဂ္ဂိုလ်အချို့ရဲ့ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေမူကြမ်းနဲ့ ပတ်သက်ပြီး ဝေဖန်ရေးသားချက်တွေပဲဖြစ်ပါတယ်။

မည်သည့်အကြောင်းအရာကိုမဆို လူပုဂ္ဂိုလ်တိုင်းက ဝေဖန်ရေးသား၊ ပြောဆိုနိုင်ကြပေမယ့် အဲဒီအကြောင်း အရာနဲ့ ပတ်သက်တာတွေကိုတော့ ကျေညက်အောင် အရင်ဦးဆုံး လေ့လာကြစေချင်ပါတယ်။ ပြောချင်တာက တော့ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနဲ့ ပတ်သက်လို့ ဝေဖန်မယ်၊ အကြံပြုမယ်ဆိုရင်တော့ ၁၉၃၁ ခုနှစ် ဥပဒေနဲ့ ၁၉၆၂ ခုနှစ် ဥပဒေတွေကိုလည်း ဦးစွာလေ့လာကြဖို့ပါပဲ။

အဲဒီလို လေ့လာပြီးပြီဆိုရင်တော့ ဝေဖန်ပါ၊ ပြီးတော့ အကြံပြုပါ။ အခုဟာ ဥပဒေကြမ်းပဲရှိပါသေး တယ်။ ပိုမိုကောင်းမွန်တဲ့ ဥပဒေတစ်ရပ်ထွက်ပေါ်လာ အောင် အားလုံးပါဝင်အကြံပြုနိုင်ပါတယ်။ အဲဒီလို အကြံပြုနိုင်အောင်လည်း သတင်းစာတွေမှာ ဖော်ပြခဲ့တဲ့ ဥပဒေကြမ်းရဲ့ အောက်နားမှာ "ပြည်သူအများသိရှိ လေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါတယ်" လို့ အထင်အရှား ရေးသားထားတာ တွေ့ရမှာဖြစ်ပါ တယ်။ ။

ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ဦးဖွင့်ပွဲ၊ ကမ္ပည်းကျောက်စာတိုင်ဖွင့်ပွဲ၊ အနောက်ဘက်မုခ် စက်လှေကားဖွင့်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

ရန်ကုန် မတ် ၁၇

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ်အဖြစ်တည်ဆောက်သည့် အနောက်ဘက်မုခ်ဦးနှင့် အသစ်လဲလှယ်တပ်ဆင်ထားသော အနောက်ဘက်မုခ် စက်လှေကားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ဦးဆောင်ရှေ့၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရွှေတိဂုံစေတီတော်ဂေါပက အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတီတော်ဝတ်အသင်းများမှ အသင်းသား အသင်းသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဆောက်လုပ်ခဲ့သော အနောက်ဘက် မုခ်ဦးကို ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် စေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဒေါက်တာတင်သိန်းလွင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ သင်္ကရိုက်လေးဘာသာဖြင့် ရေးထိုးထားသော အနောက်ဘက်မုခ်ဦး ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ပြည်ထောင်စုဝန်ကြီးသည် ရွှေတိဂုံစေတီတော် အနောက်ဘက်စောင်းတန်းရှိ အသစ်လဲလှယ်တပ်ဆင်ထားသော စက်လှေကားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

ဆက်လက်၍ ရွှေတိဂုံစေတီတော် (၂၆၀၁)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကို စေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များက မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ရောင် မြတ်တန်ဆောင်ကို လေးမြတ်ကော်ရော် ပူဇော်သောအားဖြင့် ဆီမီးထွန်းညှိ ပူဇော်ပေးကြပြီး ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို ဖွင့်လှစ်ပေးကြသည်။

ရွှေတိဂုံစေတီတော် (၂၆၀၁)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ယနေ့မှစ၍ တပေါင်းလပြည့်နေ့(မတ်၂၆)အထိ ၁၀ ရက် တိုင်တိုင် ဘာသာရေးထုံးတမ်းစဉ်လာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

တောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့၊ မင်းဘူးမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သောအဖွဲ့နှင့် ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတွေ့ဆုံ

ရန်ကုန် မတ် ၁၇

ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး၊ ပြည်ပကုန်သွယ်ရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Didier Reynders ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးမြဟန်၊ ဦးထွန်းအောင်တို့နှင့် ယမန်နေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ အသင်းချုပ်ရုံး၌ တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

❖ **ကျောဖုံးမှ**

နိုင်ငံတော်၏ လိုအပ်ချက်ဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြသည်ကို ကြိုဆိုရမည်ဖြစ်သော်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများအား ထိရောက်အကျိုးရှိသော ဝန်ဆောင်မှုများ အပြည့်အဝရရှိရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာမှ လက်ခံသော ကုထုံး၊ အဆင့်မီ၍ ကျွမ်းကျင်ပြီး ဆရာဝန်ကျင့်ဝတ်နှင့် ညီညွတ်လိုက်နာသော ဆရာဝန်များဖြစ်ရန် လိုအပ်သလို မလိုလားအပ်သောဖြစ်ပွားမှုများနှင့် အခြေအနေများမှ ရှောင်လွှဲရန် လိုအပ်ကြောင်း မြန်မာနိုင်ငံဆေးကောင်စီ၏ အဆိုအရ သိရသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း မိမိတို့နိုင်ငံအတွင်း လာရောက်ပြီး လူနာများကို ဆွေးနွေးတိုင်ပင်ခြင်း၊ ဆေးကုသခြင်း၊ ပညာပေးလုပ်ငန်းများ ပြုလုပ်ကြသော နိုင်ငံခြားသားဆရာဝန်များ၏ ဘွဲ့၊ ဒီဂရီနှင့်ကျွမ်းကျင်မှုတို့ကို သက်ဆိုင်ရာနိုင်ငံများရှိ ဆေးကောင်စီများ(သို့မဟုတ်) အလားတူ အဖွဲ့အစည်းများမှ တာဝန်ယူစိစစ်ဆောင်ရွက်လျက်ရှိသလို မြန်မာနိုင်ငံဆေးကောင်စီမှလည်း အလားတူတာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆေးကောင်စီသည် မြန်မာနိုင်ငံသူ နိုင်ငံသားများ အရည်အသွေးပြည့်ဝသည့် ဆေးကုသမှုရရှိရန် ပြည်တွင်းဆရာဝန်များ၏ အရည်အသွေးကို စစ်ဆေးပြီး ဆေးကုသခွင့်လိုင်စင်ထုတ်ပေးနေသည့် နည်းတူ မြန်မာနိုင်ငံသို့လာရောက်ပြီး လူနာများနှင့်ဆွေးနွေးခြင်း၊ ဆေးကုခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်မည့် နိုင်ငံခြားသားဆရာဝန်များ၏ ဘွဲ့၊ ဒီဂရီ၊ အထူးကု ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများကို စိစစ်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံဆေးကောင်စီမှ တာဝန်ယူစိစစ်ပြီး ကန့်သတ်လိုင်စင်များကို ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ကန့်သတ်ဆေးကုသခွင့် လိုင်စင်ဆိုခြင်းမှာ နိုင်ငံခြားသားဆရာဝန်များအား ၎င်းတို့ကုသခွင့်ရှိသည့် အထူးကုဘာသာရပ်များကို လည်းကောင်း၊ ၎င်းတို့ ကုသမည့်နေရာဒေသများကို လည်းကောင်း၊ ကုသမည့်အချိန်ကာလကို လည်းကောင်း အနည်းဆုံးသုံးလနေထိုင်ကုသနိုင်ရန် ကန့်သတ်၍ စနစ်တကျ စိစစ်ထုတ်ပေးသော လိုင်စင်လည်း ဖြစ်သည်။

"ဆရာဝန်တစ်ဦးက ဒီနေ့လူနာကို လာခွဲစိတ်ပေးပြီး မနက်ဖြန်ပြန်သွားရင် ဒါကမဖြစ်သင့်ဘူး။ လိုင်စင်မရှိဘဲကုနေရင် အရေးယူခံရနိုင်တယ်။ ဒါကို ဥပဒေပြဌာန်းထားတာရှိတယ်။ ဒီဟာကို အများသိအောင် အခုလိုရှင်းလင်းပွဲလုပ်ရတာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဦးမျိုးမြင့်က ထုတ်ဖော်ပြောကြားသည်။

ကန့်သတ်ဆေးကုသခွင့်လိုင်စင်များ ထုတ်ပေးရာတွင် သုံးလတစ်ကြိမ်နှုန်းဖြင့် လေးကြိမ်အဖြစ် အများဆုံး တစ်နှစ်ထုတ်ပေးခြင်းဖြစ်ပြီး သုံးလတစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ သွင်းကာ လျှောက်ထားရမည်ဖြစ်သလို သုံးလပြည့်တိုင်းတစ်ကြိမ်စီ ထပ်မံလျှောက်ထားရမည်ဖြစ်ကြောင်း၊ လိုင်စင် လျှောက်ထားမှုအပေါ် သက်ဆိုင်ရာနိုင်ငံသို့ မေးမြန်းစုံစမ်းခြင်းများ ပြုလုပ်ရမည်ဖြစ်သည့်အတွက် အနည်းဆုံး နှစ်လကြိုတင် လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။ **(ထက်ခိုင်-စမ်းချောင်း)**

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စီမံကိန်းနယ်မြေအတွင်းရှိ ကျေးရွာများသို့ကွင်းဆင်းသွားရောက်လေ့လာ ဒေသခံပြည်သူများ၏ လိုအပ်ချက်များနှင့် လိုလားချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် မတ် ၁၇

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မဟာဇေတိကရာမကျောင်းတိုက်သို့ သွားရောက်၍ ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒနှင့် တိုင်းဒေသကြီး၊ မြို့နယ်သံဃနာယကဆရာတော်များအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် မဟာလယ်တီကျောင်းတိုက်သို့ သွားရောက်၍ မဟာလယ်တီဒသမ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုန္တဝံသ အမှူးပြုသည့် ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများ၏ဩဝါဒကို ခံယူခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကျောင်းတိုက်ပရိဝုဏ်အတွင်းရှိ မဟာလယ်တီ ကျောက်စာတိုင်နှင့် သာသနိကမှတ်တမ်းမှတ်ရာ အဆောက်အအုံများကို ဖူးမြော်ကြည်ညိုလေ့လာရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် တိုင်းဒေသကြီး သာသနာရေး ဦးစီးမှူးတို့က ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေသို့ သွားရောက်ခဲ့ရာ စီမံကိန်းနေရာမှ ပြောင်းရွှေ့လာကြသည့် ဝက်မွေးနှင့် ကံတောကျေးရွာသစ်များသို့ရောက်ရှိကြပြီး ကျေးရွာသစ်များသို့ ပြောင်းရွှေ့မှုအခြေအနေ၊ နေအိမ်အဆောက်အအုံ၊ လမ်း၊ ရေ၊ မီး စီစဉ်ဆောင်ရွက်ပေးမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ကံတောရွာသစ်မီးသတ်အဆောက်အအုံ ခန်းမ၌ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များ၊ စီစဉ်ဆောင်ရွက်ပေးရန်ရှိသည်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆည်တည်းနှင့် ဇီးတော ကျေးရွာသစ်များသို့ ဆက်လက်သွားရောက်ကာ ကျေးရွာသစ် တည်ဆောက်ထားရှိမှု အခြေအနေနှင့် အိမ်များ၊ လမ်းများ၊ ရေ၊ မီး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ဆည်တည်းကျေးရွာသစ်မီးသတ်ရုံ အဆောက်အအုံ၌ ဒေသခံကျေးရွာလူထုနှင့် တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွား၊ ပြည်သူလူထု၏ အကျိုးစီးပွားအတွက် အပြုသဘောဆောင်သည့် အမြင်ဖြင့် ကျေးရွာလူထု၏လိုအပ်ချက်၊ လိုလားချက်များကို မိမိတို့အဖွဲ့အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူလူထု၏အကျိုးစီးပွားသည် တိုင်းပြည်၏အကျိုးစီးပွားဖြစ်၍ ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်ခဲ့ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်နေသည့်အလျောက် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေအတွင်းရှိ ကျေးရွာများတွင်နေထိုင်ကြသော မိမိတို့၏ ညီအစ်ကို မောင်နှမများအနေဖြင့် နေရေး၊ ထိုင်ရေး၊ အလုပ်အကိုင်ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ ယခင်ကထက်ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးလိုသည့် ဆန္ဒရှိပါကြောင်း၊ သို့ဖြစ်၍ မိမိတို့အဖွဲ့အနေဖြင့် ယခုလိုလာရောက်ခဲ့ပြီး လက်တွေ့ကျကျ ပေါင်းစပ်ညှိနှိုင်းရန်ဖြစ်သည့်အတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဆည်တည်းရွာသစ်မှ ဦးတင်ဆန်း၊ ဦးမျိုးလှိုင်၊ ဦးအောင်လွင်၊ ဒေါ်ပို၊ ဇီးတောကျေးရွာသစ်မှ ဦးစိန်မောင်း၊ ဦးဝင်း၊ ဒေါ်မိုးမိုးဆန်း၊ ဦးရဲမြင့် စသည့်ဒေသခံတောင်သူများက လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကော်မတီဝင်များက မှတ်သားရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုက ဆည်တည်း၊ ဇီးတောရွာသစ်နှင့် ဝက်မွေး၊ ကံတောရွာသစ်များအတွက် မီးသတ်ယာဉ်တစ်စီးစီနှင့် မီးသတ်တပ်ဖွဲ့ဝင်များရရှိရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတွင် မလွှတ်ကင်းသည့်လယ်မြေ၊ ယာမြေများနှင့်စပ်လျဉ်း၍ မြေလျော်ကြေးငွေပေးအပ်လျက်ရှိသည့် ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ငွေသာခန်းမသို့ ရောက်ရှိ၍ မြေလျော်ကြေးငွေပေးအပ် ထုတ်ယူနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြပြီး မှားယွင်းမှုမရှိရန်၊ ကြန့်ကြာမှုမရှိရန်နှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

မတ် ၁၆ ရက်တွင် မြေယာလျော်ကြေးငွေ ကျပ် ၂၂၄၆ သိန်းကျော်အား ဖောင်းကတာ ကျေးရွာအုပ်စုမှ တောင်သူ ၆၉ ဦးကို ပေးအပ်နိုင်ခဲ့ပြီး နောင်ရက်များတွင်လည်း ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။ ထို့အပြင် တောင်သူများ၏ ရရှိငွေများကို လုံခြုံစွာ သိမ်းဆည်းအပ်နှံနိုင်ရန်အတွက် မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ ရိုးမဘဏ်ခွဲ၊ မြဝတီဘဏ်ခွဲတို့ကို တစ်ပါတည်းဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေအတွင်း တည်ထားကိုးကွယ်တော်မူသည့် တောင်ကြားစကြာ်တောရစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တည်ဆောက်ထားသည့် မိုးကြိုးဆာလ်ဖျူရစ် အက်စစ်စက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူး ဦးခင်အောင်က စက်ရုံ၏ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်မှုများ၊ စက်ရုံဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သင်ကြားပေးရေးဆိုင်ရာများ၊ စက်ရုံ၏ အက်စစ် ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းထိခိုက်မှုမရှိစေရန် စက်ရုံဝန်းကျင်အတွင်း သစ်ပင်များစိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှု၊ ဒေသအကျိုးပြုဆောင်ရွက်ပေးမှုဆိုင်ရာများ ရှင်းလင်းတင်ပြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းတောင်ရိုးရှိ သီတဂူအာယုဒါနဆေးရုံတော်တွင် တက်ရောက်၍ ဆေးဝါးကုသမှုခံယူတော်မူလျက်ရှိကြသည့် ရဟန်းသံဃာနှင့် ရှင်သာမဏေများအား သွားရောက်တွေ့ဆုံအားပေးကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၈-၃-၂၀၁၃(တနင်္လာနေ့)

၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၃	အမျိုးသားရေး တေးကဗျာ
၈း၁၀	ဇာတ်လမ်းတို
၄း၃၅	ဗွီစီဒီကျော်ကြားတေး
၄း၄၅	ဇာတ်လမ်းတို
၅း၀၅	သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် ဒုတိယတွဲ (အပိုင်း - ၈၆)
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာထက်ကဖန်ရဲတိုက် (အပိုင်း - ၃၅)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် -မေးမြန်းစူးစမ်း -(၆၈)ကြိမ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း "အဖေနှင့်သားများ" (ပထမပိုင်း) -မြဝတီရုပ်မြင်သံကြားသတင်း -Mini Series

ဖြူးဆန်ဈေးကွက် ဈေးနှုန်းတက်

ဖြူး မတ် ၁၇

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်သည် တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တွင် လယ်ယာထွက်ကုန်အများဆုံး စိုက်ပျိုးထုတ်လုပ်သည့် မြို့နယ်တစ်ခုဖြစ်သည်။

၂၀၁၁-၂၀၁၂ စိုက်ပျိုးရာသီတွင် မိုးစပါး ၁၅၄၃၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဈေးကွက်ဝင် မတ်ပဲ ၉၉၁၄၃ ဧကစိုက်ပျိုးခဲ့ကြသဖြင့် တစ်မြို့နယ်လုံးပျမ်းမျှ မိုးစပါးအထွက်နှုန်းတင်းပေါင်း ၄၆ ပေါင်ကိုက် ကိုးသန်းနှစ်သိန်းကျော်နှင့် မတ်ပဲ ပိဿာ ၂၀ ဝင် ပျမ်းမျှတင်းပေါင်း ခြောက်သိန်းကိုးသောင်းကျော်ခန့် ထွက်ရှိခဲ့သည်။

ဖြူးမြို့နယ်တွင် မိုးစပါးများကို နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ရိတ်သိမ်းကြပြီး စပါးများလှိုင်လှိုင်ပေါ်ချိန် ဆန်ဈေးမှာ တက်ရိပ်မရှိဘဲ အကျဘက်သို့သာ ဦးတည်ခဲ့ပြီး ယခုမတ်လထဲတွင် လယ်သမားများ၏လက်ထဲ၌ စပါးလက်ကျန်အလွန်နည်းပါးသည့်အချိန်ကျမှသာ ဆန်ဈေးမှာ တရိပ်ရိပ်တက်လျက် ဧည့်မထအုပ်စုဝင် ဆင်းသုခ၊ မျှော့ထွန်းဆန် ပိဿာ ၃၀ ဝင် တစ်တင်းခွဲ(တစ်အိတ်)ကျပ်တစ်သောင်းခွဲမှ ကျပ်တစ်သောင်း ငါးထောင့်ငါးရာ၊ ယခင်ဖေဖော်ဝါရီလတွင် ကျပ်တစ်သောင်းနှစ်ထောင်၊ မနောထွန်းဆန် တစ်တင်းခွဲအိတ်(တစ်အိတ်) တစ်သောင်းသုံးထောင့်ငါးရာမှ တစ်သောင်းလေးထောင်၊ ယခင် ဖေဖော်ဝါရီလတွင် ကျပ်တစ်သောင်းတစ်ထောင်ဝန်းကျင်ရှိ၍ သုခ(၂)တစ်တင်းခွဲ(တစ်အိတ်) ကျပ်တစ်သောင်းခွဲ၊ ဆန်ချောတောင်ပြန်တစ်တင်းခွဲ(တစ်အိတ်)ကျပ်နှစ်သောင်း နှစ်ထောင်၊ ဘေးကျားဆန်တစ်တင်းခွဲ(တစ်အိတ်)ကျပ် တစ်သောင်းခြောက်ထောင်မှ တစ်သောင်းခုနစ်ထောင်ဖြင့် ဆန်ပွဲရုံများနှင့် ဆန်စက်များတွင် အရောင်းအဝယ်ဖြစ်နေကြကြောင်း စုံစမ်းသိရှိရသည်။**(ဝဲပုံ)**

(ဖြူး- မြင့်ဦး)

မြန်မာ့ဧည့်မထဆန် ဂျပန်နိုင်ငံသို့ ပထမဦးဆုံးအကြိမ် တင်ပို့ပေးသွားမည်

ရန်ကုန် မတ် ၁၇

ဂျပန်နိုင်ငံအစိုးရမှ နိုင်ငံတွင်း ဆန်တင်ဒါခေါ်ယူသည့်နေရာတွင် မြန်မာနိုင်ငံကိုပါ တင်ဒါဝင်ရောက်ရန်အတွက် ကမ်းလှမ်းခဲ့ရာ တင်ဒါအောင်မြင်ခဲ့သည့်အတွက် မြန်မာ့ဧည့်မထဆန် တန်ချိန် ၅၀၀၀ ကို ဂျပန်နိုင်ငံသို့ ပထမဆုံးအဖြစ် တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းမှ သိရသည်။ မြန်မာနိုင်ငံအတွင်းရှိ ဆန်ကုန်သည်များအနေဖြင့် ပြည်ပသို့ဆန်တင်ပို့ရာတွင် အခြားနိုင်ငံများထက် တရုတ်နိုင်ငံနယ်စပ်ကိုသာ တင်ပို့လိုနေကြပြီး နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့သည့်အထဲတွင် တရုတ်နိုင်ငံ နယ်စပ်မြို့ဖြစ်သည့် ယူနန်ပြည်နယ်သို့ တင်ပို့မှုမှာ ဆန်တန်ချိန် တစ်သိန်းကျော်အထိရှိခဲ့ကြောင်း သိရသည်။ ယခုတင်ပို့မည့် ဂျပန်နိုင်ငံသို့ မြန်မာ့ဧည့်မထ ဆန်ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၀ နှုန်းအထိ ရရှိမည်ဖြစ်ပြီး ပြည်ပသို့ဆန်နှင့် ဆန်ထွက်ပစ္စည်း တင်ပို့မှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဖေဖော်ဝါရီ ၁၅ ရက်အထိ တန်ချိန် ၁ ဒသမ ၆ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

❍ အတုယူဖွယ်ရာများမှ

မိမိတို့မွေးဖွားမှီခိုနေထိုင်ရာ အမိကမ္ဘာမြေကို ပိုမို
ကလေးအချင်းချင်း ဦးဆောင်တတ်စေရန် OISCA
၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်မှ ၃၀ ရက်နေ့အထိ
မှ ကျောင်းသား ကျောင်းသူ ၄၀ ကို ခေါ်ယူပြီး Lov
Camp (မွေးရပ်မြေကိုချစ်ခင်ကြပါစို့) သင်တန်းကို ပို့

ပို့ချတဲ့သင်ခန်းစာတွေကတော့ ကလေးများသစ်
နည်းဖြင့် ပတ်ဝန်းကျင်ကို လေ့လာစေခြင်း၊ ခာတ
လေ့လာစေခြင်း၊ ကြက်၊ ငုံး၊ ဝက်မွေးမြူရေးကို လေ့လာ
လုပ်နည်း၊ ဖုတ်နည်းကိုလေ့လာစေခြင်း၊ အမှိုက်များကိ
စွန့်ပစ်စေခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနဲ့ တစ်ကိုယ်
တစိုက်လုပ်ဆောင်စေခြင်းတို့ကို လက်တွေ့သင်ကြ
Furusato ဆိုတဲ့ စကားလုံးက ဂျပန်ဘာသာစကားလုံး
အဓိပ္ပာယ်ရပါတယ်။ မွေးရပ်မြေဆိုတာ အမိကမ္ဘာမြေ
တယ်။

ဒါကြောင့် ကျေးရွာ၊ မြို့၊ နိုင်ငံဆိုတဲ့ နယ်နိမိတ်တွေ
သတ်မှတ်ထားခြင်းသာ ဖြစ်ပါတယ်။ ကမ္ဘာကြီးပေါ်မှ
အပင်များ၊ ရေ၊ လေ၊ မြေတို့ဟာ မိမိတို့ရဲ့မွေးရပ်မြေ (Fu
သာဖြစ်ကြပါတယ်။ တစ်နည်းအားဖြင့် လှပသောပန်း
ကြီးများ၊ တောရိုင်းတိရစ္ဆာန်များ အားလုံးတို့သည်
(Furusato)ရဲ့ ရတနာများဖြစ်ကြပါတယ်။ သစ်ပင်
ကျွန်ုပ်တို့ရဲ့မွေးရပ်မြေ (Furusato)တွင်နေထိုင်ကြ
အားလုံး အသက်ရှင်နိုင်ရန် အောက်စီဂျင်ကို ထုတ်ပေး
ကျွန်ုပ်တို့အသက်နဲ့ယှဉ်၍ တန်ဖိုးထိုက်တန်သော
ဖြစ်ပါတယ်။ ယခု ရာစုနှစ်မှာ ကျွန်ုပ်တို့မွေးရပ်မြေ (Fu
ပျက်စီးနေပါတယ်။ သစ်တောများပြုန်းတီးခြင်း၊ သက်
မျိုးသုဉ်းခြင်း၊ ရေခဲတောင်များအရည်ပျော်ခြင်း စသည့်
ကြုံတွေ့နေကြရပါတယ်။ အဲဒီပြဿနာကိုဖြေရှင်းရန်
တာဝန်ရှိပါတယ်။

ဒါကြောင့် နောင်အနာဂတ်မှာ ခေါင်းဆောင်မျ
ကလေးများကို ငယ်ရွယ်စဉ်အချိန်မှစလို့ မွေးရပ်မြေ (F
မြတ်နိုးတန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်တတ်တဲ့စိတ်
ရည်ရွယ်ပြီး Love Furusato Work Camp ကို ပြုလု
ဟု အသေးစိတ်ရှင်းလင်းပြောပြသည်။

OISCA လယ်ယာသစ်တောစိုက်ပျိုးရေး သင်တန်း
သစ်တောအစီအစဉ် စတင်ခဲ့သည်မှာ ၂၀၁၂-၂၀၁၃
စာသင်ကျောင်း ၅၈ ကျောင်းတွင် စိုက်ပျိုးခဲ့သည့် သ
ပင်ဖြစ်ပြီး စိုက်ပျိုးခဲ့သည့် ဧရိယာမှာ ၁၃ ဒသမ ၄၆
လှူဒါန်းမှုမှာ ဗလာစာအုပ် ဒါဇင် ၂၈၀၊ ခဲတံ ဒါဇင် ၅၆
ရေဖျန်းပုံး(တာယာ) ၂၅ ပုံး၊ ပျိုးပင်၊ ဟင်းသီး/ရွက်
အမှိုက်မီးရှို့အုတ်ခုံ တစ်ခု၊ အုတ်အိမ်သာကျင်း တစ်ကျင်း၊
တို့ဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

OISCA လယ်ယာသစ်တော စိုက်ပျိုးရေးသ
ရေစကြိုမြို့နယ်ကို အခြေစိုက်ပြီး လူသားအရင်းအမြ
အတွက် အဖိုးတန်ရတနာများဖြစ်သော လူငယ်၊ လူရွ
ကျောင်းသူများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း
ပါဝင်လာစေရန် ရည်ရွယ်၍ ကလေးများသစ်တောအစီ
နေမှုသည် အတုယူဖွယ်ရာကောင်းလှပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့အားလုံး မွေးဖွားရာ မွေးရပ်
နေထိုင်ရာ အမိကမ္ဘာမြေ (Furusato) ရေရှည်တည်
ကျွန်ုပ်တို့အားလုံး အတူတကွ လက်တွဲပြီး တတ်
သွားကြရမည်သာဖြစ်ပါကြောင်း လေ့လာရေးသားတို
ရပါသည်။ ။

✻ ဓာတ်ရောင်ခြည်မှ

ဓာတ်ရောင်ခြည် ထောက်လှမ်းရေးကိရိယာကို ဂျပန်
တီထွင်ဖော်ထုတ်ခြင်းဖြစ်သည်။ အဏုမြူဓာတ်ပေါင်းဖို
ဖြစ်ပွားရာမှ ပေါ်ထွက်လာသော ဓာတ်ရောင်ခြည်လို
စောင့်ကြည့်နိုင်ရန် အဆိုပါကိရိယာကို အသုံးပြုနိုင်မ

ဂျပန်နိုင်ငံ၌ ၂၀၁၁ ခုနှစ် မတ် ၁၄ ရက်က ဆူနာ
ကြောင့် ဖူကူရှီးမားဒိုင်အိချီနျူကလီးယားစက်ရုံ၌
အန္တရာယ်ဖြစ်ပေါ်ခဲ့စဉ်က ဝေဟင်အတွင်း ဓာတ်ရော
အခြေအနေကို သိရှိနိုင်ရန် လေယာဉ်ငယ်များ အသုံးပြ

၂၄ ပေအမြင့်ရှိ ဆူနာမီရေလှိုင်းများရိုက်ခတ်ခဲ့
အကြာတွင် ယင်းကဲ့သို့ လေ့လာခြင်း ဖြစ်သည်။

ဘီးချ်ကရပ်ဖ် စီ-၁၂ အမျိုးအစားလေယာဉ်ပေ
လိုက်ပါစေကာ ဖူကူရှီးမားဒိုင်အိချီနျူကလီးယားစက်ရုံ
ဓာတ်ရောင်ခြည်လှိုင်းများ ထုတ်လွှင့်မှုကို ကွင်းဆင်း

စုစုပေါင်း လေယာဉ်ပျံသန်းချိန် ၅၀၇ နာရီအထိ
ပျံသန်းခဲ့ရပြီး ဓာတ်ရောင်ခြည်လှိုင်း ပျံ့နှံ့မှုမြေပုံများ

ယခုအခါတွင်မူ လေယာဉ်မှူး အသုံးပြုရန် မ
လေယာဉ်ဖြင့် ဓာတ်ရောင်ခြည်လှိုင်းများ ပျံ့နှံ့မှုမြေပုံများ
ဖြစ်သည်။

○ **အတုယူဖွယ်ရာများမှ**

မိမိတို့မွေးဖွားမှီခိုနေထိုင်ရာ အမိကမ္ဘာမြေကို ပိုမိုချစ်မြတ်နိုးစေရန်နှင့် ကလေးအချင်းချင်း ဦးဆောင်တတ်စေရန် OISCA သင်တန်းကျောင်းမှာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်မှ ၃၀ ရက်နေ့အထိ စာသင်ကျောင်း ၂၀ မှ ကျောင်းသား ကျောင်းသူ ၄၀ ကို ခေါ်ယူပြီး Love Furusato Work Camp (မွေးရပ်မြေကိုချစ်ခင်ကြပါစို့) သင်တန်းကို ပို့ချခဲ့ပါတယ်။

ပို့ချတဲ့သင်ခန်းစာတွေကတော့ ကလေးများသစ်တောထဲတွင် ကစားနည်းဖြင့် ပတ်ဝန်းကျင်ကို လေ့လာစေခြင်း၊ ဓာတုလွတ်စိုက်ပျိုးရေးကို လေ့လာစေခြင်း၊ ကြက်၊ ငုံး၊ ဝက်မွေးမြူရေးကို လေ့လာစေခြင်း၊ မုန့်အမျိုးမျိုးလုပ်နည်း၊ ဖုတ်နည်းကိုလေ့လာစေခြင်း၊ အမှိုက်များကို ခွဲခြား၍စနစ်တကျ စွန့်ပစ်စေခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနဲ့ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုတစိုက်လုပ်ဆောင်စေခြင်းတို့ကို လက်တွေ့သင်ကြားပြသပေးပါတယ်။ Furusato ဆိုတဲ့ စကားလုံးက ဂျပန်ဘာသာစကားလုံးဖြစ်ပြီး မွေးရပ်မြေလို့ အဓိပ္ပာယ်ရပါတယ်။ မွေးရပ်မြေဆိုတာ အမိကမ္ဘာမြေကို ဆိုလိုတာ ဖြစ်ပါတယ်။

ဒါကြောင့် ကျေးရွာ၊ မြို့၊ နိုင်ငံဆိုတဲ့ နယ်နိမိတ်တွေဟာ လူတွေကခွဲခြားသတ်မှတ်ထားခြင်းသာ ဖြစ်ပါတယ်။ ကမ္ဘာကြီးပေါ်မှာရှိတဲ့ သတ္တဝါများ၊ အပင်များ၊ ရေ၊ လေ၊ မြေတို့ဟာ မိမိတို့ရဲ့မွေးရပ်မြေ (Furusato)ရဲ့ အရာများသာဖြစ်ကြပါတယ်။ တစ်နည်းအားဖြင့် လှပသောပန်းပင်များ၊ တောင်တန်းကြီးများ၊ တောရိုင်းတိရစ္ဆာန်များ အားလုံးတို့သည် မိမိတို့မွေးရပ်မြေ (Furusato)ရဲ့ ရတနာများဖြစ်ကြပါတယ်။ သစ်ပင် သစ်တောများဟာ ကျွန်ုပ်တို့ရဲ့မွေးရပ်မြေ (Furusato)တွင်နေထိုင်ကြသော သက်ရှိသတ္တဝါအားလုံး အသက်ရှင်နိုင်ရန် အောက်စီဂျင်ကို ထုတ်ပေးတဲ့တန်ဖိုးဖြတ်လို့မရတဲ့ ကျွန်ုပ်တို့အသက်နဲ့ယှဉ်၍ တန်ဖိုးထိုက်တန်သော အသက်ဆက်ပင်များ ဖြစ်ပါတယ်။ ယခု ရာစုနှစ်မှာ ကျွန်ုပ်တို့မွေးရပ်မြေ (Furusato)ဟာ ယိုယွင်းပျက်စီးနေပါတယ်။ သစ်တောများပြုန်းတီးခြင်း၊ သက်ရှိဇီဝမျိုးစုံ၊ မျိုးကွဲများ မျိုးသုဉ်းခြင်း၊ ရေခဲတောင်များအရည်ပျော်ခြင်း စသည့်ပြဿနာပေါင်းများစွာ ကြုံတွေ့နေကြရပါတယ်။ အဲဒီပြဿနာကိုဖြေရှင်းရန် လူသားအားလုံးမှာ တာဝန်ရှိပါတယ်။

ဒါကြောင့် နောင်အနာဂတ်မှာ ခေါင်းဆောင်များဖြစ်လာကြမဲ့ ယခုကလေးများကို ငယ်ရွယ်စဉ်အချိန်မှစလို့ မွေးရပ်မြေ (Furusato)ကို ချစ်ခင်မြတ်နိုးတန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်တတ်တဲ့စိတ်များ မွေးဖွားလာစေရန် ရည်ရွယ်ပြီး Love Furusato Work Camp ကို ပြုလုပ်ရခြင်းဖြစ်ပါတယ်” ဟု အသေးစိတ်ရှင်းလင်းပြောပြသည်။

OISCA လယ်ယာသစ်တောစိုက်ပျိုးရေး သင်တန်းကျောင်းမှ ကလေးများ သစ်တောအစီအစဉ် စတင်ခဲ့သည်မှာ ၂၀၁၂-၂၀၁၃ တွင် ၁၁ နှစ်ပြည့်ခဲ့ပြီး စာသင်ကျောင်း ၅၈ ကျောင်းတွင် စိုက်ပျိုးခဲ့သည့် သစ်ပင်ပေါင်း ၂၆၃၉၁ ပင်ဖြစ်ပြီး စိုက်ပျိုးခဲ့သည့် ဧရိယာမှာ ၁၃ ဒသမ ၄၆ ဟတ်တာဖြစ်သည်။ လှူဒါန်းမှုမှာ ဗလာစာအုပ် ဒါဇင်၂၈၀၊ ခဲတံ ဒါဇင် ၅၆၀၊ အမှိုက်ပုံး ၁၀ လုံး၊ ရေဖျန်းပုံး(တာယာ) ၂၅ ပုံး၊ ပျိုးပင်၊ ဟင်းသီး/ရွက်စေ့၊ စာရေးခုံအစုံ ၅၀၊ အမှိုက်မီးရှို့အုတ်ခုံ တစ်ခု၊ အုတ်အိမ်သာကျင်း တစ်ကျင်း၊ ရေဖျန်းပုံး(သံပုံး) ၂၀ တို့ဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

OISCA လယ်ယာသစ်တော စိုက်ပျိုးရေးသင်တန်းကျောင်းသည် ရေစကြိုမြို့နယ်ကို အခြေစိုက်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖိုးတန်ရတနာများဖြစ်သော လူငယ်၊ လူရွယ်များ၊ ကျောင်းသားကျောင်းသူများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်လာစေရန် ရည်ရွယ်၍ ကလေးများသစ်တောအစီအစဉ်ကို ဆောင်ရွက်နေမှုသည် အတုယူဖွယ်ရာကောင်းလှပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့အားလုံး မွေးဖွားရာ မွေးရပ်မြေ(သို့) လူသားများနေထိုင်ရာ အမိကမ္ဘာမြေ (Furusato) ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျွန်ုပ်တို့အားလုံး အတူတကွ လက်တွဲပြီး တတ်စွမ်းသမျှဆောင်ရွက်သွားကြရမည်သာဖြစ်ပါကြောင်း လေ့လာရေးသားတိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ॥

✻ **ဓာတ်ရောင်ခြည်မှ**

ဓာတ်ရောင်ခြည် ထောက်လှမ်းရေးကိရိယာကို ဂျပန်သိပ္ပံပညာရှင်များက တီထွင်ဖော်ထုတ်ခြင်းဖြစ်သည်။ အဏုမြူဓာတ်ပေါင်းဖိုများ၌ မတော်တဆမှု ဖြစ်ပွားရာမှ ပေါ်ထွက်လာသော ဓာတ်ရောင်ခြည်လှိုင်းများအား လေ့လာစောင့်ကြည့်နိုင်ရန် အဆိုပါကိရိယာကို အသုံးပြုနိုင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံ၌ ၂၀၁၁ ခုနှစ် မတ် ၁၄ ရက်က ဆူနာမီရေလှိုင်းရိုက်ခတ်မှုကြောင့် ဖူကူရှီးမားဒိုင်အိချီနျူကလီးယားစက်ရုံ၌ ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့စဉ်က ဝေဟင်အတွင်း ဓာတ်ရောင်ခြည်လှိုင်းများ ပျံ့နှံ့မှုအခြေအနေကို သိရှိနိုင်ရန် လေယာဉ်ငယ်များ အသုံးပြု၍ လေ့လာခဲ့သည်။

၂၄ ပေအမြင့်ရှိ ဆူနာမီရေလှိုင်းများရိုက်ခတ်ခဲ့ပြီးနောက် လေးရက်အကြာတွင် ယင်းကဲ့သို့ လေ့လာခြင်း ဖြစ်သည်။

ဘီးချ်ကရပ်ဖ် စီ-၁၂ အမျိုးအစားလေယာဉ်ပေါ်တွင် လေယာဉ်မှူးလိုက်ပါစေကာ ဖူကူရှီးမားဒိုင်အိချီနျူကလီးယားစက်ရုံမှ ဝေဟင်အတွင်းသို့ ဓာတ်ရောင်ခြည်လှိုင်းများ ထုတ်လွှင့်မှုကို ကွင်းဆင်းလေ့လာခဲ့သည်။

စုစုပေါင်း လေယာဉ်ပျံသန်းချိန် ၅၀၇ နာရီအထိအခေါက်ခေါက်အခါခါ ပျံသန်းခဲ့ရပြီး ဓာတ်ရောင်ခြည်လှိုင်း ပျံ့နှံ့မှုမြေပုံများကို ထုတ်ခဲ့သည်။

ယခုအခါတွင်မူ လေယာဉ်မှူး အသုံးပြုရန် မလိုသော မောင်းသူမဲ့လေယာဉ်ဖြင့် ဓာတ်ရောင်ခြည်လှိုင်းများ ပျံ့နှံ့မှုမြေပုံများကို ထုတ်လာနိုင်မည် ဖြစ်သည်။ **(ကျိုဒို)**

နိုင်ငံတော်သမ္မတ၏ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးများသည် နယူးဇီလန်နိုင်ငံသို့ ရောက်ရှိနေစဉ် သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မတ် ၁၅ ရက်မွန်းလွဲပိုင်းတွင် လန်ဂမ်ဟိုတယ် Aucklander Boardroom ၌ နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Hon Murray McCully နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ဖြစ်ထွန်းရေးနှင့် အပြည်ပြည်ဆိုင်ရာ မျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့သည် မတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် အော့ကလန်မြို့ရှိ ဖွန်တဲရားကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mr .Theo Spiering နှင့်တွေ့ဆုံ၍ ကုမ္ပဏီ၏ နို့နှင့်နို့ထွက်ပစ္စည်းများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုအခြေအနေများနှင့် မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ရန် ဆောင်ရွက်နေမှုအခြေ အနေများကို ဆွေးနွေးခဲ့ကြပြီး Fonterra Company ၏ နို့နှင့် နို့ထွက် ပစ္စည်းထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ပြီး နို့မှုန့်၊ ထောပတ်၊ ဒိန်ခဲနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု အဆင့်ဆင့်ကိုလေ့လာကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လန်ဂမ်ဟိုတယ်၌ နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Hon Murray McCully နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတွင် နို့စားနွားမွေးမြူရေးမှစ၍ နို့နှင့်နို့ထွက်ပစ္စည်းစီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအထိ နည်းစဉ်နှင့် လုပ်ငန်းအရွယ်အစား ဖြစ်နိုင်ခြေလေ့လာချက် ပြုလုပ်ရေးအစီအစဉ်များကို အသေးစိတ်လေ့လာဆွေးနွေးခဲ့ကြသည်။

ထို့အတူ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်သည် မတ် ၁၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် Department Of The Prime Minister and Cabinet မှ Policy Advisor Mr. Andrew Annakin နှင့် The University Of Auckland, Department Of Economic မှ Professor Mr. Basil Sharp တို့နှင့် တွေ့ဆုံ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာများ အကူအညီပေးနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့ အော့ကလန်မြို့ရှိ ဖွန်တဲရားကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mr. Theo Spiering နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဈေးကွက်ကောင်းသော “ဝဥ”

‘ဝ’ဥကိုပြည်တွင်း၌ စားသုံးမှုနည်းသော်လည်း ပြည်ပနိုင်ငံများ၌ တန်ဖိုးကြီးအစားအသောက်အဖြစ် ပြုလုပ်စားသောက်ကြလေ့ရှိရာ ဂျပန်နှင့် တရုတ်နိုင်ငံများသို့ အများဆုံးတင်ပို့ပြီး စင်ကာပူနှင့် မလေးရှားနိုင်ငံများသို့လည်း အနည်းငယ်တင်ပို့ကြောင်း သိရှိရသည်။

‘ဝ’ဥကို အစားအစာများ၊ မုန့်များထုတ်လုပ်ရာတွင် ထည့်သွင်းအသုံးပြုခြင်း၊ ခေါက်ဆွဲပြုလုပ်ခြင်း၊ ပြုတ်၍ သုပ်စားခြင်း၊ အသားတုပြုလုပ်ခြင်းများအပြင် ‘ဝ’ဥခြောက်၌အဆီကျစေသော အာနိသင်ရှိ၍ ကိုလက်စထရော ကျစေသောကြောင့် ဆေးဖော်စပ်ရာ၌လည်း အသုံးပြုကြောင်းသိရ၏။ ထို့ပြင် တရုတ်၊ဂျပန်နှင့် အနောက်ဥရောပနိုင်ငံများတွင် အစားအစာအဖြစ်လည်းကောင်း၊ သရေစာအဖြစ် လည်းကောင်း၊ ဆေးဝါးအဖြစ် လည်းကောင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြသည်။

မြန်မာနိုင်ငံတွင် ‘ဝ’ဥပင်များသည် ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီးများ၌ရှိသော သစ်ရိပ်၊ ဝါးရိပ်၊ အရိပ်အာဝါသကောင်းသော သစ်တောမြေပွ၊ အစိုဓာတ်ကောင်းသောနေရာဒေသများတွင် သဘာဝအလျောက်ပေါက်ရောက်ကြောင်း သိရသည်။ ယခုအခါ ‘ဝ’ဥခြောက် လုပ်ငန်းများ တွင်ကျယ်လာသဖြင့် တောထဲ၌ အလေ့ကျပေါက်ရောက်သည်ကို စိုက်ခင်းများဖြင့် စိုက်ပျိုးလာကြပြီး မြောင်းပေါင်တင်၍လည်း စိုက်ပျိုးလာကြသည်။

‘ဝ’ဥ၌ အနီ၊ အဝါ၊ အဖြူ သုံးမျိုးရှိသည်။ မိုးရာသီတွင် မြေပေါ်အပင်ပိုင်းထွက်လာပြီး အပင်သည် နှစ်ပေမှ လေးပေ ခန့်မြင့်ပြီး ဆောင်း၌အပင်ကျ၍ အမြစ်သာ မြေအောက်၌အပင်ကြီးထွားရှင်သန်လေ့ရှိ၏။ စိုက်ပျိုးသော ‘ဝ’ဥများတွင် မြေဆီ၊ မြေနှစ်ကောင်းလျှင် ကောင်းသလို တစ်ပိဿာမှ ၁၃ ပိဿာအထိ ထွက်ရှိကြောင်း သိရသည်။

(မကွေးလှမြင့်)

မူဆယ်မြို့နယ် (၁၀၅) မိုင်တွင် ပါရမီလူမှုကူညီရေးအသင်းရုံးခန်းဖွင့်လှစ်

မူဆယ် မတ် ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်အနီး အောင်သီရိမင်္ဂလာသုခ ကျောင်းတိုက်အသင်းရုံးတွင် မတ် ၁၄ ရက် နံနက် ၉ နာရီတွင် မူဆယ်မြို့(၁၀၅)မိုင်တွင် ပါရမီလူမှုကူညီရေးအသင်းရုံးခန်းဖွင့်လှစ်ကျင်းပရာ အောင်သီရိမင်္ဂလာသုခကျောင်းဆရာတော် ဦးကေသရ၊ မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းနှင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရန်ကုန်နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဒေါက်တာ ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မိုင်းယုကျေးရွာအုပ်ချုပ်ရေးမှူး၊ ပါရမီလူမှုကူညီရေးအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

“ရုံးမဖွင့်မီညကလည်း နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူနဲ့အဖွဲ့ဝင်တွေက သူတို့အတွေ့အကြုံတွေနဲ့ သိသင့်သိထိုက်တာတွေကို အကျယ်တဝင့်ရှင်းလင်းပြောပြပေးကြတာကို စိတ်ဝင်တစားလာရောက်နားထောင်သူတွေ အများကြီးပါပဲ၊ ကျွန်တော်တို့အနေနဲ့လည်း တန်ဖိုးမဖြတ်နိုင်တဲ့ ဗဟုသုတ၊ စိတ်ဓာတ်တွေ တိုးခဲ့ရပါတယ်”ဟု(၁၀၅)မိုင် မိုင်းယုပါရမီလူမှုကူညီရေးအသင်းမှအဖွဲ့ဝင် ကိုကျော်ဇင်က ပြောပြသည်။

သိန်းဇော် (ရွှေလီ)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ်ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Startic Electricity) တို့ ဖြစ်ပေါ်မှုကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၇

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် မတ် ၁၅ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ရွက်လှေပြိုင်ပွဲ) Pre SEA Game ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်နှင့် မြန်မာနိုင်ငံရွက်လှေအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဌ ဦးမောင်ဝင်းတို့က ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့် အစီအမံများနှင့် လုပ်ငန်းလိုအပ်ချက်များကို အပြန်အလှန်ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သန်လျင်မြို့တွင် Digital မီတာများတပ်ဆင်

သန်လျင် မတ် ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့၌ ယခုအခါ အိမ်သုံးမီတာများအတွက် လက်ရှိသုံးစွဲနေသော မီတာများအစား Digital မီတာများ အစားထိုးပြောင်းလဲတပ်ဆင်လျက်ရှိသည်။**(အပေါ်ပုံ)** **(တင်မောင်ငွေ-သန်လျင်)**

ဆန်းပြားသောအသွင်ဒီဇိုင်းများဖြင့် လွှတ်လပ်ရေးကျောက်တိုင်နှင့် ပန်းခြံကို ခံ့ညားစွာမြင်တွေ့ရတော့မည်

ရန်ကုန် မတ် ၁၇

ရန်ကုန်မြို့လယ်တွင်ရှိနေသော မဟာဗန္ဓုလပန်းခြံ အဆင့်မြှင့်တင်ပြုပြင်မှုကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အင်တိုက်အားတိုက် လုပ်ဆောင်နေလျက်ရှိရာ ယခုမတ်လကုန်ပိုင်းတွင် လုပ်ငန်းအများစုပြီးစီး၍ ခံ့ညားထည်ဝါသော အသွင်မျိုးဖြင့် မြင်တွေ့ရတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းခြံ အဆင့်မြှင့်တင်ပြုပြင်လုပ်ဆောင်မှုကို လွန်ခဲ့သော နှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပြီး ခေတ်မီအသွင်ဒီဇိုင်းဆန်းများဖြင့် ပန်းခြံတစ်ခုလုံးကို ပြုပြင်တည်ဆောက်ခြင်းဖြစ်သည်။

ထိုသို့အဆင့်မြှင့်တင်လုပ်ဆောင်မှုကို ကော်မတီရှိ အင်ဂျင်နီယာများ၏ ဒီဇိုင်းဖော်မှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ပေ ၁၀၀× ပေ ၃၀ ရေကန်နှင့် ၆၅ ပေ× ပေ ၃၀ ရေကန်နှစ်ကန်အနက် ပေ ၁၀၀× ပေ ၃၀ ရေကန်တွင် ရေပန်းမီးအလှများနှင့် ရောင်စုံဆလိုက်များကို လည်းကောင်း၊ သစ်ပင်များတွင် မီးအလှဆင်ခြင်းနှင့် ဆလိုက်မီးရောင်စုံများဆင်ခြင်းကိုလည်းကောင်း လုပ်ဆောင်သွားမည်ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်ကြီးကိုလည်း ဆလိုက်မီးရောင်စုံများဖြင့် တပ်ဆင်ဆောင်နေပြီး မြို့တော်ခန်းမရှေ့တည့်တည့်တွင် ပန်းခြံဝင်ပေါက်တစ်ခုကို စီစဉ်ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုပန်းခြံသည် ၁၉၂၄ ခုနှစ်ကတည်းက ပန်းခြံငယ်လေးတစ်ခုအသွင်ဖြင့် ရှိခဲ့ပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် လွတ်လပ်ရေးအထိမ်း အမှတ်အဖြစ်ပြုလုပ်ခဲ့ကာ လွတ်လပ်ရေးကျောက်တိုင် တည်ဆောက်မှုမှာလည်း ၁၉၅၀ ပြည့်နှစ် စက်တင်ဘာ ၂၆ ရက်တွင် ပြီးစီးခဲ့ကြောင်း၊ ယခုအခါ ပန်းခြံသည် ၇ ဒသမ ၅ ဧက ကျယ်ဝန်းကြောင်း သိရသည်။

ယခင်ခေတ်ကာလများက ပန်းခြံအတွင်းတွင် အပိုင်းလိုက်သာပြုပြင်၍ လှပစေရန်လုပ်ဆောင်ခဲ့သော်လည်း ပန်းခြံတစ်ခုလုံး အဆင့်မြှင့်လုပ်ဆောင်မှုကို နှစ်ပေါင်း ၆၀ ကျော်အတွင်းတွင် ယခုခေတ်ကာလ၌သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပန်းခြံတစ်ခုလုံး အဆင့်မြှင့်တင်ပြုပြင်နေသော်လည်း အပန်းဖြေသူများကို ဝင်ရောက်အပန်းဖြေခွင့်ပေးထားကာ ဝင်ကြေးအဖြစ် လူကြီး ငွေကျပ် ၃၀၀၊ ကလေး ငွေကျပ် ၁၀၀၊ နိုင်ငံခြားသား ငွေကျပ် ၅၀၀ စသည်ဖြင့် ကောက်ခံနေကြောင်း သိရသည်။

ရန်ကုန်မြို့သို့ရောက်ရှိလာသော ကမ္ဘာလှည့်ဧည့်သည်တိုင်းလိုလို မဟာဗန္ဓုလပန်းခြံကို စိတ်ဝင်စားကြပြီး အကြောင်းအမျိုးမျိုးကြောင့် ပန်းခြံအတွင်းသို့ဝင်ရောက်မလှေ့လာဖြစ်ကြသော ကမ္ဘာလှည့်များကလည်း ပန်းခြံအပြင်ခြံစည်းရိုးတွင် အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ရန်ကုန်မြို့၏ အချက်အချာနေရာတွင် တင့်တယ်စွာတည်ရှိနေသော လွတ်လပ်ရေးကျောက်တိုင်ကြီးနှင့် မဟာဗန္ဓုလပန်းခြံ အဆင့်မြှင့်တင်လုပ်ဆောင်နေမှုများကို အများသိစေရန် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရေးသားလိုက်ရပေသည်။ **(၆၈၀)**

ယခုနှစ်သရက်သီး နောက်ကျ၍ ဈေးကောင်းမည်ဟုဆို

ကျိုက်လတ် မတ် ၁၇

ယခုနှစ် ကျိုက်လတ်နယ်ဘက် သရက်သီးနောက်ကျသည်ဟုဆိုရမည်။ အပင်တိုင်းတွင် သိပ်မတွေ့ရဘဲ အချို့အပင်လောက်သာ အရွယ်တော်အနေအထား အသီးလေးများတွေ့ရပြီး**(ယာပုံ)** တော်တော်များများမှာ သီးကင်းလေးများနှင့် လုံးဝမသီးသော အပင်များပင်ရှိသည်။ ရာသီပေါ် အသီးအနှံ ရောင်းချသူများသည် ယခု သီးကင်းလေးများထွက်သည့် အချိန်ကတည်းက အပင်ကို လက်ညှိုးထိုး၍ သုံးသောင်း၊ လေးသောင်းပေးကာ ချုပ်ကြသည်။

သရက်လှိုင်လှိုင်ပေါသည့် နှစ်များတွင်ပင် အသီးနုလေးများအား ဆေးဖြင့်အုပ်ကာ အမှည့်ရောင်းခဲ့ကြရာ ယခုကဲ့သို့ ရှားပါးမည့် နှစ်မျိုးတွင် ပို၍ဆိုးနိုင်ဖွယ်ရှိသည်ဟုလည်း ပြောကြသည်။ စီးပွားရေးသမားအနေဖြင့် မိမိအမြတ်အစွန်းရရေး တစ်ခုတည်းကိုသာ မကြည့်ဘဲ ပြည်သူများ ကျန်းမာရေးကိုလည်း အလေးထားသင့်ကြပေသည်။ **(အသောက)**

SHINE CONSTRUCTION CO., LTD.
(Member of Shine Group of Companies)

တင်ဒါခေါ်ယူခြင်း

ရှိုင်းဆောက်လုပ်ရေးမှ Lake View Hotel အတွက်အောက်ပါ Furniture နှင့် M & E ပစ္စည်းများ ဝယ်ယူရန်ရှိပါသည်။

၁။ Furniture
(၁) Mobile Furniture

၂။ Electrical & Mechanical
(၁) Generator, Transformer, Main Cable
(၂) Tank (Over Head Tank & Ground Tank, Fire Fighting Tank)
(၃) Boiler
(၄) Air-con
(၅) Fire Fighting System
(၆) Pressure Pump, High Lift Pump
(၇) CCTV, PABX, Satellite
(၈) Lightening Arrestor
(၉) Electrical Materials
(၁၀) Mechanical Materials

အမှတ်စဉ် (၁) မှ (၈) အထိပစ္စည်းများအား ပစ္စည်း+တပ်ဆင်လက်ခနှုန်းထားဖြင့် တင်ဒါပေးသွင်းရန်ဖြစ်ပါသည်။

၃။ အထက်ဖော်ပြပါပစ္စည်းများအတွက် တင်ဒါပေးသွင်းလိုသော ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် (၂၅-၃-၂၀၁၃)ရက်နေ့ နောက်ဆုံးထား၍ ဈေးနှုန်းအချက်အလက်အပြည့်အစုံနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ- အမှတ်(၂၉)၊ မြေညီထပ်၊ ဂျိုးဖြူကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ (အောင်ဆန်းကွင်းအထူးတန်းရှေ့)
Tel: 09-73044223, 09-43105761, 01-385341~2, Ext:211
E-mail : hpp.shine@gmail.com

တစ်သက်တစ်ဘဝထာဝရနဲ့ စခဲ့ကြဇာတ်လမ်း ရှေ့ဆက်ဖို့ကလွဲလို့ ဘာမှမရှိကြေးနော်

မောင် ဆွေ

ညီလေးရေ

ဟိုနေ့က လုပ်ဖော်ကိုင်ဖက်အရာရှိတစ်ယောက်နဲ့ စကားတွေပြောဖြစ်ကြတယ်။

သူက လုပ်သက်နှစ်သုံးဆယ်ကျော်လောက်ရှိတဲ့ အရာရှိတစ်ဦးပါ။ အဆင့်တူဆိုပေမယ့် ကိုကို့ထက် စီနီယာကျပါတယ်။ သူက "တော်ပြီ အလုပ်က ထွက်ချင်ပြီ"တဲ့။ "ထွက်ပြီးရင် စစ်ကိုင်းချောင်မှာ သွားပြီးတရားအားထုတ်ပြီး အေးအေးလူလူပဲ နေတော့မယ် "တဲ့။ သူ့အတော်ကို စိတ်ပျက်နေတယ် ညီလေး။ သူနှစ်ပေါင်းများစွာ ကျင်လည်ခဲ့တဲ့၊ သူဝါသနာပါလွန်းလှတဲ့ ဒီလုပ်ငန်းကြီးမှာ လုပ်ရကိုင်ရတာတွေ အဆင်မပြေ၊ အလုပ်ခွင်ထဲမှာချည်း အချိန်တွေကုန်ဆုံးရတော့ သူ့မိသားစုအရေးကိစ္စတွေလည်း ရှိမှာပေါ့။ သူ့သားတွေ၊ သမီးတွေကိစ္စ နောက်ဆံ တင်းစရာတွေကလည်းရှိ သူ့မိခင်ကြီး အသည်းအသန်ဖြစ်နေတာလည်း သွားမစောင့်ရှောက်နိုင်။ လူပင်ပန်း၊ စိတ်ပင်ပန်းမှုတွေများစွာနဲ့ ပေါက်ကွဲသံစဉ်တွေ ကိုကို့ကို သူရင်ဖွင့်တယ်။ မပျော်တော့ဘူး၊ သူညည်းညူတာပေါ့။

ကိုကို စိတ်မကောင်းဖြစ်မိတယ်။ သူ့ကိုနှစ်သိမ့်စကားအနည်းငယ်နဲ့ အားပေးစကားပြောပြီး လမ်းခွဲခဲ့ကြတယ်။ သူဝါသနာပါလွန်းလို့ဝင်ခဲ့တဲ့ ဒီအလုပ်မှာ နှစ်သုံးဆယ်ရဲ့ နိဂုံးကမ္ပတ် အဆုံးသတ်က စိတ်ပျက်ခြင်းတဲ့လား။ ကိုကိုကတော့ အလုပ်ထဲမှာ ပျော်ရွှင်တက်ကြွစွာနဲ့ စိတ်ချမ်းမြေ့ပျော်ရွှင်နေတုန်းပါ။ ကိုကို့အားပေးစကားကို သူဘယ်လောက်အထိ လက်ခံသွားသလဲဆိုတာတော့ စောင့်ကြည့်ရဦးမှာပဲ။ နောက်ရက်တွေမှာ မကြာမကြာအားပေးစကားလှမ်းပြောရင်း သူ့ကိုထပ်မံနှစ်သိမ့်မယ်လို့တော့ ကိုကိုဆုံးဖြတ်ထားပါတယ်။

သူ့အကြောင်းကို ကိုကို သိသင့်သလောက်သိတယ် ညီလေး။ သူဟာ အခုရာထူးအထိ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ဖြတ်သန်းပြီးမှ ရလာခဲ့တာ။ သူ့အထက်က ကိုယ်ချင်းစာတရားအားနည်းတဲ့ လူတွေနဲ့ ကြုံခဲ့တာကိုလည်း သည်းခံခြင်းတရားနဲ့၊ စိတ်ကောင်းနှလုံးကောင်းနဲ့၊ မလျှော့သော ဇွဲ လုံ့လနဲ့ နေခဲ့တာ။ ဘာသာရေးစာအုပ်အပါအဝင် သူဝါသနာပါတဲ့ စာပေရေးသားခြင်းအလုပ်တွေကိုလည်း လုပ်ခဲ့တာ။ စားသောက်နေထိုင်မှု ကျစ်ကျစ်လျစ်လျစ်နဲ့ တိုက်ခန်းငယ်လေးတစ်ခန်းလောက်ပိုင်အောင် စုဆောင်းခဲ့တာ။ အဲဒါတွေကို ပြန်စဉ်းစားပြီး စိတ်အားပြန်တင်းဖို့ ကိုကိုအားပေးခဲ့ပါတယ်။

ကိုကို မကြာခဏတွေ့ဖြစ်တာ ရှိတယ်။ ဘာလဲဆိုရင် ဆေးတက္ကသိုလ်မှာ ၆ နှစ် ၆ မိုး ပညာတွေသင်လာပြီး ကျောင်းဆင်းဆင်းချင်းမှာပဲ ဆရာဝန်မလုပ်ချင်တော့တဲ့သူ၊ အင်ဂျင်နီယာဖြစ်ဖြစ်ချင်းမှာပဲ အင်ဂျင်နီယာအဖြစ်နဲ့ ဘဝကိုဆက်လက်ရပ်တည်ဖို့ စိတ်မရှိတော့တဲ့သူ၊ စစ်တက္ကသိုလ်၊ စစ်အင်ဂျင်နီယာ တက္ကသိုလ်တွေမှာ အပင်ပန်းအဆင်းရဲဒဏ်ကို ဖြတ်ကျော်လာပြီးမှ ကျောင်းဆင်းဆင်းချင်းမှာပဲ သူတို့ဘဝကို မပျော်ပိုက်တော့ဘူး ဆိုလာသူတွေကို ကိုကိုတွေ့ရတယ်။ ကိုကို တရားဟောရပါတယ်။ ဖြတ်သန်းလာခဲ့တဲ့ တက္ကသိုလ်ဝင်တန်း(ဆယ်တန်း)ဘဝကမအိပ်နိုင်၊ မစားနိုင်ကြိုးစားခဲ့ရတာကို သတိရဖို့ ၊ အဲဒီအချိန်က ဆရာဝန်ဖြစ်ရမယ်၊ အင်ဂျင်နီယာဖြစ်ရမယ်၊ စစ်ဗိုလ်ဖြစ်ရမယ်လို့ အားတွေတင်း၊ ကြိုးစားခဲ့ရတာကို မေ့မပစ်ဖို့၊ တက္ကသိုလ်မှာ ၄၊ ၅၊ ၆ နှစ် ဆင်းရဲပင်ပန်းစွာ ဖြတ်ကျော်ခဲ့ရတာတွေ အမှတ်ရဖို့။ ဘာကြောင့်ပဲ စိတ်တွေပျက်ပျက် ဒီလို အားမွေးယူရမှာလေ။

ဒါနဲ့ညီလေးရေ၊ မနေ့က ညီမလေး ဖုန်းဆက်လာတယ်။ သူနဲ့ ညီလေးတို့ရဲ့ ရည်းစားသက်တမ်းက ၁၄ နှစ်ကျော်နော်။ အခုအိမ်ထောင်သက်ကလည်း အဲဒီလောက်ပဲရှိသေးတာ။ တစ်ယောက်နဲ့တစ်ယောက် စိတ်ဝမ်းကွဲပြီး စိတ်ကုန်ခန်းစရာတွေဖြစ်နေကြတာကို ငိုပြီးပြောပြတယ်။ ကိုကိုစိတ်မကောင်းဘူး။ အိမ်ထောင်သည်ဘဝဆိုတာကတော့ တစ်ယောက်နဲ့တစ်ယောက် တစ်ခါတစ်ရံ စိတ်သဘောချင်း၊ အမြင်ချင်း၊ စဉ်းစားတွေးခေါ်ပုံချင်း မတူတာတွေရှိကြပါတယ်။ ဒါကိုကျော်ဖြတ်ကြရတာပါပဲ။ ကလေးတွေရဲ့ မျက်နှာ၊ မိဘတွေမျက်နှာ၊ နှစ်ဖက် ဆွေမျိုးအသိုင်းအဝိုင်း၊ ပတ်ဝန်းကျင် စသည်ဖြင့်လည်း ကြည့်ရမှာပေါ့။ ပြီးတော့ အဓိကအရေးအကြီးဆုံးကတော့ ညီလေးတို့ရဲ့ အတိတ်ပဲ။ ကိုကိုအမြဲပြောခဲ့သလို ညီလေးတို့ရဲ့အတိတ်ကို မမေ့မလျော့နဲ့ ပြန်သုံးသပ်ကြဖို့လိုတာပေါ့။

ညီလေးတို့ဆိုရင် ညီမလေးမိဘနဲ့ဆွေမျိုးတွေ သဘောမတူတဲ့ကြားက ညီမလေးကိုယ်တိုင်ကလည်း ညီလေးနဲ့မှ မရရင် တစ်သက်လုံး တစ်ယောက်တည်းပဲ ရပ်တည်တော့မယ်လို့ သစ္စာတရားနဲ့၊ ညီလေးကလည်း သူ့တစ်ယောက်တည်းအပေါ် တစ်သက်လုံး ချစ်မြတ်နိုးပါမယ်ဆိုတဲ့ စကားနဲ့ အခက်အခဲတွေကြားက နှစ်ပေါင်းများစွာ နှောင်ဖွဲ့နေတဲ့ အချစ်အိမ်လေးကို တည်ဆောက်ခဲ့ကြတာ မဟုတ်လား။ လက်ချင်းမြဲမြဲတွဲပြီး ပျော်ရွှင်စွာပေါင်းဖက်လေသတည်းဆိုတဲ့ ဇာတ်သိမ်းရောက်အောင် ဘယ်လောက်အားထုတ်ခဲ့ရသလဲ။ အချစ်ဝတ္ထုတွေမှာတော့ ဒါက ဇာတ်သိမ်းဖြစ်ပေမယ့်၊ တကယ့်ဘဝမှာတော့ အဲဒီတော့မှ ဘဝစခဲ့တာလေ။ ညီလေးတို့ဘဝနှစ်ခုကို စတင်ခဲ့တာက သာမန်အိမ်ထောင်သည်တွေလို သာယာတဲ့လမ်းမဟုတ်ခဲ့ဘူးလေ။ အဲဒီတုန်းက စိတ်မလျှော့ခဲ့ကြဘဲ သတ္တိရှိရှိ၊ သစ္စာရှိရှိ၊ မေတ္တာမှန်လို့ပေါင်းဖက်ခဲ့ကြတာကို အမြဲတမ်း ပြန်မြင်ယောင်ကြည့်စေချင်မိတာပါပဲကွာ။ အခုလို အချိန်မှာ တစ်ယောက်နဲ့တစ်ယောက် စိတ်ဝမ်းတွေကွဲပြီး စလောင်းရွှံ့နဲ့ အိုးပဲ့လုပ်ကြရင် ကာယကံရှင် ညီလေးတို့နှစ်ယောက်ရဲ့ဘဝသာ မဟုတ်ဘူး၊ ကျန်တဲ့သူတွေကို ထိခိုက်တော့မှာ။ ညီလေးတို့ရဲ့ သားသမီးတွေ၊ နှစ်ဖက်မိဘ ဆွေမျိုးတွေ စိတ်ဆင်းရဲကြရမယ်။ တစ်ယောက်နဲ့ တစ်ယောက်က အပြုံမြင်တဲ့စိတ်နဲ့၊ ချစ်တဲ့စိတ်နဲ့ကြည့်ပေးပါလို့ ကိုကိုကတော့ မေတ္တာရပ်ခံချင်မိပါတယ်။

ညီလေး

လင်မယားဆိုတာကတော့ သူစိမ်းတွေပါ။ ဒါပေမယ့် ကလေးတွေအတွက် နှစ်ဦးပေါင်းမှ မိစုံဖစုံဆိုတဲ့ဘဝ ဖြစ်လာမှာလေ။ မိဘမဲ့၊ မိမစုံဖမစုံ စသည်ဖြင့် ပုံဖော်ရိုက်ကူးထားတဲ့ ဒီနေ့ ကိုရီးယားဇာတ်လမ်းတွဲတွေ ရုပ်မြင်သံကြားမှာ ညီလေးကြည့်ရမှာပါပဲ။ ဘယ်လောက် ဒုက္ခတွေ ခံကြရသလဲကွယ်။ ညီလေးရဲ့ သွေးသားတွေကို အဲဒီလိုအဖြစ်မျိုး အဖြစ်ခံနိုင်မှာမဟုတ်ဘူးလို့ ကိုကို ထင်ပါတယ်။ စဉ်းစားစေချင်တယ်။ တစ်ဒင်္ဂလေး စိတ်အနှောင့်အယှက်ကို တစ်ဘဝနဲ့ လဲမယူပါနဲ့ညီလေး။ ကိုကိုတို့အရွယ်တွေဟာ ကိုယ့်ကိုယ်ကိုယ်ပဲ ဦးစားပေးရမယ့် အရွယ်တွေ မဟုတ်တော့ဘူး။

တော်သေးပြီညီလေး။ ကိုကိုအားလို့ ရန်ကုန်ဆင်းလာဖြစ်ရင် တွေ့ကြမယ်လေ။ ညီလေးရင်ဖွင့်ချင်တာလည်း ဖွင့်ပေါ့။ ဒါပေမယ့် ကိုကိုဖြစ်စေချင်တာကတော့ ဒီနေ့ညနေမှာပဲ ညီမလေးနဲ့ ပြေရာပြေကြောင်း ဖြစ်စေချင်တယ်။ လူဆိုတာ ကိုယ့်မျက်ချေးကိုယ်မမြင်တတ်သူတွေလေ။ ညီလေးမှားတာတွေကို ညီလေးသိမှာမဟုတ်သလို၊ ညီမလေးမှားတာတွေကိုလည်း ညီမလေးသိမှာ မဟုတ်ပါဘူး။ ဒီတော့ ညီလေးမကြိုက်တာကို ထုတ်ဖော်ပြောပြီး သူမကြိုက်တာကိုလည်း သိရင် ပြင်နိုင်ကြရမှာပေါ့။ ကိုကိုကတော့ ဒီလိုပဲ ငြိမ်းချမ်းရေးလမ်းခင်းစေချင်တယ်။ ကိုကို့ကို ကတိပေးဖို့တော့မလိုပါဘူး။ ညီလေးတို့ နှစ်ယောက်သားသာ ရှေ့ဆက်တစ်ယောက်နဲ့တစ်ယောက် အပေးအယူမျှပြီး တစ်ဦးနဲ့တစ်ဦး မင်္ဂလာဦးတုန်းက ကတိတွေစောင့်ထိန်းပြီး အေးချမ်းပျော်ရွှင်တဲ့ မိသားစုဖြစ်ပါစေလို့ ကိုကိုဆုတောင်းပါတယ်။

ညီလေးရဲ့ ကိုကို

HIV ကလေးငယ်များအတွက် အာဟာရနို့မှုန့်လှူဒါန်း

နေပြည်တော် မတ် ၁၇

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး သဘောတူစာချုပ် Production Sharing Contract (PSC) စာချုပ်ဖြင့် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-1 နှင့် A-3 တွင် ရွှေစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေသည့် Daewoo Exploration and Production International Ltd.၏ ရန်ကုန် (ရုံးချုပ်) တွင် HIV ကလေးအထူးကုဆေးရုံ (မင်္ဂလာဒုံ) သို့ ကျပ် ၃၅၀၁၆၃၀၀ တန်ဖိုးရှိ အာဟာရနို့မှုန့်ဘူးများအား ရွှေစီမံကိန်း၏ အစုအဖွဲ့ဝင်များကိုယ်စား Daewoo E&P မှ Operator ဖြစ်သူက လွှဲပြောင်းကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ် တရားရုံးများသို့ သွားရောက်စစ်ဆေးကြည့်ရှု

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေသည် မတ် ၁၆ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးနှင့် တိုက်ကြီးမြို့နယ်တရားရုံး၊ မှော်ဘီမြို့နယ်တရားရုံးများသို့ သွားရောက်၍ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များ ကြည့်ရှုစစ်ဆေးသည်။ ထိုသို့ ကြည့်ရှုစစ်ဆေးပြီးနောက် သက်ဆိုင်ရာတရားရုံးများမှ တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်၊ အမှုများကို လာဘ်ပေးလာဘ်ယူကင်းရှင်းစွာဖြင့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်ဆုံးဖြတ်ရန်၊ ကြန့်ကြာမှုခင်းများ၊ အမြန်ပြီးပြတ်ရေး ဦးစားပေးဆောင်ရွက်ရန်၊ အမှုသည်များနှင့် တာဝန်အရ ပြောဆိုဆက်ဆံရာတွင် သိမ်မွေ့စွာ ပြောဆိုဆက်ဆံကြရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန်နှင့် ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားရုံးများဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

GOLDEN STAR Travels & Tours

☆ ရွှေစက်တော်၊ ပုဂံ-ပုပ္ပါး	Mar22,Apr12
☆ မုံရွာ-အလောင်းတော်ကဿပ	Mar22,Apr12
☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ	Mar22,Apr12
☆ တောင်ကြီး-အင်းလေး-ပင်းတယ	Mar22,Apr12
☆ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ	Apr12
☆ မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်-ရွှေလီ	Apr12

Ph: 209200, 544383, 430480, 703448, 09-5081580

TANGO (ဧည့်လမ်းညွှန်) Ph : 01- 382394, 09-73109637

* ကိုရီးယား-ဆိုးလ်-ဂျယ်ဂျူး-ဘူဆန်-နာမီ	(၈)ရက် 1950 USD	April10
* စင်ကာပူ-မလေးရှား-ဂျန်တင်း	(၈)ရက် 1350 USD	April12
* ဗန်ကောက်-ပတ္တရား-အယုဒ္ဓယ	(၆)ရက် 730 USD	April12
* အင်ဒိုနီးရှား-ဘာလီ-ဘောရိုဘူဒို-ဂျကာတာ	(၇)ရက် 1500 USD	April10
* ကမ္ဘောဒီးယား-အန်ကောဝ်-ဖနွမ်ပင်	(၅)ရက် 550 USD	April12
* ဗန်ကောက်-ပတ္တရား-အန်ကောဝ်-ဆီမ်ရိပ်	(၆)ရက် 1050 USD	April11

ဦးအောင်ထင်ကျော်
အင်္ဂလိပ်စာ ရေးနည်း
Essay, Letter
အင်္ဂလိပ်စကားပြော
• 392468
09517184

မတ်လ (၁၈)ရက် တနင်္လာနေ့ မြန်မာတစ်ပြည်လုံးဖြန့်မည်
ဂျာနယ် အမှတ် (၁) ဝက်ဝက်ကွဲ ပေါက်တယ်ဆိုတာ ပြည်သူ့ဆန္ဒ နဲ့ တစ်ထပ်ထဲကျလို့ ဖြစ်မှာပါ . . .
မှုခင်းဆန်း
အမှတ်-(၂) ကို ကျွန်တော်တို့ အကောင်းဆုံး ကြိုးစားထားပါတယ် . . .
သတင်းဂျာနယ်
မင်းပြတ်စံ၊ ပိုးအေး(DVB)၊ အောင်သာ (ပီသုံးလုံး)၊ ထက်မြက်၊ တင်နိုင်တိုး၊ ထက်ကျော်၊ အဏ္ဏဝါစိုးပိုး၊ အရမ်းသန်းညွန့်၊ ရဲဒေါင်းပဲမောင်၊ စံဇာကီဘို၊ ဂါမဏိ၊ မောင်မှန် တို့၏ လွတ်လပ်ရဲရင့်သော ဆောင်းပါးများ၊ အင်တာဗျူးများ . . . .
နေမျိုးအေး၊ ကိုရွှေထူး၊ ကျောက်သူး၊ ထင်လင်းကျော်၊ Zero၊ ပေါ်လွင်ကျော်၊ အဌ၊ လပင်း၊ ဒွဲဒိုး(ချောက်)၊ မျိုးကြီး၊ ဇီးသီး၊ ရွှေဇင်အိ တို့၏ ထိထိမိမိ ကာတွန်းများ . . . အောက်ခြေလူတန်းစားတွေအတွက် ပြောဆို ရင်ဖွင့်နိုင်တဲ့ စာပေပလက်ဖောင်း တစ်ခုတည်ဆောက်ထားပါတယ်
. . . ဂျာနယ်တိုက်ကို ရဲရဲရင့်ရင့် အရောက်လှမ်းခဲ့ပါ လို့ ဖိတ်ခေါ် ပါရစေ ခင်ဗျာ . . .
အမှာစာပို့လိုသူများနှင့် ဆောင်းပါး၊ သတင်း၊ ရင်ဖွင့်သံ၊ ကဗျာ၊ ကာတွန်း စာမူပေးပို့လိုသူများ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်
အမှတ် ၂၉ ၊ တောင်မြင်းပြိုင်ကွင်းလမ်း ၊ တာမွေမြို့နယ် ၊ ရန်ကုန်မြို့ ။ ဖုန်း - ၀၁ ၈၆၀ ၄၀၆၄ ၊ ၀၁ ၁၂၂၀၉၀၄

ပြတ်ပေါ်တင်ဆွန်း
22 Mar 8:30 pm 35000
29 Mar 6:00 pm
မျိုးမြတ်သူ 09493042440 9421065846

Pearl City
Travels and Tours
မူဆယ် အခြေစိုက် လိုင်စင်ရ Tour လုပ်ငန်းဖြစ်သည်။
- လားရှိုး-မူဆယ်-နမ့်ခမ်း နှင့် တရုတ်နယ် စပ်ခရီးစဉ်များကို တစ်ဦးချင်းမှအဖွဲ့လိုက်အထိ စီစဉ်ဆောင်ရွက်ပေးသည်။
- နိုင်ငံခြားသားများ ပြည်ဝင်၊ ပြည်ထွက် ခရီးစဉ်များ စီစဉ်ပေးသည်။
- ခရီးသွားလုပ်ငန်းအချင်းချင်း ဆက်သွယ်နိုင်သည်။
Ph:09-5231462, 09-5232259, 09-41001969

သရုပ်ဆောင်တစ်ဦးအနေဖြင့် ပထမဆုံး အာရှခရီးစဉ်ကို တရားဝင်သွားခွင့်ရသူ ကိုရီးယားကြယ်ပွင့် ပတ်ရှင်ဟေး

မြို့ဝန္ဒာမြင့် စုစည်းသည်

ကိုရီးယားကြယ်ပွင့် ရုပ်ရှင်သရုပ်ဆောင် ပတ်ရှင်ဟေးက အာရှဒေသတစ်လွှားသို့ သွားရောက်မည့် တရားဝင်ခရီးစဉ်ကို မတ် ၁၆ ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှ စတင်ခဲ့ကြောင်း အက်စ်အေအယ်လ်တီ အင်န်တာတိန်းမန့်မှ သတင်းဖော်ပြသည်။

ယခုခရီးစဉ်သည် သရုပ်ဆောင် ပတ်ရှင်ဟေး၏ သရုပ်ဆောင်တစ်ဦးအနေဖြင့် ပထမဆုံးအကြိမ် သွားရောက်ခွင့်ရသော အာရှခရီးစဉ်တစ်ခုဖြစ်ပြီး အဆိုပါခရီးစဉ်အရ ပတ်ရှင်ဟေးသည် မတ် ၂၄ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌လည်းကောင်း၊ ဆက်လက်ပြီး ဧပြီလထဲတွင် ပေကျင်း၊ ရှန်ဟိုင်း၊ တရုတ်နိုင်ငံနှင့် အခြားသော အာရှနိုင်ငံများသို့လည်းကောင်း သွားရောက်ကာ ပရိသတ်များနှင့် တွေ့ဆုံပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံအနှံ့အပြားမှာ ရှိနေကြတဲ့ ပရိသတ်တွေရော၊ ကျွန်မတို့နဲ့ ယဉ်ကျေးမှုမတူတဲ့နိုင်ငံတွေမှာ ရှိနေကြတဲ့ ပရိသတ်တွေကိုရော ကျေးဇူးအထူးတင်ပါတယ်၊ ပရိသတ်တွေနဲ့ ရင်းနှီးပွင့်လင်းစွာတွေ့ဆုံရင်း သူတို့ကို ကျေးဇူးပြန်ဆပ်နိုင်တဲ့အတွက်လည်း ကျွန်မအရမ်းပျော်ပါတယ်" ဟု သရုပ်ဆောင် ပတ်ရှင်ဟေးက ပြောကြားခဲ့သည်။

သရုပ်ဆောင်ပတ်ရှင်ဟေးသည် အဆိုပါ အာရှခရီးစဉ်အတွင်း ပရိသတ်များနှင့်အတူ ဇာတ်ဝင်တေးများ သီဆိုခြင်း၊ ကခုန်ခြင်းများနှင့် ပျော်ပွဲရွှင်ပွဲများပြုလုပ်ရန် စီစဉ်ထားကြောင်းသိရသည်။

ထို့ပြင် သူမသည် သရုပ်ဆောင်ယွန်ကျီစန်းနှင့် Love of Rock, Paper, Scissors ဒရာမာဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Kara အဖွဲ့၏ Bye Bye Happy Days သီချင်းနားဆင်နိုင်ပြီ

၂၀၀၇ ခုနှစ်က ဖွဲ့စည်းခဲ့သည့် တေးသံချိုချိုဟု အမိပ္ပာယ်ရသော Kara အမည်ရှိတောင်ကိုရီးယားပေါ့အဆိုတော် အမျိုးသမီးငယ်အဖွဲ့သည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက Bye Bye Happy Days သီချင်းဗီဒီယိုအကျဉ်းအား ထုတ်လွှင့်ပြီးနောက်ပိုင်း ယခု သီချင်းအစအဆုံး ဗီဒီယိုဖိုင်အား အွန်လိုင်းပေါ်တင်ထားပြီဖြစ်ရာ ပရိသတ်များ ကြည့်ရှုနားဆင်နိုင်ပြီဖြစ်သည်။

သီချင်းခေါင်းစဉ်ကို ဖတ်စဉ်၌ အလွမ်းအဆွေးသီချင်းဟု ယူဆဖွယ်ရှိသော်လည်း အမှန်တကယ်မှာ ရွှင်လန်းတက်ကြွဖွယ်ကောင်းနေပြီး Karaအဖွဲ့၏ ချစ်စဖွယ်ဟန်တို့ဖြင့် အလွယ်တကူဖမ်းစားသွားသည်ကို တွေ့မြင် ရမည်ဖြစ်သည်။

ယင်းသီချင်းမှာ ၎င်းအဖွဲ့၏ ရှစ်ခွေမြောက် ဂျပန်သီချင်းဖြစ်ပြီး မတ် ၂၇ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

သူရဲကောင်းတစ်ဦးအဖြစ် ပြောင်းလဲမြင်တွေ့ရမည့် ရုပ်ရှင်သရုပ်ဆောင် ကင်မ်ဟေဆူး

သာမန် ဒရာမာဇာတ်ကားများတွင်သာ ပါဝင်သရုပ်ဆောင်ခဲ့ရသူ ကိုရီးယား သရုပ်ဆောင် ကင်မ်ဟေဆူးကို ယခုအခါ The Queen of Office အမည်ရှိဇာတ်ကားတွင် ကျွဲတစ်ကောင်နှင့်ယှဉ်ပြိုင်တိုက်ခိုက်မည့် သူရဲကောင်းတစ်ဦးအနေဖြင့် ပြောင်းလဲတွေ့မြင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ကင်မ်၏ ဇာတ်ရုပ်ကို ပြောင်းလဲထားသည်သာမကဘဲ ကင်မ်၏ စပိန်ဘာသာစကားပြောစွမ်းရည် တိုးတက်လာသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဇာတ်လမ်းထဲမှာပါတဲ့ ဇာတ်ရုပ်အတွက် စပိန် ဘာသာစကားကို လေ့လာရုံသာမကဘဲ အဆိုပါ ဘာသာစကားကို လေ့လာနေစဉ်



အတွင်း မိမိကိုယ်ကို စပိန်လူမျိုးတစ်ဦးအဖြစ် သတ်မှတ်ကာ အကောင်းဆုံးကို မျှော်လင့်ကာ ကြိုးစားခဲ့ပါကြောင်းဖြင့် သရုပ်ဆောင်ကင်မ်ဟေဆူးက ပြောကြားခဲ့သည်။ ယင်း ဒရာမာဇာတ်ကားသစ်ကို ဧပြီလဆန်းပိုင်းတွင် KBS 2TV ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဘယ်သူမှ ကိုယ့်လောက်မတော်ဘူးဆိုတဲ့ မင်းသမီး ကဂျိုးလ်

ဘောလိဝုဒ်သရုပ်ဆောင်မင်းသမီး (၃၈)နှစ်အရွယ်ရှိ ကဂျိုးလ်က ဘောလိဝုဒ်ရုပ်ရှင်လောက၌ ယောက်ကလျာအသွင်ဖြင့် သရုပ်ဆောင်ရာ၌ သူမသည် အတော်ဆုံး

မင်းသမီးတစ်ယောက်ဖြစ်ကြောင်း၊ ဘောလိဝုဒ်ရုပ်ရှင်လောက၌ ဘယ်သူမှ ကိုယ့်လောက်မတော်ဟု ထင်ခဲ့ကြောင်း၊ ယခုအခါ ယင်းအတွေးများကို သိမြင်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။

ကဂျိုးလ်က ဆက်လက်ပြီး "ကျွန်မ မိခင်ဘဝရောက်ပြီးနောက်ပိုင်း သားသမီးတွေကို ပြုစုပျိုးထောင်ဖို့အတွက် အနုပညာလုပ်ငန်းတွေကို ရပ်တန့်ခဲ့ရပါတယ်။ ကျွန်မသရုပ်ဆောင်ခဲ့ပြီး ဆုများ ရရှိခဲ့တဲ့ Kuch Kuch Hota Hai နဲ့ Dalwale ဇာတ်ကားတို့ကို ပြန်လည်သရုပ်ဆောင်နိုင်မယ့် သို့မဟုတ် ဇာတ်ကားနဲ့ သင့်လျော်မယ့် မင်းသမီးကို မတွေ့သေးဘူး။ သရုပ်ဆောင်ဆိုတာ ကိုယ်ရောက်နေတဲ့နေရာကို အကောင်းဆုံးဖြစ်အောင် ကြိုးစားဖို့နဲ့ စဉ်ဆက်မပြတ် စူးစမ်းလေ့လာနေဖို့ လိုတယ်လို့ ထင်တယ်။ မျက်နှာသစ် မင်းသမီးလေးတွေအတွက် အချိန်အတိုင်းအတာတစ်ခု တော့လိုပါလိမ့်မယ်၊ ကျွန်မရဲ့ဆန္ဒတစ်ခုက TV ရုပ်သံအစီအစဉ် တစ်ခုခုမှာ ပါဝင်ချင်တယ်။ ဒါပေမယ့် အကပြိုင်ပွဲက ဒိုင်လူကြီးတော့ မလုပ်ချင်ပါဘူးဟု ထပ်လောင်း ပြောကြားသွားသည်။ မင်းသမီး ကဂျိုးလ်အား မကြာမီ ဖြန့်ချိရုံတင်မည့် Chennai Express ဇာတ်ကား၌ မင်းသား ရှရွတ်ခန်နှင့် တွဲဖက်မြင်တွေ့ရမည် ဖြစ်သည်။

ဇေယျာလင်း

အဆင့်မြင့်ခရီးစဉ်များ
The Best of "Car, Hotel, Restaurant"
တောင်ကြီးသကြၤန် ၊ အင်းလေး၊ ပင်းတယ၊ ထမ်းဖမ်း၊ မွေတော်ကတ္တူ။
မှုဆယ်၊ ရွှေလီသကြၤန် ၊ မူဆယ်၊ ပြင်ဦးလွင်၊ သီပေါ၊ လားရှိုး။
ခရီးစဉ်များအား... Business Class (အထူးကား), 2 Plus 1
2012 ခုနှစ်ထုတ် ကားသစ်ကြီးများဖြင့် ပို့ဆောင်ပေးပါမည်။
ဧပြီလ ၁၂၊ ၁၃ နေ့ထွက်မည်
249871, 255553, 389611, 09-5137245

အဆင့်မြင့်ခရီးသွားပို့ဆောင်ရေး
ဖြတ်မော်တင်စွန်းဘုရားပွဲတော် (Mar 15,22) 30000
မန်းရွှေစက်တော် 40000
55000
ကျိုက်ထီးရိုး ချောင်းသာ
0973198239, 0943033237, 0973163538

ခရီးသွား 09-73207416, 09-43098308
Mar 15, 22, 24, 29 Apr 5, 11, 12, 13, 17

ဆရာအာသာ SUCCESS Language Academy 202046 256954
Y.W.C.A ခန်းမ၊ အမှတ်(၁၁၉)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင် 0949249463

Basic English Speaking 6 - 7:30 Mon~Thurs 18 Mar 7:30-10:30 Sat+ Sun 30 Mar 2 - 5 Sat+ Sun 20 Apr	Vocab Enrichment 7:30 - 9 Mon~Thurs 18 Mar 2 - 5:00 Sat+Sun 20 Apr 6 - 7:30 Mon~Thurs 22 Apr	IELTS Four Skills 1 - 3:30 Mon~Thurs 11 Mar 1 - 4:30 Sat + Sun 20 Apr
Four Skills English (Basic) 1 - 2:30 Mon~Thurs 18 Mar 7:30-10:30 Sat + Sun 30 Mar 7:30-10:30 Sat + Sun 6 Apr 3:30 - 5 Mon~Thurs 8 Apr	Basic Grammar 7:30-9:30 Sat+Sun 30 Mar 1 - 2:30 Mon~Thurs 8 Apr	IELTS Exam Practice 7:30-10:30 Sat+Sun 16 Mar
	Intermediate Grammar 7:30 - 9 Mon~Thurs 6 May	IELTS Speaking 1 - 2:30 Mon~Thurs 22 Apr
Pre-Intermediate (4-Skill English) 6 - 7:30 Mon~Thurs 18 Mar 7:30-10:30 Sat+Sun 23 Mar 2 - 5:00 Sat+Sun 30 Mar 1 - 2:30 Mon~Thurs 1 Apr	Basic Writing 1 - 3:00 Sat+Sun 23 Mar 7:30 - 9 Mon~Thurs 8 Apr	IELTS Reading 7:30-9:30 Mon~Thurs 22 Apr
	Intermediate Grammar 7:30-9:30 Sat+Sun 23 Mar	IELTS Writing 7:30-9:30 Sat+Sun 16 Mar
Intermediate (Academic English) 3:30 - 5 Mon~Thurs 25 Mar 9:30-12:30 Sat+Sun 30 Mar	Marlins English သင်တန်း 4:30-7:30 (Sat+Sun) Apr 27	

ရောင်းမည်
ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ (ကျောက်တန်း)၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ်-၁/၉၀၉၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ်(၈၈၀/၁၁၀၉/၁၂၄၁/၂၀၆၃/၂၀၇၁/၈၄၂) စံချိန်မီတိုးချဲ့-၁၇၆၃/၁၉၀၀နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း-၈၀၊ မြေကွက်အမှတ်-၄၄၁၊ မြေတိုင်း(၉၁)၊ မြေကွက်အမှတ်-၅၈၅တို့အား ရောင်းချရန်ရှိပါသည်။
စိန်ငွေ
ဖုန်း-၀၉-၄၃၁၁၁၅၀၇

FOREVER SPORTS JOURNAL

အကျိုးဆောင်
Ph: 01-387127, 375537
City Mart များတွင်လည်း ရရှိနိုင်ပါသည်။
မတ်လ (၁၈) ရက်၊ တနင်္လာနေ့
ထွက်ပြီ

အားကစား

ရွှန်းနီ၏တစ်လုံးတည်းသောဂိုးဖြင့် ရီးဒင်းကိုအနိုင်ယူကာ မြို့ခံပြိုင်ဘက် မန်စီးတီးကို ၁၅ မှတ်ဖြတ်လိုက်သည့် မန်ယူ

ပြီးခဲ့သည့်ဘောလုံးရာသီက ဖလားလက်မဲ့ဖြစ်ခဲ့ရသော စကော့တလန်နိုင်ငံသားကြီး ဆာအဲလက်စ်ဖာဂူဆန်ကိုင်တွယ်လျက်ရှိသော မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် တိုက်စစ်မှူး ဗန်ပါစီ၊ ကွင်းလယ်လူ ကာဂါဝါ စသည့်ကစားသမားသစ်များကို ခေါ်ယူအားဖြည့်ကာ ယခုနှစ်ဘောလုံးရာသီအောင်မြင်မှုရရှိရေး ကြိုးပမ်းလာခဲ့ရာ မတ် ၁၇ ရက် နံနက်ပိုင်းတွင် မန်ယူ၏အိုးထရက်ဖို့ဒ်၌ ပွဲစဉ်(၃၀)အဖြစ် ရီးဒင်းအသင်းကို ဧည့်ခံကစားခဲ့စဉ် ရွှန်းနီ၏တစ်လုံးတည်းသောဂိုးဖြင့် မန်ယူတို့အနိုင်ရရှိကာ မြို့ခံပြိုင်ဘက်မန်စီးတီးအသင်းကို ၁၅ မှတ်ဖြတ်ထားနိုင်ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် မန်ယူအသင်းသည် ဖီးဂျုံး၊ နာနီနှင့် ပေါစခိုးလ်တို့ ဒဏ်ရာပြဿနာများကြောင့် မပါဝင်နိုင်သော်လည်း ရွှန်းနီ၊ ဗန်ပါစီ၊ ဝဲလ်ဘက်၊ အက်ရှ်လေယန်း၊ အန်ဒါဆန်၊ ရိုင်ယန်ဂစ်၊ စမောလင်း၊ ဗီဒစ် စသည့် ကစားသမားများကို ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ရာ ပထမပိုင်းပွဲစ၍ ၂၁ မိနစ်မှာပင် အိမ်ရှင်မန်ယူအသင်း တိုက်စစ်မှူးရွှန်းနီ၏ သွင်းဂိုးဖြင့်ပင် ဧည့်သည်ရီးဒင်းအသင်းကို အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းသည် ယခင်က ဖလားသုံးလုံး မျှော်လင့်ချက်ထားနိုင်သော်လည်း ချန်ပီယံလိဂ်တွင် ဓမ်ရင်ဟို၏ ရီးယဲလ်မက်ဒရစ်ကို နှစ်ကျော့ပေါင်းရလဒ်ဖြင့် ရှုံးနိမ့်ကာ ဥရောပပြိုင်ပွဲကြီးကို လက်ပြနှုတ်ဆက်ခဲ့ရသည်။ ထို့အပြင် အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-နှစ်ဂိုးဖြင့် သရေပွဲဖြစ်ခဲ့ခြင်းကြောင့် ပြန်ကန်ပွဲယှဉ်ပြိုင်ရမည်ဖြစ်၍ အက်ဖ်အေဖလားကိုလည်း တစ်ထစ်ချမျှော်လင့်၍မရပေ။ ယင်းမှာ ပရီမီယာလိဂ်လက်ရှိချန်ပီယံ မန်စီးတီးက ဖလားလက်မဲ့မဖြစ်ရေးအတွက် အက်ဖ်အေဖလားကို အားစိုက်လာမည်ဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်းသည် ယခုနှစ်တွင် (၁၃) ကြိမ်မြောက် ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေးအတွက် မျှော်လင့်ချက်ရောင်ခြည်သည်လည်း လင်းလက်တောက်ပလာနေပြီဟု ဆိုရမည်ဖြစ်သည်။

မန်စီးတီးအသင်းမှာမူ တိုက်စစ်မှူး အဂူရိုအပြင် မိုက်ကွန်၊ ဂျက်ရော့ဝဲလ်၊ ကွန်ပနီ၊ မီကာရစ်ချက် စသည့် ကစားသမားများ ဒဏ်ရာရနေခြင်းကြောင့် တီဗက်ဇ်၊ ဆေးလ်ဗား၊ ဇက်ကို၊ ကိုလာရော့ဗ်၊ ဂါစီယာ၊ ဇာဘလက်တာ၊ ကိုလိုတိုရေး စသည့် ကစားသမားများကို ၃-၄-၃ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့သော်လည်း မိနစ် ၆၀ နောက်ပိုင်းတွင် ၁၀ ယောက်တည်းဖြင့်သာ ကစားခဲ့ရသည့် အဲဗာတန်အသင်းကို နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ယင်းပွဲစဉ်တွင် မန်စီးတီးအသင်းမှ ကစားသမားများသည် နည်းပြ ဒေးဗစ်မိုယက်၏ အဲဗာတန်အသင်းမှ ဖယ်လိုင်နီ၊ မီရာလက်စ်၊ ဘေးနက်စ်၊ အိုစမန် စသည့် ကစားသမားများ အကောင်းဆုံးဟန့်တားနိုင်ခဲ့ခြင်းမရှိဘဲ ပွဲအစ နှစ်မိနစ်မှာပင် အိမ်ရှင်အသင်းကို ဦးဆောင်ဂိုးပေးလိုက်ရပြီး မိနစ် ၉၀ တွင် ဂျယ်လာဗစ်၏ သွင်းဂိုးတစ်ဂိုး ထပ်မံခွင့်ပြုပေးလိုက်ရခြင်းကြောင့် မန်စီးတီးအသင်းအမှတ်ဗလာဖြင့် ပြန်ခဲ့ရသည်။

ထို့ကြောင့် မန်စီးတီးအသင်းသည် မြို့ခံပြိုင်ဘက် မန်ယူနှင့် ၁၅ မှတ်ကွာကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေခဲ့ရသည်။

ဒေးဗစ်မိုယက် ဂွတ်ဒီဆင်ပက်ခ်ကို စွန့်ခွာရန်ဆုံးဖြတ်ပါက ဝီဂန်နည်းပြ မာတီနက်ဇ်ကို ခေါ်ယူရန် အဲဗာတန် ဆန္ဒရှိနေ

နိုင်လင်းကြည်

ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းသည် လက်ရှိနည်းပြ ဒေးဗစ်မိုယက်အနေဖြင့် ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ခဲ့ပါမူ ဝီဂန်အသင်းနည်းပြ ရောဘတ်တိုမာတီနက်ဇ်ကို ဂွတ်ဒီဆင်ပက်ခ် အရောက်ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။

အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်အနေဖြင့်လည်း ရာသီကုန်ပါက ဂျာမနီမြေတွင် သွားရောက်၍ နည်းပြတာဝန်ထမ်းဆောင်ရန် ဆန္ဒရှိနေပြီး နောက်ဆုံးအနေဖြင့် ဂျာမန်ဘွန်ဒက်လီဂါကလပ်ရှော်ကေးအသင်းနည်းပြဖြစ်လိုကြောင်း ဆိုသည်။

ထို့ကြောင့် အဲဗာတန်အသင်းက ဝီဂန်အသင်းနည်းပြ မာတီနက်ဇ်အား မျက်စိကျနေခဲ့ခြင်း ဖြစ်သည်။ မာတီနက်ဇ်သည် နည်းပြဘရန်ဒန်ရော့ဂျာ လီဗာပူးအသင်းကို နည်းပြအဖြစ် တာဝန်မယူမီ လီဗာပူးအသင်းနှင့် ချိတ်ဆက်မှုများ ပြုလုပ်ခဲ့သူဖြစ်သည်။ ၎င်းသည် အသင်းတော်တော်များများက ခေါ်ယူရန်အသင့်ရှိနေသည့်အပြင် ၎င်းအနေဖြင့် အသင်းပြောင်းရွှေ့ရမည့် အခွင့်အရေးများ ရရှိခဲ့သော်လည်း ဝီဂန်အသင်းတွင်သာ ဆက်ရှိနေခဲ့သူဖြစ်သည်။

ဘာစီလိုနာအသင်းခေါင်းဆောင် ကားလက်စ်ပူယိုးလ် ဒူးဒဏ်ရာကြောင့် တစ်လခွဲ သို့မဟုတ် သုံးလအနားယူရဖွယ်ရှိ



ဘာစီလိုနာအသင်းခေါင်းဆောင် ကားလက်စ်ပူယိုးလ်သည် ၎င်း၏ ညာဘက်ဒူးခွဲစိတ်ကုသခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီ၏ ကျန်ရှိနေသည့် ပွဲစဉ်များနှင့် လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဘာစီလိုနာနောက်တန်းကစားသမား ပူယိုးလ်သည် ပြီးခဲ့သည့် မေလကလည်း ညာဘက်ဒူးဒဏ်ရာရမှုကြောင့် ခွဲစိတ်ကုသခဲ့ရပြီး လက်ရှိတွင်မူ တစ်လခွဲ သို့မဟုတ် သုံးလအထိ အနားယူရလိမ့်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းဆရာဝန် ရာမွန်ကူဂတ်က ပြောကြားခဲ့သည်။

ထို့ကြောင့် နောက်တန်းကစားသမား ပူယိုးလ်သည် ဧပြီလတွင်ယှဉ်ပြိုင်ကစားမည့် ပီအက်စ်ဂျီနှင့်ပွဲစဉ်ဖြစ်သည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်နှင့် စပိန်နိုင်ငံ၏ လာမည့်ကမ္ဘာ့ဖလားပွဲစဉ်များနှင့်လည်း လွဲချော်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ကားလက်စ်ပူယိုးလ်သည် လွန်ခဲ့သည့်ဘောလုံးရာသီ ၁၄ ရာသီတွင် ဘာစီလိုနာအသင်း၏ နောက်တန်းတွင် မရှိမဖြစ်အရေးပါခဲ့ပြီး ပြီးခဲ့သည့်တစ်နှစ်မှ စတင်ကာ ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့ခဲ့ရသည်။

ပူယိုးလ်သည် ပြီးခဲ့သည့်မေလက ဒူးဒဏ်ရာခွဲစိတ်မှုပြုလုပ်ခဲ့ပြီးနောက် စပိန်နိုင်ငံအသင်း၏ ယူရို ၂၀၁၂ ခရီးစဉ်နှင့်လည်း လွဲချော်ခဲ့ရကြောင်း သိရသည်။

အများသိစေရန်

125Tuas View Square, Singapore 637739 တွင် ရုံးခန်းဖွင့်လှစ်၍ စင်ကာပူ သမ္မတနိုင်ငံတွင် မှတ်ပုံတင်ဖွဲ့စည်းထားသော LITAT IMPORT & EXPORT PTE LTD.သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်-၁၃၇၄/၁၉၉၆ ဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

LITAT IMPORT & EXPORT PTE LTD.သည် မိမိတစ်ဦးတည်း တီထွင်ပိုင်ဆိုင်သည့် အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြုထုတ်လုပ်ထားသော အဖျော်ယမကာနှင့် စားသောက်ကုန်များကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်၊ နွယ်သာကီလမ်း၊ အမှတ် K18 တွင် ရုံးခန်းဖွင့်လှစ်ထားသော Emerald Lion Co.,Ltd.(ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၆၈၉/၂၀၁၂-၂၀၁၃)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ပြည်ပမှ တစ်ဦးတည်း တင်သွင်းခွင့်နှင့် မြန်မာနိုင်ငံတွင် တစ်ဦးတည်း လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချခွင့်ကို ပေးအပ်ထားခဲ့ပြီး လည်းဖြစ်ပါ၍ မည်သူမဆို ICE COOL ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ခုလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ တိုက်ရိုက် (သို့မဟုတ်) မှိုငြမ်း၍ အတုအပပြုလုပ်ထားသော(သို့မဟုတ်) အရောင်အားဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း ဆင်တူယိုးမှားပြုလုပ်ထားသော (သို့မဟုတ်) သွယ်ဝိုက်၍ အတုအပပြုလုပ်ထားသော အဖျော်ယမကာများနှင့် စားသောက်ကုန်များကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ အတုအပပြုလုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ တည်ခင်းရောင်းချခြင်း၊ ကြော်ငြာခြင်းစသည်တို့ကို စီးပွားရေး အကျိုးအမြတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဆောင်ရွက်သူမည်သူကိုမဆို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စိုးမြတ်မူ
ဝိဇ္ဇာဘွဲ့(ဥပဒေ)၊ ဥပဒေဘွဲ့
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၆၅၇)
အမှတ်(၁၉၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဘိလပ်မြေစက်ရုံ(နေပြည်တော်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘိလပ်မြေစက်ရုံ(နေပြည်တော်)၏ အောက်ဖော်ပြပါ မီးသင်းဖိုအမျိုးအစားတွင် ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့နှစ်မျိုးအား တစ်မျိုးစီသော်လည်းကောင်း၊ အချိုးကျရောစပ်၍သော် လည်းကောင်း မီးထိုးအသုံးပြုနိုင်သည့် (Dual Burner & Accessories 1-Lot) အား ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းလိုသည့် ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

-Kiln Capacity 500 Clinker Ton/Day
-Process System Wet Process System (Rotary Kiln)
-Cooler Type Grate Cooler

၂။ တင်ဒါပုံစံများကို ၂၀-၃-၂၀၁၃ရက်မှ ၂၇-၃-၂၀၁၃ရက်အထိ အောက်ဖော်ပြပါနေရာများတွင် ရုံးချိန်အတွင်း ဆက်သွယ်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၁-၄-၂၀၁၃ရက်နေ့ ၁၆း၀၀နာရီတွင် နောက်ဆုံးထားပေးသွင်းရမည် ဖြစ်ပါသည်-

(က) ဘိလပ်မြေစက်ရုံ(နေပြည်တော်)လယ်ဝေးမြို့နယ်
ဖုန်း-၀၁-၃၃၃၄၀၁၅၊ ၀၉-၅၀၀၀၃၃၁၊ ၀၉-၄၉၂၀၂၈၃၇၊ ၀၉-၆၅၂၀၂၃၅

(ခ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ(ဘိလပ်မြေအရောင်းဌာနခွဲ)
ဖုန်း-၀၆၇-၄၃၂၃၁၂၊ Fax-၀၆၇-၄၃၂၃၁၂

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော စွန့်ပစ်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၈-၃-၂၀၁၃ရက်မှ ၂၀-၃-၂၀၁၃ရက်အထိ နေ့စဉ် ၁၀း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၃-၂၀၁၃ရက် ၁၄း၀၀နာရီမှ ၁၅း၀၀ နာရီအတွင်း နေပြည်တော် သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါစွန့်ပစ်ပစ္စည်းအမျိုးအမည် အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအားကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက နေပြည်တော်သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၃၆၁၁၀တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
နေပြည်တော်သတင်းစာတိုက်
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

ပြည်တွင်းရေးရာ

၁၀ ဘီးယာဉ် ဘရိတ်ပေါက်၍ အနေးယာဉ်အားဝင်တိုက်

ရန်ကုန် မတ် ၁၇

အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ ရပ်ကွက် မီးရထား ခုံးကျော်တံတား ပေါ်တွင် မတ် ၁၄ ရက်က အရှေ့မှ အနောက်သို့ ယာဉ်မောင်းစည်သူ မောင်းနှင်လာသော နစ်ဆန်းဒီဇယ် ၁၀ဘီးယာဉ်သည် ဘရိတ်ပေါက်၍ တစ်ဖက်ယာဉ်ကြောသို့ ထိုးဆင်းသွားပြီး အနေးယာဉ်ဆိုက်ကားအား တိုက်မိသည်။ ဆိုက်ကားနင်းသူမှာ ထွက်ပြေးလွတ်မြောက်သွားပြီး ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ထိခိုက်မှု မရှိကြောင်း သိရသည်။ ဖြစ်စဉ်ကို သက်ဆိုင်ရာရဲတပ်ဖွဲ့က အရေးယူထားကြောင်း သိရသည်။ **(မဇဗ)**

မတ် ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဆပ်သွားခြံကျေးရွာအနီး မိုင်တိုင်အမှတ် (၈၁/၄)တွင် တရားမဝင်ကုန်ပစ္စည်းများနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်လာသော မော်တော်ယာဉ်များအား ရပ်တန့်စစ်ဆေးရာ ပူရှိန်းတောင့်၊ အချိုရည်၊ ငရုတ်ဆော့၊ ပဲနို့၊ Coconut Creamနှင့် အဝတ်အထည်မျိုးစုံတို့ကို ဖမ်းဆီးရမိစဉ်။

ဘုန်းသော်(ဝေါ)

အင်းစိန်၌ အမျိုးသားတစ်ဦး ရထားကြိတ်၍ သေဆုံး

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းဘူတာနှင့် တညင်းကုန်းဘူတာကြားတွင် မတ် ၁၁ ရက် နံနက် ၅ နာရီခွဲခန့်၌ မီးရထားစက်ခေါင်းမောင်း မှူးတူး မောင်းနှင်လာသည့် မြို့ပတ်ရထားစက်ခေါင်းအမှတ် DF.1255 ဆန္ဒနှစ်တစ် ရထားမှာ အင်းစိန်မှ မင်္ဂလာဒုံဘက်သို့ မောင်းနှင်လာစဉ် အောင်ဆန်းဘူတာနှင့် တညင်းကုန်းဘူတာကြား မိုင်တိုင် အမှတ် (၁၁/၁၃/၁၄) အရောက် ရထားလမ်းဖြတ်ကူးသူ စိတ်ဝေဒနာရှင် ဦးထွန်းရီ(၄၄) နှစ် အမှတ် (၅) သီဟိုကျောင်းလမ်း အောင်ဆန်းရပ်ကွက် အင်းစိန်မြို့နယ်နေသူအား တိုက်မိ၍ ဦးခေါင်း၊ ဝမ်းဗိုက်၊ ဝဲ၊ယာခြေလက်တို့တွင် အပိုင်းပိုင်းကြေမွပြတ်တောက် ဒဏ်ရာများရရှိကာ နေရာတွင်သေဆုံးသွားသဖြင့် အလောင်းအား ဆေးစာရေးသားပေးပို့၍ အင်းစိန်ဆေးရုံသို့ ပို့အပ်ပြီး အင်းစိန်ရဲစခန်းက သေမှုသေခင်း အမှတ်စဉ် (၁၅/၁၃) အရ အမှုဖွင့်ကာ စခန်းမှူး ရဲအုပ်အောင်ကျော်ဌေးက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်ကြီး (ပဏီတ)

ပြည်သူ့ထံမှ ပေးစာများ

မီးလောင်လွယ်သောရေမြှုပ်များ စိစစ်ဆောင်ရွက်ပေး

စာတည်းခင်ဗျာ-ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၈)လမ်း ပလာဇာဈေး အောက်ဆုံးထပ်နှင့် ဒုတိယထပ်တွင် မီးလောင်လွယ်သော ရေမြှုပ်များကို ဂိုဒေါင်အပြည့် သိုလှောင်ထားရာ မီးဘေးအန္တရာယ် အလွန်စိုးရိမ်နေရပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန်။

နောက်ဖေးလမ်းကြားပိတ်ဆို့မှု ဖြေရှင်းပေး

စာတည်းခင်ဗျာ-ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၈)ရပ်ကွက် ဂိတ်ဟောင်းအနီး မြိတ်လမ်းနှင့် ဇင်ယော်လမ်းသို့ ဆက်သွယ်ထားသောနောက်ဖေးလမ်းကြားကို ပိတ်၍ လူနေအိမ်အချို့ကို အခိုင်အမာဆောက်လုပ်ထားသောကြောင့် နွေရာသီတွင် မီးရေးကိစ္စ ဝင်၊ ထွက်မရခြင်း၊ မိုးရာသီတွင် ရေစီးရေလာမကောင်းခြင်းတို့ကြောင့် ပတ်ဝန်းကျင်အိမ်များအတွင်း ရေဝင်ခြင်းတို့ ဖြစ်ပေါ်နေပါသဖြင့် သက်ဆိုင်ရာမှ ကူညီဖြေရှင်းပေးပါရန်။

သုံးထပ်တိုက်အတွင်းဘက်နှင့် နောက်ဘက် ပြိုကျပျက်စီးနိုင်

စာတည်းခင်ဗျာ- ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၆) ရပ်ကွက် (၄၃)လမ်း အောက်ရှိ သုံးထပ်တိုက်ကြီး၏အတွင်းဘက်နှင့် နောက်ဘက်အခြမ်းတွင် အလွန်စိုးရိမ်ဖွယ်ကောင်းပြီး ပြိုကျပျက်စီးနိုင်သောအခြေအနေရှိနေပါသဖြင့် သက်ဆိုင်ရာမှ လာရောက်စစ်ဆေးပြီး လိုအပ်သလိုဆောင်ရွက်ပေးပါရန်။

အညော်နံ့နှင့် ပြာမှုန်များကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျာ-တောင်ဒဂုံ စက်မှုဇုန်-၂ (၆၃)ရပ်ကွက် ရွှေတောင်ကြား(၆) လမ်းရှိ မုန့်ကြော်လုပ်ငန်းမှ အညော်နံ့နှင့် မီးခိုးပြာမှုန်များ၊ မီးပွားများသည် ပတ်ဝန်းကျင်ရှိ စက်ရုံများပေါ်သို့ ကျရောက်လျက်ရှိသည်။ နေ့၊ ညမပြတ်ကြော်နေရာ ဆိုးရွားသောအညော်နံ့ကြောင့် ကျန်းမာရေး ထိခိုက်ရသကဲ့သို့ မီးပွားများကြောင့် မီးဘေးအန္တရာယ်ကို စိုးရိမ်နေရကြောင်း။

နောက်ဖေးလမ်းကြား အမှိုက်များပြည့်

စာတည်းခင်ဗျာ-ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် အသောကလမ်းနှင့် ပုညဝဓ္ဓနလမ်းကြားရှိ နောက်ဖေးလမ်းကြားမှာ အမှိုက်များနှင့် ပြည့်နှက်နေပြီး ရေဆိုးမြောင်းများပိတ်ကာ မြေညီထပ်နေတိုက်ခန်းများအတွင်းသို့ ရေဆိုးများဝင်ရောက်ကာ မြေညီထပ်နေသူများမှာ ဒုက္ခရောက်နေပါသဖြင့် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန်။

နောက်ဖေးလမ်းကြားထမင်းဆိုင်မှညော်နံ့များ ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျာ-ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်မွန်အိမ်ရာ တိုက် (၂)နှင့် တိုက်(၃) နောက်ဖေးလမ်းကြားတွင် ထမင်းဆိုင်ဖွင့်လှစ်ထားရာ ထိုဆိုင်မှ ချက်ပြုတ်ကြော်လှော်ရာမှ ထွက်ပေါ်လာသော ညော်နံ့များမှာ ပတ်ဝန်းကျင်သို့ ပျံ့နှံ့လျက်ရှိပြီး ပူပြင်းသောနွေရာသီတွင် မီးကွင်းမီးကျန်မှတစ်ဆင့် မီးဘေးအန္တရာယ်ပါ စိုးရိမ်ရပါသဖြင့် အများပိုင်လမ်းကြားအား မိမိနေအိမ်သဖွယ် ပြုလုပ်၍ ကြော်လှော်ချက်ပြုတ်နေခြင်းအား စိစစ်ကြပ်မတ်ပေးပါရန်။

တာယာခွေဟောင်းများ ရှင်းစေလို

စာတည်းခင်ဗျာ-

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် စမ်းမြောက်ရပ်ကွက် ဦးစံညွန့်လမ်းရှိ သူဌေးလောင်း လက်ဖက်ရည်ဆိုင်နှင့် မြောက်ဘက်ကပ်လျက်ရှိသော နေအိမ်မှာ အိမ်အပြင်ဘက် လေးဘက်လေးတန်၌ လောင်စာတာယာခွေများ အစုလိုက်အပြုံလိုက် သိမ်းဆည်းထားသည်မှာ ကာလအတန်ကြာပြီဖြစ်သည်။ ယင်းတာယာခွေဟောင်းများမှာ လက်ဖက်ရည်ဆိုင်ရှိ မီးဖိုကြီးများနှင့် နီးကပ်နေ၍ မီးဘေးအန္တရာယ်ဖြစ်စေနိုင်ပါ၍ ယခုကဲ့သို့ ခြောက်သွေ့သော နွေရာသီရောက်ချိန်တွင် သက်ဆိုင်ရာမှ ရှင်းလင်းပေးနိုင်ရန်။

ဂက်စ်အိုးများသိုလှောင်ထား၍ မီးဘေးစိုးရိမ်

စာတည်းခင်ဗျာ-

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်(၇) ရပ်ကွက် အောင်သီတာလမ်းတွင် ဂက်စ်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများမှာ အဆိုပါဂက်စ်လုပ်ငန်းမှ ဆိုးရွားသည့်ဂက်စ်အနံ့များကို နေ့စဉ်ရှူရှိုက်နေရပါသည်။ ဂက်စ်အိုးများ သိုလှောင်ထားမှုကြောင့် ပတ်ဝန်းကျင်နေအိမ်များသို့ အနံ့အသက်များမှတစ်ဆင့် ကျန်းမာရေးထိခိုက်စေပြီး နွေရာသီတွင် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန်။

အမှိုက်ပုံကြီး ရှင်းလင်းပေးပါ

စာတည်းခင်ဗျာ-

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် (၆)ရပ်ကွက် အမက (၃၆) ကျောင်းဝင်းအတွင်းရှိ အမှိုက်ပုံကြီးမှ အနံ့ဆိုးများကြောင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် ကျောင်းသား ကျောင်းသူများ နေ့စဉ်ခံစားနေရပြီး ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံး ရှင်းလင်းပေးပါရန်။

ဘားလမ်းထောင့်က လူကူးမျဉ်းကျားတွင် လူကူးမီးပွိုင့်ပြန်ထားပေးစေလို

စာတည်းရှင့်-ရန်ကုန်မြို့လယ် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)နှင့် အနော်ရထာလမ်းမကြီး ထောင့်တွင် လူကူးမျဉ်းဝါကျားကြီးအထင်အရှားရှိသည်။ မျဉ်းဝါကျားဘေးစကြံလမ်းတစ်ဖက်တစ်ချက်၊ ယခင်က မီးနီ၊ မီးစိမ်းပြအမှတ်အသား(မီးပွိုင့်)ရှိသည်။ ယခု ထိုမီးပွိုင့်တွင် တယ်လီဖုန်းရုံကြီးတစ်ခု အခိုင်အခံ့ဆောက်ထားသည်။ အနော်ရထာလမ်းမကြီးပေါ် ထွက်ဖို့ ကြိုးစားရသည့် ကားများနှင့်မျဉ်းဝါကျားဖြတ်ကူးဖို့ အန္တရာယ်ကြားက ကြိုးစားရသည့် ဒုက္ခများလှသည်။ အန္တရာယ်ကြားမှသွားလာနေရသော ပြည်သူများအတွက် လိုအပ်သလို ဆောင်ရွက်ပေးစေချင်။

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ရွှေဥဒေါင်းမင်း 09421152677, 09421122687
55000 Mar 25

Hotel မှာစား၊ Restaurant မှာစား၊ Aircon Express ကားဖြင့်သွား
APR 13
APR 12
APR 12
653575 Ext : 211
09 421014940

Asia Top 0943164118, 0949764458, 098635520
Mar 22,25,29 Apr 5,12,13
65000
65000
70000
70000
(Package) 40000

ရွှေလပ်ခရီး ...မှ ကျိုက်ထီးရိုး/ချောင်းသာ
Mar 19, 22, 23, 24, 25, 29
371317,095124678,09401589907

TOP STAR
ချောင်းသာ
Mar-22
09-43179331,448544658

H.A.L TRAVELS
09-49215713
ချောင်းသာ
ကျိုက်ထီးရိုး – ငွေဆောင်
09-420183444, 09-73040151

မျိုး 380164 09 5017088 09 8626524

တော်ဝင် နှင်းဆီ 380821, 392086

ဟိန်း 01-293159 01-9000293 09-5160048

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းနှင့်ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မင်းနန္ဒာအိမ်ရာ၊ ခြံအမှတ်(၄)နေ
ဦးလှဌေး-ဒေါ်လှလှစိန်(တိုက်နှစ်လုံးတူရိယာ)တို့၏ သားကြီး

မောင်စိုးသူရဌေး(ခ)စိုးသူရ(Too Big)
B.A(Eng)

နှင့်

မုံရွာမြို့၊ ရုံးကြီးရပ်၊ ဈေးလမ်းနေ
ဦးလှမြင့် [Associated Director, Monywa Golden Group Co.,Ltd.(Crude Oil)]-ဒေါ်မွန်မွန်ရည်
(ငြိမ်းချမ်းရေး ချိုးငှက်စတိုး)တို့၏သမီးငယ်

မမေစိုးဦး(ခ)ဖြူလေး
Bachelor of Business Management [B.B.M(Qualified)], LCCI(UK)
Master of Business Administration [M.B.A(Ygn)]

တို့သည် မုံရွာမြို့၊ ဝင်းယူနတီဟိုတယ်တွင် ၁၅-၂-၂၀၁၃ ရက်(သောကြာနေ့)၌လည်းကောင်း၊ ရန်ကုန်မြို့ Sedona ဟိုတယ် Sedona Executive Club တွင် ၂၃-၂-၂၀၁၃ ရက်(စနေနေ့)၌ လည်းကောင်း၊ နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။ မုံရွာမြို့တွင် စေ့စပ်ကြောင်းလမ်း အခမ်းအနား၌ မင်္ဂလာ စကားပြောကြားပေးသော ဆရာကြီး ဦးမာကျော်(ငြိမ်း)၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်ရင်၊ မင်္ဂလာစေ့စပ်လက်စွပ်ဆင်မြန်းပေးသော ဦးလှဟန်-ဒေါ်ရီရီဝင်း၊ ရန်ကုန်မြို့တွင် စေ့စပ်ကြောင်းလမ်း အခမ်းအနား၌ မင်္ဂလာ စေ့စပ်လက်စွပ် ဆင်မြန်းပေးသော ဦးစောသိန်း-ဒေါ်သီတာ၊ မေတ္တာဖြင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ကိုကျော်သူလင်း(MRTV-4)၊ မေတ္တာဖြင့် ကူညီပေးသော Make -up Artist မထက်(Pop-Soul)၊ မေတ္တာဖြင့် ကူညီပေးသော ဓာတ်ပုံအေးဇော်မိုး(စက်မှု)နှင့် ကိုထွဋ်ထွဋ်၊ မေတ္တာဖြင့် ကူညီပေးသော Man Top Tailor၊ Designer ဘုတ်ဘုတ်(မုံရွာ)နှင့် Love Invitation Card၊ မင်္ဂလာစေ့စပ်ပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးသူရဌေး-မမေစိုးဦး

အထက်မြန်မာပြည်သတင်း

ခေတ်နှင့်ကိုက်ညီသည့် ဆန်းသစ်သောဂီတာများ ထုတ်လုပ်

စစ်ကိုင်း မတ် ၁၇

လူငယ်လူရွယ်များအကြား ဂီတာတီးခတ်မှုအပေါ် စိတ်ဝင်စားမှုများလာသည့်အတွက် ဂီတာဈေးကွက် ဖြစ်ပေါ်လာသည်။ ဂီတာဈေးကွက်တွင် စစ်ကိုင်းမြို့မှ ပြုလုပ်သည့် ဂီတာများ နေရာရလျက်ရှိသည်။

စစ်ကိုင်းမြို့တွင် ဂီတာများကို ထုံးဘိုရပ်၊ မင်းစံရပ်နှင့် နန်းဦးမြို့သစ်ရပ်များတွင် လုပ်ကိုင်လျက်ရှိပြီး ဂီတာလုပ်ငန်း ၂၀ ခန့် ရှိသည်။ ဂီတာလုပ်ငန်းတစ်ခုလျှင် အလုပ်သမား ၁၀ ဦးခန့်ဖြင့် ခေတ်နှင့်ကိုက်ညီသည့် ဆန်းသစ်သော ဂီတာများကို ထုတ်လုပ်လျက်ရှိသည်။

ဂီတာပြုလုပ်ရာတွင် ကျွန်း၊ တမလန်း၊ ထင်းရှူး၊ သစ်ဝင်နှင့် အထပ်သားများကို ပြည်တွင်းမှရယူပြီး ဖော်မီကာကီးနှင့် ကြိုးများကို ပြည်တွင်းနှင့် ပြည်ပမှ မှာယူအသုံးပြုလုပ်ကိုင်လျက်ရှိသည်။

ယခင်က စစ်ကိုင်းဂီတာလုပ်ငန်းသည် လက်မှုအနုပညာသက်သက်သာ ဖြစ်သော်လည်း ယခုအခါ လက်မှုနှင့်အတူ စက်ပစ္စည်းများကိုပါ သုံးစွဲလုပ်ကိုင်သည့် လုပ်ငန်းဖြစ်လာသည်ကို တွေ့ရသည်။ စစ်ကိုင်းဂီတာလုပ်ငန်း လုပ်ကိုင်သူများတွင် နိုင်ငံခြားအတွေ့အကြုံရှိသူများလည်းရှိပြီး ဂျပန်နည်းပညာကို အသုံးပြု၍ လုပ်ကိုင်လာသည်ကိုလည်း တွေ့ရသည်။

စစ်ကိုင်းမြို့မှ ပြုလုပ်သည့်ဂီတာများသည် အသံထွက် ကောင်းခြင်း၊ ခိုင်ခံ့ခြင်းတို့ကြောင့် လူကြိုက်များပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ဟိန်းမင်းဂီတာလုပ်ငန်း တစ်ခုတည်းမှပင် တစ်လလျှင် ဂီတာ ၃၀၀ ခန့် ထုတ်လုပ်တင်ပို့ရောင်းချနေရကြောင်း သိရသည်။

ဂီတာလုပ်ငန်းသုံး ကီးများကို တံတားဦးမြို့နယ် ခေါင်းကွဲရွာတွင် ထုတ်လုပ်လျက်ရှိသော်လည်း အချို့စံမမီခြင်း၊ အချို့အရည်အသွေးပြည့်မီသော်လည်း လိုအပ်သည့်အရေအတွက် မရနိုင်ခြင်းတို့ကြောင့် ပြည်ပမှ တင်သွင်းသည့် ကီးနှင့် ကြိုးများကို အသုံးပြုနေရကြောင်း သိရသည်။

ကျွမ်းကျင်လုပ်သားများရှိနေသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး လိုအပ်သည့်စက်နှင့် ပစ္စည်းများအသုံးပြုနိုင်ပါက ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းသည့် လုပ်ငန်းတစ်ခုအဖြစ်တွေ့ရပြီး ဒေသနေကျွမ်းကျင်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် စက်မှုအခြေခံတိုးတက်မှုအတွက် အခြေအနေကောင်းများ ဖန်တီးပေးနိုင်သည့်လုပ်ငန်းအဖြစ် လေ့လာတွေ့ရှိရသည်။

စစ်ကိုင်းမြို့ရှိ ဂီတာလုပ်ငန်းများတွင် ဂီတာများ အပြင် မယ်ဒလင်၊ ဘင်ဂျိုနှင့် တယောများကို အရွယ်အစားမျိုးစုံ ပြုလုပ်လျက်ရှိသည်။ ဂီတာများမှာ အရွယ်အစား အသုံးပြုပစ္စည်းများအပေါ်မူတည်၍ ဂီတာတစ်လုံးလျှင် ငွေကျပ် ၆၀၀၀ မှ ငွေကျပ် သိန်းဂဏန်းအထိ တန်ဖိုးရှိကြောင်း သိရသည်။ လက်ရှိတွင် လူကြိုက်များပြီး ဈေးကွက်ဝင် အလားအလာကောင်းများရှိနေသည့် စစ်ကိုင်းမြို့မှ ဂီတာလုပ်ငန်းများသည် ဖွံ့ဖြိုးလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ **(ခိုင်ဇေယျ)**

ရွှေဟောင်းသမိုင်းဝင် ကျိုက်ခေတ်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တင်လှူပူဇော်ပွဲတွင် မြန်မာ့ရိုးရာနွားလှည်းပြိုင်ပွဲနှင့် လှည်းယဉ်ကျော့ပြိုင်ပွဲလည်း ထည့်သွင်းကျင်းပရာ ကြည့်ရှုသူများနှင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ မင်းရဲမာန်(နေပြည်တော်)

စစ်ကိုင်းမြို့နယ်တွင် ရေရရှိရေးနည်းလမ်းဆိုင်ရာ ကွင်းဆင်းသုတေသနပြုလုပ်လျက်ရှိ

စစ်ကိုင်း မတ် ၁၇

UNOPS, LIFT FOUNT, FORMULATION MISSION အဖွဲ့သည် စစ်ကိုင်းမြို့နယ် တောင်ရင်းကျေးရွာတွင် သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးရေရရှိရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို မတ် ၁၃ ရက်မှစတင်၍ လာရောက်သုတေသနပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါမစ်ရှင်အဖွဲ့တွင် သီရိလင်္ကာနိုင်ငံအခြေစိုက် International Water Management Institute (IWMI) မှ Ms. Sonali Senaratna Sellamuttu (Senior Researcher-Livelihood Systems) ခေါင်းဆောင်ပြီး အဖွဲ့ဝင်ပညာရှင်လေးဦး ပါဝင်သည့်အဖွဲ့သည် မြန်မာ့ဈေးကွက်သုတေသန လေ့လာရေးလုပ်ငန်းကုမ္ပဏီ Myanmar Marketing Research Department Co.,Ltd. (MMRD) နှင့်ပူးပေါင်းကာ လေ့လာသုံးသပ်ရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ဈေးကွက် သုတေသန လေ့လာရေးလုပ်ငန်းကုမ္ပဏီ (MMRD) မှ ဦးရဲသောင်းထွန်း ဦးဆောင်သည့် သုတေသန လေ့လာရေးအဖွဲ့သည် မတ် ၁၃ ရက်မှစတင်၍ ကျေးရွာပြည်သူတို့နှင့် တွေ့ဆုံဆွေးနွေးကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး စစ်ကိုင်းခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှလည်း လိုက်ပါအကူအညီပေးလျက်ရှိကြောင်း သိရသည်။ တောင်ရင်းကျေးရွာကွင်းဆင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာသို့ မတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် IWMI အဖွဲ့မှ Ms. Sonali Senaratna Sellamuttu (Srilanka)၊ Mr. Olivier Goffre (Libya)၊ Dr.Soumya Balasubramanya (India)၊ Ms. Rovin Johnston (Australian) တို့လေးဦး လာရောက်၍ လည်းကောင်း၊ မတ် ၁၃ ရက်တွင် Ms. Diana Suhardiman (Indonia) ကလာရောက်၍လည်းကောင်း တွေ့ဆုံမေးမြန်း၊ ကွင်းဆင်းသုတေသနပြုလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပူးပေါင်းဆောင်ရွက်ကြသည်ဟု သိရသည်။

UNOPS, LIFT FOUND, FORMULATION MISSION အဖွဲ့သည် အပူပိုင်းဒေသကြီးများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မြို့နယ် နှစ်မြို့နယ်စီကို ရွေးချယ်ပြီး အဆိုပါမြို့နယ်များမှ ရေရှားပါးခက်ခဲမှုအရှိဆုံး နှစ်ရွာနှင့် ရေရှားပါးခက်ခဲမှုမရှိသော နှစ်ရွာစီကို ရွေးချယ်ကာ ကွင်းဆင်း သုတေသနပြုလုပ်ကြခြင်းဖြစ်ကြောင်း၊ သုတေသနကွင်းဆင်းဆောင်ရွက်မည့်မြို့နယ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးမှ စစ်ကိုင်းမြို့နယ်နှင့် တန့်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးမှ ညောင်ဦးမြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီးမှ မင်းဘူးမြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့ကို ရွေးချယ်ထားကြောင်း၊ စစ်ကိုင်းမြို့နယ်အတွင်းမှ ရေရှားပါးခက်ခဲသော ကျေးရွာများအဖြစ် တောင်ရင်းကျေးရွာနှင့် ဆားတောင်ကျေးရွာတို့ကို လည်းကောင်း၊ ရေရှားပါးခက်ခဲမှုမရှိသော ကျေးရွာများအဖြစ် တစ်အိမ်တဲကျေးရွာနှင့် ဒီပဲယင်းကွဲကျေးရွာတို့ကို လည်းကောင်း ရွေးချယ်ထားကာ ကွင်းဆင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများကို တစ်မြို့နယ်လျှင် အဖွဲ့နှစ်ဖွဲ့စီခွဲကာ ရက်သတ္တသုံးပတ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း MMRD မှ တောင်ရင်းကျေးရွာ ကွင်းဆင်းသုတေသန အဖွဲ့ခေါင်းဆောင် ဒေါ်မို့မို့မြင့်၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ မစ်ရှင်အဖွဲ့အနေဖြင့် သုတေသန တွေ့ရှိချက်များအား စာတမ်းများပြုစုရေးဆွဲကာ အကူအညီပေးရေးအတွက် အလှူရှင်အဖွဲ့အစည်းဖြစ်သည့် UNOPS, LIFT FOUND ထံသို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

(နန္ဒာမင်းလွင်)

တန့်ယန်းမြို့နယ်၌ အီး-ပင်စင်ကတ်ဖြင့် ပင်စင်လစာငွေများထုတ်ယူနိုင်

တန့်ယန်း မတ် ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် တန့်ယန်းမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ မတ်လမှစတင်၍ အီး-ပင်စင်ကတ်ဖြင့် ပင်စင်လစာများကို စတင်ထုတ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အီး-ပင်စင်ကတ်ဖြင့် ပင်စင်လစာငွေများ ထုတ်ပေးသည့်အတွက်ကြောင့် အငြိမ်းစားဝန်ထမ်းများ လစဉ် ဆောင်ရွက်နေကြသည့် တံဆိပ်ခေါင်းကပ်ခြင်း၊ ပင်စင်ပုံစံလာရောက်တင်ရခြင်းနှင့် ပင်စင်ထုတ်ပေးသည့်ရက်၌ လာရောက်ထုတ်ယူရခြင်း စသည့်တစ်လကို နှစ်ခါလာရောက်ရသည့် ဒုက္ခမှ ကင်းလွတ်သည့်အပြင် ကိုယ်တိုင်လာရောက် မထုတ်ယူနိုင်ပါက ကိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူနိုင်သည့်အတွက် အငြိမ်းစားဝန်ထမ်းများ ဝမ်းသာလျက်ရှိကြသည်။

တန့်ယန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် လက်ရှိအငြိမ်းစားလစာငွေထုတ်ယူသူ ၄၀၀ ကျော်ရှိပြီး ယခုလမှစတင်၍ အဆိုပါ အီး-ပင်စင်ကတ်များကို ထုတ်ပေးနေပြီး ဆက်လက်၍လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၆၅၅)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅ယ/၁၆၆၅၄၊ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူအမည် ဦးစိန်ဝင်း မှတ်ပုံတင်အမှတ် [၉/သစန(နိုင်)၀၃၀၀၈၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
မိတ္ထီလာမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၇ယ/၃၅၈၀၇၊ Stseam YMD-110 ယာဉ်လက်ဝယ်ရှိသူအမည်ဦးလှိုင်မင်းထင် မှတ်ပုံတင်အမှတ် [၅/ဝလန(နိုင်)၁၂၆၇၅၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၇ယ/၇၃၉၇၇၊ အမျိုးအမည် Jialing 90အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ အမည်ဒေါ်ဝင်းဝင်းခိုင် မှတ်ပုံတင်အမှတ်[၉/ ခအဇ(နိုင်)၀၀၄၈၆၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

မီးသတိပြု

တစ်ဦးတည်းဖြစ်ကြောင်းနှင့် ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့၊ လွန်တောင်းကျေးရွာနေ မောင်တေဇာမင်း [၉/မတရ(နိုင်)၁၄၆၉၅၉]နှင့် မောင်နေမျိုးသူမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ ဖခင်အမည်မှန်မှာ ဦးတွတ်[၉/မတရ(နိုင်)၀၂၃၁၁] (ခ) ဦးပေါက်စ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၁၇ယ/၁၉၉၃၀၊အမျိုးအမည်စတား (myanmar 90) အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးဝင်းမင်းသန်း မှတ်ပုံတင်အမှတ် [၉/ပသက(နိုင်)၁၀၂၈၈၃] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၉၆၄၀၂၊ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူအမည် ဦးစိန်ဝင်း မှတ်ပုံတင်အမှတ် [၉/သစန(နိုင်)၀၃၀၀၈၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
မိတ္ထီလာမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၅ယ/၉၃၁၉၈၊ အမျိုးအမည် Kenbo 125 အမျိုးအစားဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူအမည် ဦးကျော်ထွန်း မှတ်ပုံတင်အမှတ် [၉/နထက(နိုင်)၀၉၈၈၃၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ယ/၃၅၂၁၊ အမျိုးအမည် Pyi Shwe Bo Lit PSB.02 အမျိုးအစား LIT (4x2)R ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်မီမီဝင်း မှတ်ပုံတင်အမှတ် [၁၂/ကမရ(နိုင်)၀၁၉၅၇၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ယ/၉၂၂၁၊ အမျိုးအမည် New AIBO 125 အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်သန်းသန်းဝင်း မှတ်ပုံတင်အမှတ် [၉/မရမ(နိုင်)၀၇၇၀၀၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၉ယ/၇၉၈၉၈၊ TOHON 110 ယာဉ်လက်ဝယ်ရှိသူအမည်ဒေါ်ကြူကြူ မှတ်ပုံတင်အမှတ် [၉/အမရ(နိုင်)၀၆၂၀၁၃]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၁၃ယ/၁၈၇၆၂၊ Luojia110 ယာဉ်လက်ဝယ်ရှိသူအမည် ဦးခင်မောင်လွင် မှတ်ပုံတင်အမှတ် [၉/မနတ(နိုင်)၀၀၇၂၈၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၂ယ/၁၇၅၆၃၊ Sheng Bo 125 M/Cယာဉ်လက်ဝယ်ရှိသူအမည် ဦးခင်မောင်သိန်း မှတ်ပုံတင်အမှတ်[၉/မနမ(နိုင်)၀၁၂၂၂၇]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ရှေးဟောင်းအမွေအနှစ်ပေါများရာ ပိုက်သင်ရွာ

ပခုက္ကူ မတ် ၁၇

ပခုက္ကူခရိုင်သည် ရှေးဟောင်းနယ်မြေကြီးဖြစ်သလို ရှေးယခင်က တက္ကသိုလ် ကျောင်းတော်ကြီးများ ပေါ်ထွန်းရာ ပညာဆည်းပူးရာနယ်မြေကြီးလည်းဖြစ်သည်။ ပခုက္ကူခရိုင်အတွင်း မြိုင်မြို့နယ် ပိုက်သင်ရွာကြီးသည် ပထမကျော်အောင်စံထား ဆရာတော်ကြီး မွေးဖွားရာ၊ ပညာဆည်းပူးရာ ဘုမိနက်သန်အောင်မြေဌာန ရွာကြီးလည်းဖြစ်သည်ဟု သိရသည်။

ပိုက်သင်ရွာကြီးသည် ပခုက္ကူမြို့နှင့် ၁၈ မိုင်၊ မြိုင်မြို့နှင့် ရှစ်မိုင်ခန့်ကွာဝေးပြီး ပခုက္ကူ-မြိုင်ကားလမ်းမဘေးအနီး အိမ်ခြေ ၄၀၀ ကျော်ရှိသည့် ရွာကြီးတစ်ရွာလည်းဖြစ်သည်။ ယနေ့တိုင် အဘိဓမ္မာ-မင်္ဂလာစာမေးပွဲ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ဂုဏ်ယူမြတ်နိုးစွာ ဆင်ယင်ကျင်းပနေသော ရွာကြီးတစ်ရွာလည်းဖြစ်သည်။ ပိုက်သင်ကျေးရွာကြီးနှင့် ရှေးဟောင်းအမွေအနှစ်များဖြစ်သော ပေ၊ ပုရပိုက်၊ ကျမ်းစာ၊ စာတိုက်သေတ္တာ၊ စာတိုက်ဗီရိုများအပြင် ခေတ်အဆက်ဆက် ဗုဒ္ဓရုပ်ပွားတော်များ အံ့မခန်းလေ့လာမကုန်နိုင်အောင် ပေါများစုံလင်လှပြီး ဂုဏ်ယူမြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ထားကြသည်။**(အောက်ပုံ)**

ဒေါက်တာသန်းထွန်း၊ တမ္ဗဝတီဦးဝင်းမောင်၊ သိန်းသန်းထွန်း၊ မောင်ဆုရှင်၊ ချစ်နိုင်(စိတ်ပညာ)စသည့် သမိုင်းပညာရှင်များ လာရောက်လေ့လာရသည့် ပိုက်သင်ရွာ ကျော်အောင်စံထား ကျောင်းတိုက်ကြီးဖြစ်သည်ဟုလည်း သိရသည်။ ယနေ့တိုင်လည်း ပညာရှင်များ၊ သမိုင်းသုတေသီများ၊ ကျမ်းပြုမည့်သူများ ဝင်လာမစဲ တသဲသဲဖြစ်ကြောင်း သိရသည်။ **နေဦးမောင်(ပခုက္ကူ)**



နှစ်ပတ်လည်ဝင်ငွေကောင်းသော ကီလိုမာလကာပင်ကို စီးပွားဖြစ်စိုက်ပျိုး

ပခုက္ကူ မတ် ၁၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျွန်းညိုကြီးကျေးရွာအုပ်စု စပါယ်ကုံးကျေးရွာသည် အိမ်ခြေ ၆၀ ကျော်ရှိပြီး လူဦးရေ ၄၀၀ ခန့်နေထိုင်၍ တောင်သူလုပ်ငန်း၊ သီးနှံစိုက်ပျိုးရေးခြံလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများပြီး ပဲနီ၊ ပဲလွန်း၊ မြေပဲ၊ ငရုတ်သီးများ၊ ဘူး၊ ဖရုံ၊ သခွား၊ ခရမ်းသီး၊ ခရမ်းချဉ်သီးနှင့် သပြေ၊ နှင်းဆီ၊ စံပယ်စသည့်ပန်းမျိုးစုံနှင့် ရာသီပေါ်သီးနှံများအပြင် နှစ်ပတ်လည်ဝင်ငွေကောင်းသော ကီလိုမာလကာပင်ကို စီးပွားဖြစ်စိုက်ပျိုးလာကြသည်။

ကီလိုမာလကာပင်သည် ရိုးရိုးမာလကာပင်နှင့် တူသော်လည်း အလုံးကြီးသော အသီးမျိုးဖြစ်၍ အရသာပိုကောင်းပြီးချိုသည်။ အသီးတစ်လုံးလျှင် အလေးချိန် ၆၀ကျပ်သားမှ ၆၅ ကျပ်သားခန့်ထိရှိသည်။ ကီလိုမာလကာပျိုးပင်ကို မန္တလေးမြို့ရှိ ပျိုးခြံများမှ ကိုင်းကူးပျိုးထုပ်ကာ အပင်အရွယ်အစားလိုက်၍ ငွေကျပ် ၃၀၀ မှ ၁၀၀၀ ထိ ဝယ်ယူရပြီး စိုက်ပျိုးကြရသည်။ မြေချစိုက်ပြီး ခြောက်လခန့်တွင် အသီးစတင်သီး၍ အချို့က ခြောက်လမာလကာဟု ခေါ်ကြသည်။ အသီးအထွက်နှုန်းအနေဖြင့် တစ်နှစ်ခွဲ နှစ်နှစ်သားအရွယ်တွင် အသီးအား ပိုမိုကောင်းမွန်ပြီး စီးပွားဖြစ် ရောင်းရာတွင် အသီးအရွယ်အစားလိုက်၍ ငွေကျပ် ၁၅၀ မှ ၂၅၀ ထိ ရောင်းရသည်။

မေလတွင် စတင်သီး၍ ဩဂုတ်၊ စက်တင်ဘာလတွင် တစ်ကြိမ်ဆွတ်ခူးရောင်းရပြီး နိုဝင်ဘာလတွင် သီးသောအသီးကို ဇန်နဝါရီ၊ ဖေဖော်ဝါရီ မတ်လတို့တွင် ဒုတိယအကြိမ် ဆွတ်ခူးရောင်းရသည်။ နွေသီးထက် ဆောင်းသီးက ပို၍ အလုံးကြီးပြီး အရသာပိုကောင်းကြောင်း၊ တစ်ဧကကို အပင် ၁၀၀ ခန့် စိုက်ထားကာ တစ်ပင်ကို အသီး ၁၀၀ ခန့်သီးကာ တစ်ကြိမ်လျှင် ကီလိုမာလကာသီး ရောင်းရငွေကျပ် ရှစ်သိန်းကျော်ခန့်ရသည်။ နှစ်ကြိမ်ဆွတ်ခူးရောင်းရတော့ ငွေကျပ် ၁၇ သိန်းဖိုးခန့်ထိ ရောင်းရပြီး နှစ်ရှည်ခံပင်ဖြစ်၍ နှစ်ပတ်လည်စီးပွားဖြစ်စိုက်ပျိုးရောင်းရကြောင်းနှင့် မိသားစုကိုယ်ပိုင်လုပ်ငန်းဖြစ်၍ တွက်ခြေကိုက်ကြောင်း ကီလိုမာလကာစိုက်သူတစ်ဦးက ပြောပြသည်။

(၅၇၁)

ထိုင်ဝမ်မျိုး ခရမ်းချဉ်သီးများ အောင်မြင်ဖြစ်ထွန်း

မကွေး မတ် ၁၇

မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းကျေးရွာမှ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားကြသော ထိုင်ဝမ်မျိုး(၉၀၉) အမျိုးအစား ခရမ်းချဉ်သီးများ အောင်မြင်ဖြစ်ထွန်းသဖြင့် ရန်ကုန်ကုန်စိမ်းဒိုင်များသို့ လှိုင်လှိုင်ဝင်ရောက်လာကြသည်။**(အောက်ပုံ)**

"ထိုင်ဝမ်အမျိုးအနွယ် ခရမ်းချဉ်သီးအမျိုးအစားက ခြောက်မျိုးရှိတယ်။ (၉၀၉)အမျိုးအစားက ရာသီဥတု အကြမ်းခံပြီး အထွက်နှုန်းလည်းကောင်းတယ်လေ။ စတင်စိုက်ပျိုးပြီး နှစ်လကြာရင် ခူးဆွတ်လို့ရပြီ။ ဒါကြောင့် ကျွန်တော်တို့ ဆင်ဖြူကျွန်းက ခြံလုပ်သားတွေကတော့ (၉၀၉)ပဲ အစိုက်များကြတယ်"ဟု မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းကျေးရွာမှ ခရမ်းချဉ်သီးစိုက်ပျိုးသူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ခရမ်းချဉ်သီးဈေးကွက်မှာ ယမန်နှစ်ကထက် ဈေးနှုန်းမြင့်တက်သွားသဖြင့် ခရမ်းချဉ်သီးစိုက်ပျိုးသူများ အဆင်ပြေနေကြသည်။ ဈေးကွက်၌ ခရမ်းချဉ်သီးဈေးနှုန်းမှာ ၁၅ ပိဿာဝင် တစ်ဖာလျှင် ကျပ် ၆၀၀၀ နှုန်း၊ တစ်ပိဿာလျှင် ကျပ် ၄၀၀ နှုန်း၊ ပင်အိုသီးဟုခေါ်သော အကျသီးများကို တစ်ပိဿာလျှင် ကျပ် ၂၀၀ နှုန်းဖြင့် ရောင်းဝယ်နေကြကြောင်း ထောက်ကြန့်မြို့ရှိ ရတနာသီရိဈေးသစ်ကြီးမှ စုံစမ်းသိရသည်။

(မောင်သုည)

device Business Management Academy IN COLLABORATION WITH SIBME The Name You Can Trust

THE ACCIDENTAL MANAGER

Get the Skills You Need to Excel in Your New Career

HONORABLE SPEAKER : Prof. Dr. Aung Tun Thet
(Senior Advisor - UN Resident Coordinator's Office)

MAIN SPEAKER : U Tin Zan Kyaw
(Principal - Device Business Management Academy)

ENROLL NOW!

No. 24/26, 4 B-C, Race Course Condo, South Race Course Street, Tamwe Township, Yangon.
Tel : (+959) 4200 33366–33377 (Hot Line), 4200 33355, 42100 7002, 42100 7005
(+959) 730 45 140, 731 43313 Email : training@devicemyanmar.com

Methodology:
- Workshop
- Case Studies
- Brainstorming Sessions

Contents Outline
- You are an Accidental Manager
- The All-Time Worst Manage List
- The Key to Success: "Doing Nothing"
- The Platinum Skill of Developing Your Team Members
- The Platinum Skill of Active Listening
- The Platinum Skill of Giving and Receiving Feedback
- The Platinum Skill of creating a Motivational Climate
- How Organizations can turn Accidental Managers into Successful Ones

Venue
Device Executive Hall

Date
23rd~24th March, 2013

Time
8:00 am ~ 5:00 pm

Interior Design သင်တန်း ဖွင့်မည်။

ပြည်တွင်း၊ ပဆောက်လုပ်ရေးကုမ္ပဏီများ၊ အခန်းတွင်းဒီဇိုင်းအလှဆင်ဖန်တီးရေးဆွဲခြင်းကုမ္ပဏီများတွင် Interior Designer အဖြစ် သက်မွေးနိုင်စေရန်၊ ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်သည်။ အဆိုပါသင်တန်းတွင် 3Dsmax ကို အသုံးပြုပြီး အိပ်ခန်း၊ ဧည့်ခန်း၊ သန့်စင်ခန်းသုံးပရိဘောဂ၊ လူအသုံးဆောင်ပစ္စည်းများကို ကိုယ်တိုင်ရေးဆွဲပြီး Material တပ်ခြင်း၊ lighting ထိုးခြင်း၊ နောက်ခံ ဒီဇိုင်းထည့်ခြင်း၊ Animation, Presentation နောက်ဆုံးဒီဇိုင်း အချောသတ်ထုတ်နိုင်သည်အထိ ဝါရင့်ကျွမ်းကျင် ဆရာမျိုး ကိုယ်တိုင်လုပ်ငန်းခွင်အသုံးချနိုင်သည်အထိအတတ်သင်ကြားပေးသည်။ ဆက်သွယ်ရန်

PROMOTION Computer ☎ 389038 0973184525

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အေးစေတီလမ်း၊ အမှတ်(၂၆၄)တွင် တည်ဆောက်လျက်ရှိသည့် (၂)ခန်းတွဲ (၃)ထပ်ခွဲ ကန်ထရိုက်တိုက်သစ်မှ မြေညီထပ် ၃လွှာ၊ အလျား×အနံ×အမြင့် ၁၂'×၅၀'×၉'ရှိ ကန်ထရိုက်တာ ဦးရဲဝင်းလှိုင်(ABC ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်)ပိုင်ဆိုင်သောအခန်းကို ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးထိန်လင်းဦး[၁၂/တမန(နိုင်)၀၀၀၅၀၂]က ပထမအရစ်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေစပယ်မြင့် (စဥ်-၃၂၉၉၂) အထက်တန်းရှေ့နေ
LL.B,D.B.L,D.I.L,D.L.P(101),WIPO (SWITZERLAND)
အမှတ်-၂၆၃/၃လွှာ၊ ဗားကရာလမ်း၊ မြေနီ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၇၀၈၁

သမ္မတ ဖုန်း-၂၄၆၉၆၂
သွင် ဖုန်း-၃၇၂၉၉၄
မင်္ဂလာ(၁) ဖုန်း-၂၄၃၀၅၇
သိမ်ကြီးဈေး
Junction(Square) ဖုန်း-၅၂၇၀၅၅
Junction(မော်တင်) ဖုန်း-၂၂၅၂၄၄
Top Royal ဖုန်း-၀၉၄၂၀၀၈၆၂၉၀
စိန်ဂေဟာ (ပါရမီ)
မန္တလေး
ဝင်းလိုက် ဖုန်း-၀၂ ၃၉၁၂၈
မြို့မ ဖုန်း-၀၂ ၃၉၁၃၆

၁၅ • ၃ • ၂၀၁၃
ရက်မှစတင်၍
တစ်ပြိုင်တည်းပြပြီ။

ကြိုတင်လက်မှတ်ရောင်းပြီ။

မိုးကောင်းကင်
ရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေး

ဆင်မောင်ဦးစိုးသိမ်းထွင့်

ကျော်ကြားမင်း ပြောင်းတွေ ရှိခဲ့ရင်

ပွဲချိန်သတ်မှတ်ပြ
၁၀း၀၀ နာရီ
၁၂း၃၀ နာရီ
၃း၃၀ နာရီ
၆း၃၀ နာရီ
၉း၃၀ နာရီ

အခန်းဆက်ဝတ္ထု

နှင်းငွေ့တစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

သူက ဘေးတိုက်မြင်ရသဖြင့် ထောင့်ကျပုံလှသော မေးရိုးလေးနှင့် စိုဝင်းရှိန်းမြသော စင်သီယာ၏ မျက်နှာလေးကို ငေးကြည့်သည်။ အနီးကပ်ထိုင်ခွင့်ရှိပြီ ဆိုပြန်တော့ စင်သီယာ့ထံမှ ကိုယ်သင်းနံ့လေးများက သူ့နှာဝတွင် ခါတိုင်းထက် ပိုမို သင်းကြိုင်နေသည်။ စင်သီယာက သူ့ကို ပြန်မကြည့်။ ရေပြင်ဆီကိုသာ စိုက်ကြည့်နေသည်။ ခါတိုင်း သွက်လှသော နှုတ်လေးကလည်း ငြိမ်နေ၏။

"စင်သီယာ"

"အင်း . . . "

"ကိုယ့်ကို စကားမပြောတော့ဘူးလား"

"ပြောချင်ဘူး"

"မပြောချင်ဘူး . . . ဘာပြုလို့"

"မုန်းလို့"

"ကိုယ့်ကို မုန်းတယ်"

"မုန်းတယ်၊ သိပ်ပိုလို့ မုန်းတယ်"

"ကိုယ်က ဘာပိုလို့လဲ"

"အဲဒါ ကိုယ့်ဘာသာကိုယ် သိပေါ့"

"ကိုယ့်ဘာသာကိုယ်သိတာ တစ်ခုပဲရှိတယ်၊ အဲဒါကိုလည်း စင်သီယာ သိပါတယ်၊ ကိုယ် ထပ်ပြောပြရဦးမလား"

"ချွဲတာ နားမထောင်ချင်ပေါင်"

"အဲဒီလိုဆို ကိုယ် စကားမပြောဘဲ ပါးစပ်ပိတ်နေတော့မယ်"

"နေ . . . ကြိုက်သလိုနေ"

သူက တမင် စင်သီယာ့ဆီမှ မျက်နှာလွှဲလိုက်သည်။ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ပါးစပ်ပိတ်နေလိုက်သည်။

စင်သီယာကလည်း မျက်နှာလေးကို ပင့်ပြီး ငြိမ်နေ၏။

သူက ခေါင်းမလှည့်ဘဲ မျက်လုံးစွေပြီး စင်သီယာ့ကို ခိုးကြည့်သည်။ စင်သီယာကလည်း ခိုးကြည့်သည်နှင့် ဆုံမိ၏။

သူက မျက်လုံးကို ပြန်ရုတ်ပြီး ရှေ့တည့်တည့်ကို စိုက်ကြည့်နေ၏။ နောက်ထပ် စင်သီယာ့ဘက် ခိုးမကြည့်မိ ရန် ဇွတ်အတင်း ထိန်းထား၏။

စင်သီယာ့ထံမှ ရယ်သံလေး ပေါ်လာ၏။ လက်သီးလေးတစ်စုံကလည်း သူ့ကျောကို ထုလာသည်။

"ကိုပိုကြီး ကိုချွဲကြီး ကိုမူလကျီကြီး၊ သူကချည်းပြောင်းပြန်၊ ဟွန်း . . . မုန်းလိုက်တာ၊ ယူ့ကို စင်သီယာ မုန်းလိုက်တာ၊ ကဲ . . . ကဲ . . . "

စင်သီယာက ဆက်ထု၏။ သူက သဘောကျစွာ တဟဲဟဲ ရယ်သည်။

စင်သီယာက အထုရပ်လိုက်ပြီး ပြုံးစစ မျက်နှာပေးလေးနှင့် သူ့ကို မျက်စောင်းထိုးကြည့်နေသည်။

သူက ယခုမှ စင်သီယာ ယူလာသော စက္ကူအိတ်ကို သတိပြုမိသည်။ စက္ကူအိတ်က ထုအတန်ထူသည်။

"ဩော် . . . စင်သီယာရေ၊ အဲဒီထဲက ဘာတွေလဲ"

"အခုမှ မေးတယ်၊ စင်သီယာကတော့ သူ့ဖို့ တကူးတက ယူလာရတာ"

"ဘာတွေလဲ စင်သီယာ"

စင်သီယာသည် စက္ကူအိတ်လေးကို ကောက်ယူပြီး ရင်မှာ ပိုက်လိုက်သည်။ ပြီးမှ အတွင်းမှ နှိုက်ယူပြီး သူ့ကို ပေး၏။

လက်သန်းခန့် မထူတထူ အင်္ဂလိပ်စာအုပ်လေး တစ်အုပ်။ ဘရိဂေးဒီးယား ဂျရဒ်၏ စွန့်စားခန်းများဟု အမည်ထိုးထားသည်။

"အဲဒါ ဘာလုပ်ဖို့လဲ စင်သီယာ"

"ခဏနေ ကြည့်ဦး"

စင်သီယာက စာအုပ်ကလေးများစွာကို တစ်အုပ်ပြီး တစ်အုပ်ထုတ်ပေးသည်။ အားလုံး အင်္ဂလိပ်စာအုပ်များချည်း။

အေ ဘွတ်ခ် အော့ဖ် ဗာ့စ် ဘိုင် မောင်ထင်အောင်၊ ဤသည်က တစ်အုပ်။ မောင်ထင်အောင်၏ 'ကဗျာလက်ရွေးစင်'ဟု အဓိပ္ပာယ်ရမည် ထင်သည်။ နောက်တစ်အုပ်ကတော့ အိုးလ်ဒ်ဘားမားဟု အမည်ပေးထားသည်။ 'ရှေးရှေးတုန်းကမြန်မာပြည်'ဟု အဓိပ္ပာယ်ရပေမည်။

စင်သီယာ နောက်တစ်ချီ ထုတ်ပေးသောစာအုပ်လေးက အတန်လေးထူသည်။ အင်္ဂလိပ်လိုပင် ရေးထားသည်။

> "ယူတို့ကျောင်းအုပ်ကြီးကို ကြောက်လို့ ယူဖြေချင်လည်း ဖြေပေါ့၊ ကိုးတန်းစာမေးပွဲနဲ့ မက်ထရစ်စာမေးပွဲက တစ်ချိန်စီ စစ်တာ၊ ကြားမှာတစ်လကျော်တောင် ကွာတယ်၊ ကိုးတန်းကအရင် အင်္ဂလိပ်စာရယ်၊ မြန်မာစာရယ်၊ ဗြိတိသျှ သမိုင်းရယ်ကို သတ်သတ်ဖတ်ပြီး မက်ထရစ် ဝင်ဖြေပေါ့၊ ယူက တော်ပြီးသားပဲ၊ စင်သီယာ ကျူရှင်ယူလို့ရှိရင်လည်း ယူ့ကို နုတ်စ်တွေ ပေးပါ့မယ်"

ဗြိတိသျှသမိုင်းစာအုပ်ဖြစ်၏။

နောက်ဆုံး စင်သီယာ ထုတ်ပေးသော စာအုပ်ကား ဦးပုည၏ ဝိဇယပြဇာတ် ဖြစ်သည်။

စင်သီယာသည် သူ့လက်ဆောင်ပစ္စည်းလေးများကို သူသဘောကျဟန်ဖြင့် ပြုံးပြုံးလေးကြည့်နေသည်။

"အဲဒါတွေက ဘာလုပ်ဖို့လဲ စင်သီယာ"

"မက်ထရစ်မှာ ပြဋ္ဌာန်းတဲ့ စာအုပ်တွေ"

"ဘာရယ်"

"ယူ . . . တောသားပဲ၊ နားမလည်ဘူး၊ ယူ့လို တောသားတွေ ခံကြရဦးမယ်"

"ဒုက္ခပဲ စင်သီယာ ပြောနေတာ ကိုယ်တစ်ခုမှ နားမလည်ဘူး"

"စင်သီယာ ရှင်းပြမယ် နားထောင်၊ ယူအခု ရှစ်တန်းအောင်ရင် ကိုးတန်းဆက်တက်မယ် မဟုတ်လား"

"နို့ . . . ဘယ်အတန်းတက်ရမှာလဲ"

"ဆုံးအောင် နားထောင်ဦး၊ ပြီးတော့ ယူ ကိုးတန်းပဲ ဖြေမယ်ပေါ့"

"ကိုးတန်းတက်မှ ကိုးတန်းပဲ ဖြေရမှာပေါ့ စင်သီယာရဲ့"

"အဲဒါပြောတာပေါ့၊ ယူတို့ တောသားတွေခံရမယ်လို့"

"ပုသိမ်ဟာ တောတော့ မဟုတ်ပါဘူး စင်သီယာရယ်"

"ဒါပြောတာ မဟုတ်ဘူး၊ ကြည့် . . . သူ့ပုသိမ်ထိလို့ နာသွားပြန်ပြီ၊ စင်သီယာ ပြောတာက ယူတို့ ရန်ကုန်က လူတွေလောက် မလည်ဘူး"

"ဘာမလည်တာလဲ"

"ရန်ကုန်မှာ ဘယ်သူမှ ကိုးတန်းကို ဂရုမစိုက်ဘူး၊ ကိုးတန်းအောင်ပြီး တက္ကသိုလ်သွားလို့ မရဘူး"

"ဒါပေမယ့် ကိုးတန်းစာမေးပွဲကို ကျောင်းထွက်လက်မှတ်ရ စာမေးပွဲလို့ ခေါ်တယ်မဟုတ်လား"

'အဲဒီလက်မှတ်ကြီးနဲ့ ယူ အလုပ်ထွက်လုပ်ချင်ရင်တော့ ရတယ်၊ တက္ကသိုလ်တော့ နိမ်းဟေး"

"ဒါနဲ့ ဘာလို့ အစိုးရက ကိုးတန်းအထိပဲ ထားပေးရသလဲ၊ ဆယ်တန်းလည်း မရှိဘူး"

"အဲဒါပြောတာပေါ့၊ ဒက်ဒီပြောတော့ တက္ကသိုလ်က တစ်မျိုး၊ ပညာမင်းကြီးက တစ်မျိုး လုပ်နေကြတာတဲ့၊ ကြားထဲက ကလေးတွေ ခံရမယ်တဲ့။ ရန်ကုန် ပရိုက်ဗိတ်ကျောင်းတွေမှာ အခုကိုးတန်းမထားဘူး၊ မက်ထရစ်အတန်းထားတယ်"

"ကိုးတန်း မအောင်ဘဲနဲ့ မက်ထရစ်အတန်း တက်လို့ရသလား"

"ရတယ်၊ မက်ထရစ်က တက္ကသိုလ်က သူ့ဘာသာသူ စစ်ယူတာ၊ သူစစ်တာ အောင်ရင်ပြီးတာပဲ၊ ဘယ်သူဝင်ဖြေဖြေ၊ တက္ကသိုလ်မသွားချင်လို့ အလုပ်ဝင်လျှောက်လည်း အလုပ်ပေးတဲ့လူတွေက မက်ထရစ်အောင်တဲ့လူကိုပဲ ပိုကြိုက်သတဲ့"

"ခက်တာပဲ အဲဒါ ကိုယ်မသိဘူး"

"ယူ့ကို ဒါကြောင့် တောသားလို့ ပြောတာပေါ့၊ စင်သီယာတို့ကျောင်းမှာတော့ ဒီနှစ် မက်ထရစ်ထားပေးမယ်တဲ့၊ မထားပေးလည်း ကိုယ့်ဘာသာ ကျူရှင်တစ်ဖက်ကယူပြီး ဖြေမယ်၊ သင်္ချာရယ်၊ ပထဝီရယ်၊ မြန်မာသမိုင်းရယ်ကတော့ သိပ်မကွာဘူး အတူတူပဲတဲ့၊ အဲ . . အင်္ဂလိပ်စာနဲ့ မြန်မာစာ ပြဋ္ဌာန်းစာအုပ်တွေက မက်ထရစ်နဲ့ ကိုးတန်း မတူဘူး တခြားစီ၊ ပြီးတော့ ကိုးတန်းမှာက ကမ္ဘာ့သမိုင်း သင်ရတယ်၊ မက်ထရစ်မှာက ဗြိတိသျှသမိုင်း၊ ဩော် . . . ဟောဒီမှာ မက်ထရစ်

ဆေးလ်ဘတ်စ်၊ ယူဖတ်ကြည့်ပေါ့"

စင်သီယာက စာရွက်တစ်ထပ်ကို ပေးပြန်၏။

"အခု ဒီစာအုပ်တွေက ကိုယ့်ဖို့နော်"

"ယူ့ဖို့မဟုတ်လို့ ဘယ်သူ့ဖို့ရမလဲ တကတည်း"

"စင်သီယာက ကိုယ့်ကို မက်ထရစ် ဖြေစေချင်လို့လား"

"အင်းလေ"

"ကိုးတန်းကလည်း ဖြေရဦးမှာ"

"ယူတို့ကျောင်းအုပ်ကြီးကို ကြောက်လို့ ယူဖြေချင်လည်း ဖြေပေါ့၊ ကိုးတန်းစာမေးပွဲနဲ့ မက်ထရစ်စာမေးပွဲက တစ်ချိန်စီ စစ်တာ၊ကြားမှာတစ်လကျော်တောင် ကွာတယ်၊ ကိုးတန်းကအရင် အင်္ဂလိပ်စာရယ်၊ မြန်မာစာရယ်၊ ဗြိတိသျှသမိုင်းရယ်ကိုသတ်သတ်ဖတ်ပြီး မက်ထရစ် ဝင်ဖြေပေါ့၊ ယူက တော်ပြီးသားပဲ၊ စင်သီယာ ကျူရှင်ယူလို့ရှိရင်လည်း ယူ့ကို နုတ်စ်တွေ ပေးပါ့မယ်"

စင်သီယာ့ စေတနာကြောင့် သူက ကျေးဇူးတင်မိသည်။ သို့ရာတွင် ရင်တွင်း၌ ဝမ်းလည်းနည်းမိသည်။ မက်ထရစ်အောင်ပြီး မိမိကတက္ကသိုလ်သွားနိုင်သူ မဟုတ်။ တက္ကသိုလ်ဟူသည်ကို မိမိက အိပ်မက်ထဲပင် ထည့်မက်နိုင်သူမဟုတ်။

ဤသည်ကို စင်သီယာ တွေးမိပုံမပေါ်။

"ကြည့် . . . ယူဘာလို့ မျက်နှာညှိုးသွားရတာလဲ"

သူက ချက်ချင်း မျက်နှာပြင်လိုက်ရ၏။ သူ့အတွက် စင်သီယာ စိတ်မကောင်း မဖြစ်စေလို။

"ကိုယ် ချိန်ကြည့်နေတာပါ၊ ကောင်းပါပြီ ကိုယ်ဖြေပါ့မယ်၊ စာမေးပွဲနှစ်ခုစလုံး အောင်စေရမယ်၊ ကျေနပ်ပြီလား"

"အဲဒီလိုမှပေါ့၊ ယူ့ကို စင်သီယာက အဲဒါ သဘောကျတာ၊ ယောကျ်ားပဲ လုပ်ရင်ဖြစ်ရမှာပေါ့ ဟုတ်ဘူးလား"

"လုပ်ရင်ဖြစ်ရမယ်၊ အထူးသဖြင့် စင်သီယာခိုင်းတာဆိုတော့ ပိုပြီး ဖြစ်အောင်လုပ်ရမှာပေါ့"

စင်သီယာ၏ လှပသော မျက်စောင်းဒဏ်ကို ခံရိုးခံစဉ် သူခံလိုက်ရပြန်၏။

"သူပိုပြန်ရော ကိုပိုကြီး၊ တစ်ခါတလေ နည်းနည်းလေး မပိုဘဲ မနေနိုင်ဘူးလား"

သည်အပြောလေးက စင်သီယာ့ ပြောရိုးပြောစဉ် အပြောလေး။ သူ နှစ်ခြိုက်ရသော အပြောလေး။

သူ ပြုံးနေခိုက် စင်သီယာက နေရာမှထသည်။

"စင်သီယာ ပြန်တော့မယ်နော်"

"အစောကြီးရှိသေးတယ် စင်သီယာရယ်"

"စောပေမယ့် ပြန်မှ၊ ဒီလောက်ဆို ကျေနပ်တော့၊ သိပ်အတင့်ရဲလို့ မဖြစ်ဘူး ကိုယ်တော်ရဲ့"

(ဆက်လက်ဖော်ပြပါမည်)

SKY RAY Travels & Tours
* တောင်ကြီး–အင်းလေး–ပင်းတယ–ကလော Mar-23;Apr-12,13
* မန္တလေး–မုံရွာ–အလောင်းတော်ကဿပ Mar-23;Apr-12,13
(Win Unity Hotel တွင်တည်းခိုမည်)
* မန္တလေး–ပြင်ဦးလွင်–မူဆယ်–ရွှေလီ–မန်စီ Apr-12,13
Tel : 09-421000523, 09-421000524, 09-448008610

ဆောင်း နွေ မိုး .. မော်တင်စွန်းဘုရားပွဲတော်
ရွှေစက်တော်/အလောင်းတော်ကဿပ
09 448004288 , 09 448004289

၂၀၁၃-ခုနှစ် သင်္ကြန်ခရီးစဉ်
ထားဝယ်ရှင်ကိုးရှင် နှင့် ကျော့သောင်း (ရငနှာင်း)
၁၂-၄-၂၀၁၃ မှ ၂၀-၄-၂၀၁၃ ထိ
သုခဝိန်ဓာငပ ၀၁ – ၂၅၃၀၇၉ / ၀၉ ၅၁၅၅၆၅၄

ပညာမြင့်မိုရ်၏ စည်းကမ်းပညာ၊အစဉ်အလာကို စံစမ်းပြီးမှ အပ်နှံပါ။ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ် ကက–၁၃/၀၉/၀၁၆

ပညာမြင့်မိုရ်
ပုဂ္ဂလိကအထက်တန်းကျောင်းနှင့်
ကျောင်းသား/သူသီးသန့်အဆောင်မြင့်ဘော်ဒါ

၉-တန်းမှ ၁၀-တန်းအထိ
၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက်
ကြိုအပ်လက်ခံပါပြီ။

❖ ကျောင်းကြီးတက်ရန်မလို၊ကျူရှင်ထပ်တက်ရန် မလိုတစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း
❖ နေ့တက်သင်တန်းဘော်ဒါကျောင်းချိန်လွတ် ညနေပိုင်းပိုင်း (Grade 9, 10, 11)ကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံနိုင်ပါသည်။
❖ နေ့တက်သင်တန်းနှင့်ပိုင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
❖ လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မယ်။

အမှတ်(၃၈/၄၀)၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 73004720, 09 5001158, 09 5002947, 01 561321



ဖိတ်ကြားလွှာ

သဒ္ဓါကြည်လင်ပါရမီရှင်အလှူရှင်သူတော်ကောင်းအပေါင်းတို့

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ တူးချောင်းရွာ၊ ရွာမပဋ္ဌိပတ္တိ မဟာစည်သာသနာ့ရိပ်သာ တပ်ဦးကျောင်းအတွင်းရှိ ရွှေတိဂုံပုံတူစေတီနှင့် ရန်အောင်မြင် ဆုတောင်းပြည့် ကိုးနဝင်းစေတီတော်တို့အား ထီးတော်တင်မင်္ဂလာ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ အလှူရှင်များနှင့် စိတ်ပါဝင်စားသူများ ကြွရောက်ကြည်ညို သဒ္ဓါပွားများနိုင်စေရန် ဖိတ်ကြားအပ်ပါသည်။

(က) ၂၆-၃-၂၀၁၃ရက် (တပေါင်းလပြည့်နေ့) နံနက် ၉ နာရီတွင် အရံစေတီ ၁၀၆ဆူ ထီးတော်တင်ခြင်းနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်လေးဆူ လိုဏ်ဂူတော်သို့ ပင့်ဆောင်ခြင်းအခမ်းအနား

(ခ) ၃၁-၃-၂၀၁၃ရက်(တပေါင်းလပြည့်ကျော်၅ရက်)နံနက်၇နာရီတွင် ရန်အောင်မြင် ဆုတောင်းပြည့် ရှေးဟောင်းစေတီတော်နှင့် ရွှေတိဂုံပုံတူစေတီတော်တို့အား ထီးတော်တင်ခြင်းမင်္ဂလာ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာနှင့် တတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနား

ပင့်သံဃာ(၁၀၈)ပါးတို့အား သိမ်ဆင်းလောင်းလှူနိုင်ရန် နှိုးဆော်အပ်ပါသည်။

ဇီနမာရ်အောင်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်လှည့်လည်အပူဇော်ခံခြင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ငွေ့တော်ခိုလှုံခြင်းနှင့် ထီးတော်တင်မင်္ဂလာအခမ်းအနားဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်ရှိ ဉာဏ်တော်(၁၃၅)ပေ အမြင့်ဆောင် ဇီနမာရ်အောင်စေတီတော်မြတ်ကြီးတွင် အသစ်မွမ်းမံ ပြုပြင်တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ကြီးတို့သည် ၁၃-၃-၂၀၁၃ရက်မှ ၁၈-၃-၂၀၁၃ ရက်ထိ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ငွေ့တော် ခိုလှုံအပူဇော်ခံလျက်ရှိပါသည်။ ထီးတော်တင် မင်္ဂလာအခမ်းအနားကိုလည်း ၂၆-၃-၂၀၁၃ ရက် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်နေ့) (အင်္ဂါနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူ ဘုရားဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ကုသိုလ်တော်များ ပါဝင်ရယူတော်မူနိုင်ပါစေရန် ဖိတ်ကြားအပ်ပါသည်။

တတိယအကြိမ် ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံပြုပြင်တည်ဆောက်ရေးဦးစီးကော်မတီ

ဦးရဲမင်းပိုင်(သင်္ချာ) ဆရာညွှန့်ဝေမိုး(educator)
မျိုးဆက်သစ်ဆရာ/မများအတွက်သင်္ချာ-အင်္ဂလိပ်စာ
ကျောင်းသားများနှင့်ဆရာမသင်ပါကြောင်း မတ်-၂၄ရက်စမည်
၁၆၅ဆိပ်ကမ်းသာလမ်း ပန်းဆိုးတန်းမှတ်တိုင်ဆင်း ၀၉ ၇၃၁ ၆၁၁၄၀

POST ဝင်ခွင့်သင်တန်း ဖွင့်ပြီ
မူလတန်းပြဆရာမ DTECT
၁၆၅ဆိပ်ကမ်းသာလမ်း ပန်းဆိုးတန်းမှတ်တိုင်ဆင်း ၀၉ ၄၂၀ ၁၂၉၃၃

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ရဲမင်းထွန်း၏ နိုင်ငံကူး လက်မှတ်-၃၁၉၀၄၆ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၀၃၈၃၂၆

Car Rental
Ph: 09 73903021, 09 421134928, 09 73018195

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 43105544
09 73127992

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေးဒရဲမြို့၊ အမှတ်(၄၅)၊ ဘုရားလမ်းနေ (ဦးကြည်အေး)-ဒေါ်ခင်စိန်တို့၏သမီး၊ (ဦးထွန်းလွင်)-ဒေါ်ယဉ်စိန်ဖြူတို့၏သမီးချွေးမ၊ ဦးအောင်ဝင်းလွင်၏ ဇနီး၊ ဦးဇော်မြင့်-ဒေါ်ကြင်ငွေး၊ ဦးကျော်နိုင်-ဒေါ်ခင်စောမာ၊ ဒေါ်စိန်ငွေး(စိန်မေတ္တာ မျက်စိဆေးခန်း)၊ ဦးကျော်စိုး-ဒေါ်ဝင်းနွယ်အောင်တို့၏ညီမ၊ ဦးမြတ်မင်းရွှေ-ဒေါ်ဆွေဇင်မျိုး(ဇော်ဘုရင်)၊ ဦးအောင်ဇော်နိုင်-ဒေါ်နော်မို့မို့အောင် (ကျေးဇူးတော်ဆေးခန်း)၊ ဦးကျော်ထက်-ဒေါ်ခိုင်ခိုင်ခန့်(ထုံးဘုရင်-ကျော်ထက်)၊ ဦးမောင်မောင်ဇော်-ဒေါ်နီနီလင်းတို့၏ အစ်မ၊ တူ/တူမ ၁၅ ယောက်တို့၏ ကျေးဇူးရှင်အဒေါ်သည် ၁၆-၃-၂၀၁၃ (စနေနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [အမှတ် (၁၁၂၀)၊ မာန်ပြေ (၅)လမ်း၊ သာကေတနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကိုဝင်းစိုး(ခ)ဖိုးဇော်
အသက်(၄၁)နှစ်
(ဆူးလေရောင်တော်ဖွင့်အသင်းသား)

အမှတ်(၇၉)၊ (၂၉)လမ်း၊ ဒုတိယထပ်နေ ဦးသိန်းမြင့်-ဒေါ်မြင့်မြင့်တို့၏ ဒုတိယသားကြီး၊ ကိုကျော်မင်း-မဥမ္မာတို့၏ ညီ/မောင်၊ ကိုမင်းမင်း-မခင်လဲ့လဲ့သွင်၊ ကိုမျိုးမင်း၊ ဗိုလ်ကြီးဟိန်းသူ၊ မခိုင်ပြည့်ဖြိုးသူတို့၏အစ်ကို ကိုဝင်းစိုး(ခ)ဖိုးဇော်သည် ၁၇-၃-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၃(အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးနန္ဒိယ
သိက္ခာတော် (၁၄)ဝါ၊ သက်တော်(၈၇)နှစ်
သီတဂူယောဂီ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၃၈၀)နေ အရာခံဗိုလ်မြသာဒွန်း-ဒေါ်နန်ပုတ်ခမ်း၊ တောင်တွင်းကြီးမြို့နေ (ဦးတင်ဝင်း)-ဒေါ်မာမာအေး၊ ဦးဇော်ဝင်းတို့၏မွေးသဖခင်၊ မြေးငါးယောက်တို့၏ အဘိုး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ သဒ္ဓမ္မသီတဂူမဟာစည်ရိပ်သာတွင် သီတင်းသုံးတော်မူသော ဦးနန္ဒိယအရှင်သူမြတ်သည် (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၆ရက်) ၁၇-၃-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၉း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၉-၃-၂၀၁၃(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန လောင်တိုက်မီးပူဇော်ပွဲကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မစိုးရိမ်တိုက်သစ်ကြီးများ၏အဓိပတိမဟာနာယကချုပ်
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တရာဇဓမ္မာဘိဝံသမဟာထေရ်မြတ်ကြီး
သိက္ခာတော်(၆၀)၊ သက်တော်(၈၀)

မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိ မဟာနာယကချုပ်၊ ကျေးဇူးတော်ရှင်ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) သိက္ခာတော်(၆၀)၊ သက်တော်(၈၀)သည် (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၂ရက်) (ဗုဒ္ဓဟူးနေ့) ည ၁၁း၃၈နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသဖြင့် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ရက်) ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့)တွင် ဧရာဝတီမြစ်ကမ်းဘေး ရှမ်းလေးကျွန်းမြောက်ဘက် အန္တိမအဂ္ဂိဈာပနကွင်း၌ တေဇောဓာတ်ပူဇော်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ

ဒေါ်သိန်းကြည်(ပင်လောင်း)
အသက်(၈၅)နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့၊ အနောက်ရပ်၊ အမှတ်(စ/၂၄၂)နေ [ဦးတင် (ကျောင်းဆရာကြီး)-ဒေါ်အုန်းပွင့်]တို့၏ဒုတိယသမီး၊ (ဒေါ်သိန်းနု-ဦးဘစိန်) တောင်ကြီးမြို့တို့၏ညီမ၊ ဒေါ်ရီရီသိန်း-ဦးခင်မောင်လေး(ခ)ဖိုးသောကြာ (ခေတ်+မိုး)၊ ကျောင်းဆရာမ ဒေါ်သိန်းသီ-ဦးတင်ငွေတို့၏အစ်မ၊ ရန်ကုန်မြို့နေ ဦးကျော်စိုးမြင့်-ဒေါ်သန်းနွဲ့၊ ဒေါ်လှလှဝင်း-ဦးခိုင်ထွန်းအောင်၊ ပင်လောင်းမြို့နေ ဒေါ်လှလှနှင်း-ဦးဖေခင်၊ ဒေါ်လှလှအေး (တွဲဖက်ပါမောက္ခ၊ ဌာနမှူး၊ ရန်ကုန်သူနာပြုတက္ကသိုလ်)- ပါမောက္ခဦးမောင်မောင် (ပါမောက္ခ/ဌာနမှူး၊ ငြိမ်း)တို့၏ မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၇-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇း၀၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမိုးမင်းလှိုင်(ကိုမိုးကြီး)
အသက်(၄၂)နှစ်
Cameraman Supervisor
Up To Date Channel (SKY Net)

အမှတ်(၂၃)၊ သုခလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ စာရေးဆရာပျဉ်းမနားမြင့်လှိုင်-ဒေါ်စမ်းမြင့်မြင့်တို့၏သား၊ မဥမ္မာလှိုင်၏မောင်၊ မန္တလေးမြို့နေ ဦးထွန်းဝေ-ဒေါ်တုတ်တုတ်တို့၏သားသမက်၊ မသင်းသင်းဦး၏ ချစ်လှစွာသောခင်ပွန်း၊ မသွန်းရတီလှိုင်၏ဖခင် ဦးမိုးမင်းလှိုင်သည် ၁၇-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၄း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၃(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
ဒေါ်မြမြဆွေ
အသက် (၇၄)နှစ်
(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၃၁)နေ (ဦးမင်းဆွေ-ဒေါ်မြစိန်)တို့၏သမီးကြီး၊ ဦးအေးလွင်၏ဇနီး၊ ဦးမြင့်ဆွေ-ဒေါ်တင်ကြိုင်၊ ဒေါ်မြင့်မြင့်ဇော်၊ ဦးဟန်ဆွေ၊ ဒေါ်ဝင်းဝင်းဆွေ၊ ဒေါ်မာလာဆွေ (အထက-၃၊ ဒဂုံမြောက်)၊ ဒေါ်မိုးမိုးဦး၊ ဦးတင်မောင်ထွန်း-ဒေါ်မြင့်မြင့်သန်း၊ ဦးတင်မောင်ဝင်း-ဒေါ်ယဉ်ယဉ်မြတို့၏ ကျေးဇူးရှင်အစ်မကြီး၊ တူ/တူမ ၂၈ ယောက်တို့၏ ကြီးကြီးမေသည် ၁၆-၃-၂၀၁၃(စနေနေ့) ညနေ ၃း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၃-၂၀၁၃(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယကာကြီး
ဦးငွေခဲ(ခ)ဦးခင်မောင်ထွေး
ရုံးအုပ်(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန (နေပြည်တော်)
အသက်(၆၂)နှစ်

ဖျာပုံမြို့နေ (ဦးမောင်မောင်-ဒေါ်ဖွားဟန်)တို့၏သားထွေး၊ ရန်ကုန်မြို့နေ (ဦးလှထွန်း-ဒေါ်လှမြင့်)တို့၏ သားသမက်၊ ဦးမျိုးဟန် (ငြိမ်း၊ ကျောင်းဆရာ)-ဒေါ်လှိုင်မြင့်မေ၊ ဦးခင်မောင်လေး (တရားရုံးချုပ်ရှေ့နေ၊ ဖျာပုံ)-ဒေါ်ခင်ပြုံးမြင့်တို့၏ညီ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာ၊ (ဇ)မြောက်ရပ်ကွက်၊ တိုက်အမှတ် (A-4)၊ အခန်းအမှတ်(404)နေ ဒေါ်ဝင်းရီ (ဦးစီးအရာရှိ-ငြိမ်း၊ သမဝါယမဝန်ကြီးဌာန၊ နေပြည်တော်)၏ချစ်လှစွာသောခင်ပွန်း၊ မယဉ်ယဉ်အေး [စိုင်းခွန်နောင် (အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီ)]၏ ချစ်လှစွာသောဖခင် ဦးငွေခဲ(ခ)ဦးခင်မောင်ထွေးသည် ၁၆-၃-၂၀၁၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

အတုယူဖွယ်ရာကလေးများ သစ်တောအစီအစဉ်

သတင်းနှင့် ဓာတ်ပုံ ပေထွက်ားဇော် (ရေစကြို)

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ခွင် သဘာဝပတ်ဝန်းကျင် ပြဿနာသည် တစ်နေ့တခြား ပိုမိုကြီးထွားလာလျက်ရှိနေသည်။ အလားတူ မြန်မာနိုင်ငံတွင်လည်း ယခုအခါ သစ်တောများအတိုင်းအဆမရှိ လွန်ကဲစွာပြုန်းတီးပျောက်ကွယ်လျက်ရှိသည်။ ထိုသို့ သစ်တောများလျင်မြန်စွာပြုန်းတီးပျောက်ကွယ်မှုများကို ကာကွယ်နိုင်ရန်အတွက် နည်းလမ်းများစွာကို စဉ်းစားရှာဖွေကြရမည်ဖြစ်သည်။

ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ သစ်တောများကို ထိန်းသိမ်းကာကွယ်ရန် ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိသည်။ သစ်ပင်သစ်တောများကို ပြုစုစိုက်ပျိုးထိန်းသိမ်းကြခြင်းဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းစိုမှုတ သာယာလှပခြင်းနှင့်အတူ သက်ရှိများ အသက်ရှင်သန်ရေး၊ စားရေး၊ ဝတ်ရေးများအပြင် ဇီဝမျိုးကွဲများကိုပါ အကျိုးဖြစ်ထွန်းစေသည်။

ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံအခြေစိုက် OISCA International အဖွဲ့တို့ပူးပေါင်းဆောင်ရွက်သည့် OISCA လယ်ယာသစ်တော စိုက်ပျိုးရေးသင်တန်းကျောင်းမှ ဆောင်ရွက်နေသည့် စိတ်ဝင်စားဖွယ် OISCA International (MYANMAR) Children's Forest Programme ကလေးများ သစ်တောအစီအစဉ်နှင့်ပတ်သက်၍ သင်တန်းကျောင်း ကျောင်းအုပ်ကြီး Mr. Keisuke Fujii က ရှင်းလင်းပြောကြားရာတွင် "ကလေးများ သစ်တောအစီအစဉ်ရဲ့ ရည်ရွယ်ချက်ကတော့ မိမိမွေးဖွားကြီးပြင်းရာ မွေးရပ်မြေ (Furusato)၏ သစ်တောများကို ထိန်းသိမ်းရန်နဲ့ လူသားတွေအတွက်သာမဟုတ်ဘဲ သက်ရှိအရာအားလုံး (သစ်ပင်သတ္တဝါများ)ကို ထိန်းသိမ်းစောင့်ရှောက်တတ်တဲ့စိတ်ဓာတ်များ မွေးမြူတတ်စေရန်ဖြစ်ပါတယ်။ အဲလို စိတ်ဓာတ်ကို မွေးမြူရင်း မိမိဒေသဖွံ့ဖြိုးမှုရေရှည်တည်တံ့ရေးအတွက် မိမိရဲ့စိတ်နှလုံးမှာ ထည့်သွင်းတတ်ရန် ဖြစ်ပါတယ်။

ဦးစွာပထမ မိမိတို့ရဲ့ ကျောင်းဝင်းအတွင်းမှာ သေးငယ်တဲ့သစ်တောငယ်ကို ကလေးတွေကိုယ်တိုင် စိုက်ပျိုးထူထောင်စေခြင်းက စတင်ပါတယ်၊ ကလေးများကို သဘာဝပတ်ဝန်းကျင်အကြောင်းတွေ ရှင်းလင်းပြောကြားသင်ပေးရင်းက ကလေးများကိုယ်တိုင် လက်တွေ့စိုက်ပျိုးစေပါတယ်၊ အဲဒီနောက် ကျောင်းဝင်းတွင်သာမက မိမိဒေသ၊ မိမိပတ်ဝန်းကျင်မှာလည်း စိုက်ပျိုးတည်ထောင်သည့်အလေ့အကျင့်ကောင်းတွေ ရရှိလာအောင် ဒီအစီအစဉ်ကို ဆောင်ရွက်ရတာဖြစ်ပါတယ်။

ဒီအစီအစဉ်မှာ ကလေးများက အဓိကဖြစ်သော်လည်း ဆရာ ဆရာမများ၊ မိဘများက ကလေးများနှင့်အတူ ဦးဆောင်ပါဝင်ဖို့လိုအပ်ပါတယ်၊ အဲဒီလို ဆောင်ရွက်ခြင်းအားဖြင့် ကလေးများဟာ နောင်အနာဂတ်မှာ မိမိနေထိုင်ရာပတ်ဝန်းကျင်ကို ကိုယ်ပိုင်အသိဉာဏ်နှင့် ထိန်းသိမ်းကာကွယ်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်သင်ကြားပေးတာဖြစ်ပါတယ်" ဟု ရှင်းပြပါသည်။

အဆိုပါကလေးများ သစ်တောအစီအစဉ်ကို ရေစကြိုမြို့နယ်တွင် ၂၀၀၁ ခုနှစ်မှစတင်၍ စာသင်ကျောင်းနှစ်ကျောင်းတွင် ဆောင်ရွက်ခဲ့ရာ ပြောင်သလင်းခါနေသော ကျောင်းဝင်းမြေတွင် ငါးနှစ်အကြာတွင် ကလေးများကိုယ်တိုင်စိုက်ပျိုးခဲ့သော သစ်ပင်တို့သည် သစ်တောငယ်တစ်ခုဖြစ်လာခဲ့သည်ကိုတွေ့မြင်ခဲ့ရသည်။ **(အပေါ်ပုံ)** ကလေးများသစ်တောအစီအစဉ်အရ ၂၀၁၂ ခုနှစ်ထိ ကျောင်းပေါင်း ၅၈ ကျောင်းတွင် ဆောင်ရွက်ထားကြောင်း လေ့လာသိရှိခဲ့ရသည်။

ဆက်လက်၍ သင်တန်းကျောင်းမှ ဆက်သွယ်ရေးအရာရှိ ဒေါ်နီနီစိုးက ရှင်းလင်းပြောပြရာတွင် "ကလေးများအနေနဲ့

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○

အဆင့်အတန်းမီ၍ အန္တရာယ်ကင်းသော ဆေးကုသခွင့်ရရန် ဆောင်ရွက်မည်

ရန်ကုန် မတ် ၁၇

ပြည်သူပြည်သားများအနေဖြင့် ဆေးကုသခံယူရာတွင် အဆင့်အတန်းမီ၍ အန္တရာယ်ကင်းသော ကုသခွင့်မျိုးရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့၌ ကျင်းပသော မြန်မာနိုင်ငံဆေးကောင်စီသတင်းစာရှင်းလင်းပွဲမှ သိရသည်။

မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေးနှင့်အတူ နိုင်ငံခြားတိုင်းပြည်များမှ ဆရာဝန်များသည် မြန်မာနိုင်ငံတွင် လာရောက်ပြီး ဆေးကုသခြင်း၊ လူနာများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ အများပြည်သူတို့အား ကျန်းမာရေးပညာပေးခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိသလို အချို့မှာ အခကြေးငွေယူ၍ လည်းကောင်း၊ အချို့မှာ အခမဲ့ဟူ၍လည်းကောင်း ဆောင်ရွက်နေကြကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ကြရာတွင် အချို့ဝန်ကြီးဌာနများ၊ အချို့ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ စီစဉ်ဆောင်ရွက်မှု၊ ဘာသာရေးနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နေကြခြင်းလည်းဖြစ်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ယနေ့ မာတိကာ

ဝေဖန်ပါ၊ ပြီးတော့ အကြံပြုပါ

စာမျက်နှာ - ၆

ဆန်းပြားသော အသွင်ဒီဇိုင်းများဖြင့် လွတ်လပ်ရေးကျောက်တိုင်နှင့် ပန်းခြံကို ခံ့ညားစွာ မြင်တွေ့ရတော့မည်

စာမျက်နှာ - ၁၀

သူ့ရဲကောင်းတစ်ဦးအဖြစ် ပြောင်းလဲမြင်တွေ့ရမည့် ရုပ်ရှင်သရုပ်ဆောင် ကင်မ်ဟေဆူး

စာမျက်နှာ - ၁၂

ရွှန်းနီ၏ တစ်လုံးတည်းသောဂိုးဖြင့် ရီးဒင်းကို အနိုင်ယူကာ မြို့ခံ့ပြိုင်ဘက် မန်စီးတီးကို ၁၅ မှတ် ဖြတ်လိုက်သည့် မန်ယူ

စာမျက်နှာ - ၁၃

ဓာတ်ရောင်ခြည်ထောက်လှမ်းရေးကိရိယာ ဂျပန်သိပ္ပံပညာရှင်များ တီထွင်

ဘာသာပြန် သတင်းလုလင်

တိုကျို မတ် ၁၇

ဓာတ်ရောင်ခြည်ထုတ်လွှင့်မှုအား ထောက်လှမ်းပေးမည့် ကိရိယာတစ်မျိုးကို ဂျပန်ဆန်ဒိုင်း သုတေသနမှ သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားပြီဖြစ်ကြောင်း၊ ယင်းကိရိယာကို ဒရုန်း(ခေါ်)မောင်းသူမဲ့လေယာဉ်၏ တောင်ပံတွင် တပ်ဆင်ကာ ဝေဟင်အတွင်း ဓာတ်ရောင်ခြည် ပျံ့နှံ့မှုအခြေအနေကို စောင့်ကြည့်လေ့လာနိုင်မည်ဖြစ်ကြောင်း ဂျပန်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ချူကလီးယားလက်နက်များအား စမ်းသပ်ဖောက်ခွဲရာတွင် ဓာတ်ရောင်ခြည်ထုတ်လွှင့်မှုကို သိရှိနိုင်ရန် အသုံးပြုသော Harvester အမည်ရှိ စနစ်အပေါ်အခြေခံကာ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

ဓာတ်ရောင်ခြည်ထောက်လှမ်းရေးလုပ်ငန်း၌ အသုံးပြုမည့် မောင်းသူမဲ့လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် နေပြည်တော် စည်ပင်သာယာရေးဥပဒေကြမ်းကို အချပ်ပို (ငါး၊ စ၊ ဆ၊ ဇ) တွင် ဖော်ပြထားပါသည်။

ကြော်ငြာအပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာ အပိုလေးမျက်နှာ ပါရှိပါသည်။

99 味精
နိုင်းနိုင်း အချိုမှုန့်
ဓါတုပစ္စည်းမပါ
ဂရိတ်ဝေါလ်ရွှေမြေ ဆေးဝါးကုမ္ပဏီလီမိတက်
ဖုန်း - ၀၉ ၅၀၉ ၂၄၄၃၊ ၀၁-၃၉၇၇၉၂ - ၄
ဖြန့်ချိရေးကိုယ်စားလှယ်များ.....

မိသားစုကျန်းမာရေး ခဝဲသီးစားသုံးပေး

ပေါက်ပေါက်

ခဝဲသီးသည် အရသာချိုအေးကာ ရနံ့လည်းရှိသော ခဝဲသီးကို သူ့ချည်းသက်သတ်ကြော်ခြင်း၊ အခြားဟင်းရွက်တို့ဖြင့် ရောနှောကာ အစိမ်းကြော်ခြင်း၊ နှစ်သက်ရာ ကြက်ဥ၊ ဘဲဥ၊ အသားပြုတ်တို့ဖြင့် မွှေကြော်ခြင်း၊ ပဲကြာဆံ ရောနှော၍ ကြော်ချက်ခြင်းစသည်ဖြင့် အမျိုးမျိုးစားသုံးနိုင်သည်။

ခဝဲသီးထဲတွင် လူသားတို့ ကျန်းမာရေးကို ကောင်းကျိုးပြုစေသည့် ဗီတာမင်နှင့် သတ္တုဓာတ် ၁၀ မျိုးပါရှိသည့်အပြင် ဘေးဥပဒ်ဖြစ်စေသော ပြည့်ဝဆီနှင့် ကိုလက်စထရောတို့ ပါဝင်မှုလွန်စွာနည်းပါးသည်။ ထို့ပြင် ရေဓာတ်ပါဝင်မှု မြင့်မားခြင်းကြောင့် အဝလွန်သူများနှင့် ကိုယ်အလေးချိန် ပုံမှန်ထိန်းသိမ်းလိုသူများအတွက် အသင့်တော်ဆုံးဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ပန်းနာရင်ကျပ်ရောဂါနှင့် အသည်းရောင်အသားဝါဝေဒနာသည်များကို ဆေးမြီးတိုအဖြစ် ခဝဲသီးဖျော်ရည်တစ်ခွက်ကို သကြားနှစ်ဇွန်းရောကာ တစ်နေ့ နှစ်ကြိမ်တိုက်ကျွေးလေ့ရှိသလို ခဝဲသီးအစေ့ကို အခြောက်လှန်းအမှုန့်ကြိတ်၍လည်း သောက်သုံးနိုင်သည်။ ခဝဲသီးသည် အရက်သေစာသောက်သုံးခြင်းဖြင့် အသည်းထိခိုက်မှုကို ကာကွယ်ပေးသည့်အပြင် အသည်းကို သန့်စင်စေကာ အာဟာရပြန်လည်ဖြည့်တင်းပေးသဖြင့် အရက်သောက်သုံးသူများအတွက် အထူးသင့်လျော်ပါသည်။

ခဝဲသီးတွင် အင်ဆူလင်ဓာတ်ပါဝင်သောကြောင့် သွေးနှင့်ဆီးထဲရှိ သကြားပမာဏတို့ကို ထိန်းညှိပေးနိုင်သည်။ ဆယ်လူလို့စ်ပါဝင်ခြင်းကြောင့် အစာအိမ်ကို ကောင်းကျိုးပြုကာ လိပ်ခေါင်းရောဂါမှ ကာကွယ်ပေးသည်။ ဝမ်းကိုက်ရောဂါအတွက် အရွက်ပြုတ်ရည်ကိုလည်းကောင်း၊ ဝမ်းပျော့ဆေးအဖြစ် အစေ့ကိုဝါးစား၍သော်လည်းကောင်း၊ အစာအိမ်ထဲရှိ တုတ်ပြား၊ သန်ကောင်ပြားများကို သေစေရန်အတွက် ခဝဲသီးတစ်လုံးကို ရေနှစ်ခွက်ဖြင့်ပြုတ်ကာ ဆားရော၍ တစ်နေ့တစ်ကြိမ်မျှ သောက်ပေးခြင်းဖြင့်လည်းကောင်း ဘက်စုံအသုံးပြုနိုင်သည်။

အပူငြိမ်းစေ၍ ခန္ဓာကိုယ်အတွင်းပိုင်းကို အေးမြစေကာ ဆီးရွှင်စေသည်။ ဆီးကျောက်ကြေစေရန်အတွက် ခဝဲသီးပင်အမြစ်ကို နွားနို့ဖြင့် ပြုတ်သောက်ပေးသင့်သည်။ နံနက်အိပ်ရာထ ခဝဲသီးကို မိမိနှစ်သက်ရာ အသီးအနှံတစ်ခုခုဖြင့်ရော၍ အရည်ညှစ်သောက်ပေးပါက ကိုယ်ခံစွမ်းအားတိုးတက်ကောင်းမွန်စေကာ ပြင်ပရောဂါများ အလွယ်တကူ ကူးစက်ခြင်းမှလည်း ဟန့်တားကာကွယ်ပေးနိုင်သည်။ သရက်ရွက်ကို ကျန်းမာစေသည်။ သင်းရည် (သားနံ့ရည်)ထွက်သော ရောင်ရမ်းသည့် အနာများအတွက် ခဝဲသီးပင်အမြစ်ပြုတ်ရည်ကို ဖန်ရည်အဖြစ် ဆေးပေးနိုင်သည်။

ဝဲနှင်းခူ၊ ပွေးကွက်၊ ဒက်၊ အရေပြားယားယံကာ အနီကွက်ထခြင်းစသည့် အရေပြားရောဂါများအတွက် ခဝဲသီးပင်အရွက် သတ္တုရည်ဖြင့်လည်းကောင်း၊ ခဝဲသီးအစေ့မှထုတ်လုပ်သော အဆီဖြင့်လည်းကောင်း လိမ်းကျံပေးနိုင်သည်။ အနာကြီးရောဂါသည်များ ခဝဲသီးပင် အရွက်သတ္တုရည်ကို ကြက်သွန်ဖြူဖြင့် ရောစပ်လိမ်းပေးခြင်းဖြင့် ချမ်းသာရာရစေသည်။

ခဝဲသီးကို အခွံမန္ဒာဘဲ ခပ်ပါးပါးလှီး၍ နေပူပူတွင် အခြောက်ခံကာ ရရှိလာသော အမှုန့်ကို အုန်းဆီပုလင်းထဲစိမ်၍ လိမ်းပေးခြင်းဖြင့် အရွယ်မတိုင်မီ ဆံပင်ဖြူခြင်းကို ကာကွယ်ပေးသည်။

ဘီတာကယ်ရိုတင်းဓာတ် မြင့်မားစွာပါရှိခြင်းကြောင့် အမြင်အာရုံကို တိုးတက်ကောင်းမွန်စေသည်။ မျက်လုံးအမြေးပါးရောင်ရမ်းခြင်းနှင့် မျက်စိစွန်ခြင်းတို့အတွက် ခဝဲသီးသတ္တုရည်ကို မျက်စဉ်းအဖြစ် ဘေးဥပဒ်ကင်းဝေးစွာ ခတ်ပေးနိုင်ပါသည်။ အန်ဆေး၊ သလိပ်ပုပ်ထုတ်ဆေးအဖြစ် အသုံးဝင်သည်။

ထိခိုက်ပြတ်ရှဒဏ်ရာများအပေါ် ခဝဲသီးအနှစ်သားကို လိမ်းအုံပေးခြင်းဖြင့် သွေးတိတ်စေကာ အနာမြန်မြန်ကျက်စေသည်။ ခဝဲသီးကို မဆွတ်ခူးသေးဘဲ အပင်ပေါ်တွင် ရင့်မှည့်ခြောက်သွေ့သွားသည်အထိ ပစ်ထားလိုက်ပါ။ ထို့နောက် အပင်ပေါ်မှဆွတ်ခူးကာ အသီး၏အပေါ်ယံအခွံကိုခွာ၍ အစေ့များကိုဖယ်ထုတ်ကာ အသီးထဲရှိ အမျှင်များကို ရေမြှုပ်ရော်ဘာအဖြစ် မိမိနှစ်သက်ရာ ဆပ်ပြာဖြင့် ရေချိုးသန့်စင်နိုင်ပါသည်။ ခဝဲသီးသည် သွေးကို သန့်စင်ပေးနိုင်သော အစွမ်းသတ္တိရှိခြင်းကြောင့် ဝက်ခြံအဖုအပိန့်များကို ပျောက်ကင်းစေကာ ခန္ဓာကိုယ်ပေါ်ရှိ ဆဲလ်အသေများကို ဖယ်ရှားပေးပြီး အရေပြားပြန်လည်စိုပြည်ချောမွေ့လာစေပါမည်။ ဈေးနှုန်းသက်သာပြီး ချက်ပြုတ်ရာတွင် မြန်ဆန်လွယ်ကူသော မိမိလက်တစ်ကမ်းရှိ အစိမ်းရောင် ခဝဲသီးလေးများကို မိသားစုကျန်းမာရေးအတွက် လက်လွတ်မခံသင့်ပါကြောင်း။ ။

OD TOUR Since 1997
သင်္ကြန်တွင်း ပြည်ပခရီးစဉ်များ

ဖနံကောက်၊အယုဒ္ဓယ၊ ဖူးခက် Apr 13	ကိုရီးယား Apr 11	အိန္ဒိယ၊နီပေါ Mar18	စင်ကာပူ၊မလေးရှား Apr 12,13

ဗီယက်နမ် Apr 12,13	ဟောင်ကောင်၊ကွမ်ကျိုး၊ မကာအို Apr 11,12,13	ဖနံကောက်၊အယုဒ္ဓယ၊ ပတ္တရား Apr 12	စင်ကာပူ၊ဘာလီ Apr 12,13	ကမ္ဘောဒီးယား Apr 12,13

ဗီယက်နမ်၊ကမ္ဘောဒီးယား Apr 12,13
"(ဗီဇာ)လျှောက်ထားရန် နှင့် နိုင်ငံကူးလက်မှတ် အဆင်ပြေစေရန် အတွက် ခရီးစဉ်များအား ကြိုတင်စာရင်းပေးသွင်းစေလိုပါသည်။"
အမှတ်(၅၃)၊ကျွန်းတောလမ်း၊စမ်းချောင်း၊ရန်ကုန် ဖုန်း 01-536855, 526349, 504808, 523187 09-5108087, 09-5187045, 09-73022688

ရွှေဘုန်းပြည့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း PTSCL Group
* အိန္ဒိယဘုရားဖူး(Hotel)1300USD
* အိန္ဒိယဘုရားဖူး ၈. ၅သိန်း * ကိုရီးယား ၁၇သိန်း
* သီရိလင်္ကာ (ခွယ်တော်) 1250USD * ဂျပန် ၂၅သိန်း
* ဖနံကောက် ၅. ၈သိန်း * ဘာလီကျွန်း ၁၂သိန်း
* ဖနံကောက်+ဖူးခက် ၈. ၈သိန်း * စင်ကာပူ+မလေးရှား ၁၀သိန်း
* ဖနံကောက်+စင်ကာပူ+မလေးရှား ၁၃သိန်း

တိုးတိုးရတနာ Toe Toe Yadanar TRAVELS & TOURS CO.,LTD Your Destinations ...., Our Creations
ကိုရီးယား(ဆိုးလ်ဂျေဂျူးနမိ) ၈ ရက် Apr:12 | ကမ္ဘောဒီးယား ၅ ရက် Apr:13
ဟောင်ကောင်မကာအို ၈ ရက် Apr:13 | ဖနံကောက်-ပတ္တရား ၆ ရက် Apr:12
ဗီတင်း ၊ ရှန်ဟိုင်း ၈ ရက် Apr: 9/13 | ဖနံကောက်-ဖူးခက် ၆ ရက် Apr:12
ဗီယက်နမ် ၅ ရက် Apr:12 | စင်ကာပူ ၊ ဘာလီကျွန်း ၇ ရက် Apr:14
စင်ကာပူ၊မလေး၊ ဖနံကောက် ၉ ရက် Apr:12 | စင်ကာပူ၊မလေးရှား ၇ ရက် Apr:12
Visa / လေယာဉ်လက်မှတ် အတွက်ဖြောင့်ကြိုတင်စာရင်းပေးပါရန်
အမှတ်-၁၅/၁၇၊ (6 / B) အင်းစိန်လမ်းမကြီး၊ လှည်းတန်း၊ မြို့ကွက် ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
toetoetadanar.travels@gmail.com 01-503925 , 01-527539 , 09421027657

STT SPECIAL TRIP TRAVEL & TOUR CO.,LTD
အာရှဒေသ၏ နာမည်ကျော်အပျော်စင်ကမ်းခြေ ငပလီ မဟာသင်္ကြန်ပွဲတော်
CAR RENTAL SERVICES
တောင်ကြီး Mar-23/Apr-13 | ပုဂံ - ရွှေစက်တော် Apr- 13
ပုဂံ - တောင်ကြီး Mar-22/Apr-12 | ထားဝယ် (ရှင်ကိုးရှင်) Apr- 12
မန္တလေး-ကသာပ Mra-22/Apr-12 | သံတွဲ - ငပလီ Apr- 13
ရွှေလီ - မံစီ April - 12 | ပုဂံ - မန္တလေး Apr- 12
ကျိုင်းတုံ - တာချီလိတ် - မယ်ဆိုင် - ချွေကြိုင် - ချင်းရိုင်း (Chang Rai) FLIGHT TRIP April - 13
March 10 to 20 (5% to 10%) Discount
No. 482,1F, LMD/ 01-210656, 0973255094, 095197380, 095081091

ဇော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီး ဘလိတ်ဓားသွားရှေးကြီးများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်း၍ တပ်ဆင်ပေးနေပါသည်။
ရန်ကုန်အရောင်းခန်းမ -အမှတ်(၃၄/A)၊ ကျွန်းတောလမ်း (နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph:01-545531,01-8603141, 09-5008161
နေပြည်တော်အရောင်းခန်းမ -အမှတ်(၅၀၁)၊ ရာဇဌာနီလမ်းမကြီး၊ ပေါင်းလောင်း ၂ ဖျော်ဖြေရေးမြို့၊ နေပြည်တော်။
Ph : 067-25422, 09-49-210 551, 09-5104455
မန္တလေးအရောင်းခန်းမ -အမှတ်(၁၅၄/B)၊ ၈၃လမ်းမကြီး၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်။
Ph:02-73191, 09-5140655, 09-402571300

NATURAL BREEZE Travels & Tours
" Breeze Brings the Remembrance of Your Life......."
ကိုရီးယား April 12 ၈ည ၉ရက်
စင်ကာပူ – မလေးရှား April 12-13 | ဖနံကောက်–ပတ္တရား April 13-14
ချင်းမိုင်–ချင်းရိုင်–ချွေကြိုင် April 21 | မလေးရှား–စင်ကာပူ–ဖနံကောက် April 10
ဟောင်ကောင်–တရုတ်ပြည် April 15
01 500734,09 73 211441 , 09 73 211442
Email - naturalbreeze.travel@gmail.com

Virgin Land Travels & Tours
ချောင်းသာ (3D/2N) April (12, 14) ၁၇၅၀၀၀/-
ငွေဆောင် (4D/3N) April (11, 13, 14) ၁၇၅၀၀၀/-
ငပလီ (3D/2N) April (13, 15) ၃၅၀၀၀၀/-
Booking
စလွန်-ဟသ်ာတ-နေပြည် နေ့ချင်းပြန် (Mar 31, April 7) ၃၃၀၀၀/-
တောင်ငူ-ဗိုလ်ကျားဆင်စခန်း နေ့ချင်းပြန် (Mar 31, April 7) ၄၀၀၀၀/-
ပုဂံ-ပုပ္ပါး-ပုဂံ (5D/4N) (Mar 23) ၁၇၅၀၀၀/-
တောင်ကြီး-အင်းလေး-ပင်းတယ (5D/4N) (Mar 23) ၁၇၅၀၀၀/-
01-8610252, 09-5202643, 09-5123793

ကိုရီးယား April 10	စင်ကာပူ သီးသန့် Mar 24, Apr 13	ကမ္ဘောဒီးယား သီးသန့် Mar 23, Apr 13	ဗီယက်နမ် သီးသန့် Mar 27, Apr 13
ဖနံကောက် ပတ္တရား၊ အယုဒ္ဓယ Mar 24, Apr 12,13	စင်ကာပူ မလေးရှား Mar 24, Apr 12,13	ကမ္ဘောဒီးယား ဗီယက်နမ် Mar 23, Apr 10,13	ဟောင်ကောင် မကာအို၊ကွမ်ကျိုး Mar 24, Apr 11,12

First Choice Travel & Tour
09-4210 69966
09-517 1301
09-730 59081

အများသိစေရန် သတိပေးကြေညာချက်
(TME-036196)
ဦးလှမြင့်(LL.B, D.B.L) | ဒေါ်မာမာသိန်း(LL.B)
တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ

ထုံကျဉ်ကိုက်ခဲလျှင်လိမ်း မူးမောရင်တုန်လျှင်ရှူ
သုံး မှူး ရှူ တိုင်း တောင်းသတင်းမွှေးကျော် ဆင်ဖြူတော်
ဘူးသေး ၁၀၀ိ/-
ဘူးကြီး ၄၀ိ/-
အကျော မြေ အင်္ဂကျေ လိမ်းဆေး
အမြဲမြဲဆိုင်တိုင်းမှာမေး

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။
မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

ကျွန်မက မူလတန်းပြကျောင်းဆရာမတစ်ဦးပါ။ ကျွန်မရဲ့အိမ်နဲ့ကျောင်းက (၆)မိုင်လောက်ကွာဝေးပါတယ်။ နေ့စဉ်အသွားအပြန် (၁၂)မိုင်လောက်ကွာဝေးတဲ့ခရီးကို ဆိုင်ကယ်နဲ့အမြဲသွားရပါတယ်။ နေ့စဉ်ကျောင်းတက်နေရတော့ ကျွန်မရဲ့ပင်ကိုယ်အသားအရေတွေပျောက်ပြီး အသားများနေလောင်ကာ မျက်နှာမှာတင်းတိပ်၊ ဝက်ခြံနှင့် အမည်းစက်များက တစ်နေ့တခြားပေါ်ထွက်လာခဲ့ပြီး လျှော့ပါးမသွားခဲ့ပါဘူး။ ကျွန်မလေကျောင်းတောင်မသွားချင်လောက်အောင် စိတ်ညစ်ရပါတယ်။ သူငယ်ချင်း ဆရာမနဲ့လမ်းမှာတွေ့ပြီး ကျွန်မကို**ရွှေပြည်နန်းရှင်မတောင်အမွှေးသနပ်ခါး**ကို စမ်းသုံးကြည့်ပါလားပြော၍ ကျွန်မလည်းသုံးကြည့်ရာ ရှင်မတောင်နံ့လေးမွှေးပြီး စိတ်ကိုကြည်လင်လန်းဆန်းစေတဲ့အတွက် ကျွန်မအရမ်းကြိုက်မိလို့ စွဲစွဲမြဲမြဲသုံးခဲ့ရာ (၁)လခွဲလောက်အကြာတွင် ကျွန်မရဲ့မျက်နှာပေါ်မှာရှိတဲ့ ဝက်ခြံနှင့်အမည်းစက်များ လျှော့ပါးသွားခဲ့ပါတယ်။ ကျွန်မအရမ်းပျော်သွားတာပဲ။ **အခုတော့ကျွန်မဘယ်သွားသွား၊ ဘယ်လာလာစိတ်မညစ်ရတော့ပါဘူး။** ရွှေပြည်နန်းသနပ်ခါးကိုလည်း အရမ်းပဲ ကျေးဇူးတင်မိပါတယ်။ အစဉ်အမြဲသုံးစွဲတော့မည်ဟုလည်း ဆုံးဖြတ်ထားပါတယ်။ ရွှေပြည်နန်းထုတ်လုပ်သူ ရွှေပြည်နန်းကုမ္ပဏီမိသားစုအား အထူးပင်ကျေးဇူးတင်ရှိကြောင်း ရေးသားတင်ပြရခြင်းဖြစ်ပါသည်။ ရွှေပြည်နန်းကုမ္ပဏီလည်း အောင်မြင်မှုသရဖူကို အမြဲတမ်းဆောင်းနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်ရှင်။

ဆရာမဒေါ်စိုးမြနန္ဒာ (မူလတန်းပြ)၊ စပေါင်းကျောင်းရှစ်ဆယ်၊ ဇုတ်တွင်းမြို့နယ်၊ တောင်ငူမြို့။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။

ဆရာမဒေါ်စိုးမြနန္ဒာ၏ပေးစာတွင်ဖော်ပြထားသော အကြောင်းအရာအချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များဖြစ်ပါကြောင်းနှင့် ကျွန်မကိုယ်တိုင်သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့ အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

ဆရာမကြီးဒေါ်စင်ဇုန်းမြင့် (မူလတန်းကျောင်းအုပ်)၊ စပေါင်းကျောင်းရှစ်ဆယ်၊ ဇုတ်တွင်းမြို့နယ်၊ တောင်ငူမြို့။

ဖိတ်ခေါ်အပ်ပါသည်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်ချက်မရှိ) နေရပ်လိပ်စာ အပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

COLUMBUS HOLIDAYS

ပျော်ပျော်ပါးပါးသကြန်အထူးခရီးစဉ်များ

ဂမ်နမ်တို့ရဲ့ခရီးစဉ်
ကိုရီးယား(ဆိုးလ်-ဂျေဂျူး) US$ 2000
ည၃/၉ရက် (ဧပြီ ၁၄)

တောင်ကောင်-မကာအို ည၃/၄ရက် (ဧပြီ ၁၃) US$ 1580	စင်္ကာပူ-မလေးရှား ည၃/၄ရက် (ဧပြီ ၁၄) US$ 1380	စင်္ကာပူသီးသန့် ည၃/၄ရက် (ဧပြီ ၁၃) US$ 980

(၂) ဦးအထက်စာရင်းပေးသွင်းပါက Discount ပေးပါမည်။

Columbus TRAVELS & TOURS ☎ 229245, 378535, 0943052593
columbusholidays586@gmail.com

AMAZING DREAMS
TRAVELS & TOURS

ဘန်ကောက် ~ အယုဒ္ဓယ ~ ပတ္တရား (၅ည ၆ရက်)
မလေးရှား ~ မလက္ကာ ~ စင်္ကာပူ (၆ည ၇ရက်)
စင်္ကာပူ သီးသန့်ခရီးစဉ် (၂ည ၃ရက်)

ပျော်ရွှင်စရာနှစ်သစ်ကူးမင်္ဂလာရက် မြန်မာခရီးစဉ်များ
ဧပြီ (၁၂ / ၁၃)

အမှတ်(၂၄၀)၊ ဥဒါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၃၀၂၁၆၈၊ ၀၉-၅၀၇၇၇၅၆၈၊ ၀၉-၅၀၁၃၂၇၁ ။

ထွန်စက်ရောင်းမည် (ညှိနှိုင်းဈေး)
(USED)
စက်တာအမျိုးအစား(ချက်ကိုပတ်လည်)
50HP (၁စီး), 80HP (မိုက်နီပန်) (၁စီး)
ဆက်သွယ်ရန်ဖုန်း–၀၉–၄၂၀၀၇၂၀၆၂

တရားဝင်ဇနီးမယားဖြစ်ကြောင်းကြော်ငြာခြင်း

ကျွန်မ မနန်းနီနီဝင်း[၁၃/တကန(နိုင်)၀၄၉၃၉၃]၊ အမှတ်(၉၁)၊ ရတနာလမ်း၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့နေသူသည် မောင်ဖြိုး ဝေထွန်း[၁၄/ကလန(နိုင်)၁၂၉၀၇၁]၊ ကြို့တလွတ်ကျေးရွာ၊ ကျိုက်လတ်မြို့နေသူနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်ရုံးအရာရှိရှေ့တွင် ၆-၈-၂၀၁၂ရက်၌ စာအမှတ်-၅၄၀/၁၂ ဖြင့် နှစ်ဦးသဘောတူ လက်ထပ်ထားသော တရားဝင်ဇနီးမယားဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

မနန်းနီနီဝင်း(တောင်ကြီးမြို့)

ဒေါ်သန္တာအေး(ဘ)ဦးဘတင်[၁၃/ကမန(နိုင်)၀၀၀၅၂၆]နှင့် အများသိစေရန်ကြေညာခြင်း

မူဆယ်မြို့၊ တောင်ရပ်ကွက်၊ အမှတ်(တ/၁၈၆)နေ ဒေါ်ငွေကြည်(ဘ)ဦးမာဂမ်[၁၃/မဆတ (နိုင်)၀၃၁၉၉၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါ သည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငွေကြည်(ဘ)ဦးမာဂမ်[၁၃/မဆတ(နိုင်)၀၃၁၉၉၈]သည် (ထားဝယ် စီမံကိန်းလုပ်ငန်းများလုပ်ဆောင်ရာတွင် တင်ပြရန်)ဒေါ်သန္တာအေး(ဘ)ဦးဘတင်[၁၃/ကမန(နိုင်) ၀၀၀၅၂၆]သို့ မန္တလေးမြို့ နိုထရီပဗ္ဗလစ် ဦးပေါ်စံ၏ရှေ့၌ လွှဲအပ်ခဲ့သော ၁၉-၁၂-၂၀၁၂ရက်စွဲပါ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၂၉/၂၀၁၂ ကိုပြန်လည်ရုပ်သိမ်းပြီးကြောင်း ရန်ကုန်မြို့မှ ထုတ်ဝေသော ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ မန္တလေးမြို့မှ ထုတ်ဝေသော မန္တလေးနေ့စဉ် သတင်းစာ၊ ရတနာပုံနေ့စဉ်သတင်းစာများတွင် ကြေညာပြီးဖြစ်ပါသည်။

ဒေါ်ငွေကြည်က ဒေါ်သန္တာအေးသို့ ထားဝယ်စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရာတွင် တင်ပြရန် ပေးအပ်ထားသော ဒေါ်ငွေကြည်ပိုင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် အပိုင်း(၁)၊ ဒ-၁၀၊ ဦးပိုင်(၆၄)၊ (၅၂)၊ (၅၇)မြေနှင့်သက်ဆိုင်သော စာရွက်စာတမ်းများ၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၇×၇၈လမ်းကြား၊ ဇောတိကလမ်း၊ ရွှေဖြူပလာဇာ၊ တိုက်ခန်းအမှတ် (ဒီ-၂၀)နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ဒေါ်သန္တာအေးကိုယ်တိုင်ဖြစ်စေ၊ ဒေါ်သန္တာအေး ၏ကိုယ်စား လက်ဝယ်ရှိသူကဖြစ်စေ (၇)ရက်အတွင်း ကျွန်ုပ်၏ လက်ဝယ်သို့ပြန်လည်ပေးအပ်ပါရန် အကြောင်းကြားအပ်ပါသည်။ အကယ်၍ ပြန်လည်ပေးအပ်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရေးယူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်သန္တာအေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ငွေကြည်	လွှဲအပ်ညွှန်ကြားချက်အရ-ဦးလှကို
[၁၃/မဆတ(နိုင်)၀၃၁၉၉၈]	B.A,R.L,Dip-Business Law
လွှဲအပ်ညွှန်ကြားသူ	တရားလွှတ်တော်ရှေ့နေ(၂၁၁၃)
	အမှတ်(၂၈)၊ ၂၉ လမ်း၊ ၇၁×၇၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၆၅၁၉၄

အားကစားမြင့်တင်စိတ်လန်းရှင် ဆန့်ကျင်မှုးယစ်ဆေး

ကျေးဇူးဆပ်ပါမည်

၈-၃-၂၀၁၃ရက်(သောကြာနေ့)တွင် ဗန္ဓုလတံတားအဆင်းမှ ဗိုလ်အောင်ကျော် (ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးသို့ အသွား Taxi ကားပေါ်တွင် (BL No. SBYG-164, YYG-058, KWYG-248, KWYG-247 မူရင်း)နှင့် ဒေါ်စန်းယုလှိုင်၊ ဒေါ်အိအိအောင်တို့၏ မှတ်ပုံတင်မူရင်းပါရှိသော Clear Bag ဖိုင်တစ်ခု ကျန်ခဲ့ပါသဖြင့် အောက်ပါလိပ်စာအတိုင်း ကူညီအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ
တိုက်(၅၀၁)၊ အိုလံပစ်တာဝါ၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ရန်ကုန်။
HP: 09 73086833, 09 545 5599, 09 4500 41618, 09 4500 41619
Ph: 01 392877, 01 245892

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် မောင်မျိုးဇေယျာဟန် [၁၂/သဃက(နိုင်)၁၄၃၀၇၄]နှင့် ကျွန်မ မလဲ့လဲ့အောင်[၁၂/တမန(နိုင်)၀၇၅၄၁၂]တို့သည် စိတ်သဘောထားချင်း မတိုင်ဆိုင်ပါ၍ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မောင်မျိုးဇေယျာဟန်-မလဲ့လဲ့အောင်

အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်းမှန်စေတဲ့ 'မုံရွာဆရာမိုး' အမှတ်တံဆိပ်
ကျောက်တစ်လုံးဝမ်းမှန်ဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
0412YR004687

ပင်ရင်း-ဈ-၃၅၆၊ မေခါဗီလမ်းမကြီး၊ ချ/ရပ်ကွက်၊ ရတနာသိင်္ဂီဈေးအနီး၊ မ/ဥက္ကလာပ၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၉၆၉၀၅၈၇၊ ၀၁-၆၉၁၀၇၉၊ ၀၉-၅၁၈၈၆၃၂

မူးလျှင်ရှူ မောလျှင်သောက်

ရွှေမှုန်းတောင် အမှတ်တံဆိပ်
ပန်းပေါင်းစုံ သွေးဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-
TMR ၀၀၀၈၄၉ (၀၅၁၃)
ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝတ(စာနယ်ဇင်း)၀၀၇/၀၁၁၃

ဖြန့်ချီရေး- အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄စီ၊ မြေကွက်အမှတ်-၈ဂျီ၊ ၈ဘီ/စီ၊ မြေကွက်တည်နေရာအမှတ်(၂၅၀)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ (ဒေါ်သန်းအေး)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်သန်းအေး(မိခင်)နှင့် ဦးထင်ကျော်(ဖခင်)တို့အသီးသီး ကွယ်လွန်သဖြင့် ၁။ ဒေါ်ကြည်စမ်းနွယ်[၁၂/ဥကတ (နိုင်) ၀၁၃၄၉၇]၊ ၂။ဦးတင်အောင်ကြီး[၁၂/တမန(နိုင်)၀၉၁၉၇၀]၊ ၃။ဒေါ်မြတ်မြတ်ဦး[၁၂/တမန(နိုင်)၀၈၄၁၃၅]၊ ၄။ ဦးထင်အောင်ကျော်[၁၂/တမန(နိုင်)၀၈၈၂၄၃]၊ ၅။ ဒေါ်ဇင်နီ[၁၂/တမန(နိုင်)၀၈၄၁၃၆]၊၆။ဦးတင်ဝင်းနိုင်[၁၂/ဥကတ(နိုင်)၀၂၇၆၂၅]၊ ၇။ဦးထင်ကျော်ဖြိုး[၁၂/တမန(နိုင်)၀၇၁၆၃၂]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပရဟိတကလေးများဘဝ ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့



မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦး ပရဟိတ (ဘ/က)၊ (လူငယ်စောင့်ရှောက်ရေးဌာန)ကို ၂၀၀၁ခုနှစ်တွင် မိဝေးဖဝေး၊ မိမဲ့ဖမဲ့၊ မိဘမဲ့၊ဆင်းရဲနွမ်းပါး၊ကလေး(၃၅)ဦးဖြင့် နိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနတို့၏ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ သူငယ်တန်းမှတက္ကသိုလ်ဝင်တန်း အထိကျောင်းသား/ကျောင်းသူကလေးပေါင်း(၂၅၄)ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိပါသည်။ (၁၂)နှစ်တာခရီးတိုင်အောင် ဖြတ်သန်းလာရသော်လည်း အမာခံငွေပင်ငွေရင်း ကျောထောက်နောက်ခံ မရှိခြင်း၊ ရပ်ဝေးအလှူ ရှင်အားနည်းခြင်းစသောအကြောင်းများကြောင့် လိုအပ်ချက်များစွာရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး ဆန်၊ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန်များလိုအပ်ခြင်း၊ အဝတ်အစားနှင့် စာအုပ်၊ စာရေးကိရိယာများ လိုအပ်ခြင်းတို့သည် အရေးအကြီးဆုံးများဖြစ်သည်။ သို့ဖြစ်၍ စေတနာရှင်ပြည်သူများသည် ဤကျောင်းရှိ ကလေးများအား မိမိတို့၏သားသမီးပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင်မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံနှိုးဆော်အသိပေးအပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။

၁။ ကျောင်းအုပ်ဆရာတော် ဖုန်း-၀၉ ၄၉၃၁၅၃၇၀၊ ၀၉၄၅၀၀၂၉၆၄၈၊ ၀၅၇-၆၆၃၀၂

၂။ ဦးအောင်လွင်-ဒေါ်ချိုချိုထွေး(ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော် ပင်ရင်းထီဆိုင်ကြီး)
အမှတ်(၁၆၈/၁၈၈)၊ အခန်း(၄)၊ ၂၇လမ်း(အထက်)၊ ရန်ကုန်မြို့
ဖုန်း-၀၁ ၂၄၈၀၈၈၊ ၀၁ ၂၄၉၀၁၃၊ ၀၁ ၂၄၉၀၁၅၊ ၀၉ ၅၁၄၉၂၀၈

၃။ ဦးဟန်ကြည်-ဒေါ်ဝါဝါကျော်၊ Alpine သောက်ရေသန့် ကိုယ်စားလှယ်မိသားစု
ပုဇွန်တောင်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၀၁၄၁၉၀၊ ၀၉ ၅၁၃၀၁၉၀

၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့
ဖုန်း-၀၁ ၅၅၃၃၅၁၊ ၀၉ ၅၄၁၄၂၉၅၊ ၀၉ ၅၁၁၂၄၁၆

သုခချမ်းသာမင်္ဂလာသာသနာ့ဗိမာန်တော် တည်ဆောက်ရန်အတွက် ပါဝင်လှူဒါန်းနိုင်ပါပြီ။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ မြန်မာနိုင်ငံဗုဒ္ဓဃသာကျောင်းအတွင်း၌ ဗုဒ္ဓမွေစာကြည့်တိုက်၊ ဆေးခန်းနှင့်သာသနာ့ရေးကိစ္စ၊ ပရဟိတကိစ္စများဆောင်ရွက်နိုင်ရန်အတွက် ပေ(၈၀×၆၀)ရှိ (၁၀)ထပ် အဆောက်အအုံ ဆောက်လုပ်ရာတွင် ၁-စတုရန်းပေလျှင် (၃)သောင်းကျပ်နှုန်း ဖြင့် စေတနာရှင် မွေမိတ်ဆွေများ ဆက်သွယ်လှူဒါန်းနိုင်ရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန် -

ဒေါက်တာမျိုးမြင့်	ဖုန်း-၀၁-၅၂၅၅၃၃၊ ၀၉ ၈၆ ၁၇၁၂၈
ဒေါက်တာခင်ဇော်လွင်	ဖုန်း-၀၁-၇၀၉၀၆၈၊ ၀၉ ၅၁ ၄၉၅၁၈
ဦးရွှေအောင်	ဖုန်း-၀၁-၅၃၇၅၉၇၊ ၀၉ ၅၁ ၀၁၅၈၄

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ (၆၅)နှစ်မြောက် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို (၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်)၊ ၃၁-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ(၁)နာရီတွင်ကျင်းပမည်ဖြစ်ပါ၍အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အကြံပြု လိုသောအချက်များရှိပါက ၂၅-၃-၂၀၁၃ရက်၊ ညနေ(၃)နာရီနောက်ဆုံးထား၍ စာဖြင့်ရေးသားပေးပို့နိုင်ပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ

ဝက်ယူဝမ်းမြောက်ခြင်း

Wisdom House စာအုပ်တိုက်မှ ထုတ်ဝေသော အောက်ဖော်ပြပါ စာအုပ်များအား ထွန်းဖောင်ဒေးရှင်းစာပေဆု (၂၀၁၂) ချီးမြှင့်ခံရခြင်းအတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဝက်ယူမိပါသည်။

- လူငယ်နှင့် အတွေးအမြင် — တင်ညွန့် (လူငယ်ဘာသာရပ်)
- စတော့ရှယ်ယာဈေးကွက် အခင်းအကျင်း — သက်ထွန်းဦး (စီးပွားရေးဘာသာရပ်)

Wisdom House စာအုပ်တိုက်

FULLY LIGHT Travels & Tours Co., Ltd
သင်္ကြန် အထူးခရီးစဉ်များ

ကိုရီးယားခရီးစဉ်	12-19.April.2013
ရုရှားခရီးစဉ်	13-21.April.2013
ဟောင်ကောင်ခရီးစဉ်	12-19.April.2013
တရုတ်ပြည်ခရီးစဉ် (၁)	11-18.April.2013
တရုတ်ပြည်ခရီးစဉ် (၂)	13-23.April.2013
ဂျပန်ခရီးစဉ် အကျက်	14-21.April.2013

01-503815 01-516932 01-516964 01-516985

PANDA (အင်ဂျင်နီယာအဖွဲ့)

★ON SALE★
- Branded-New Air-Cons
- Good Second Hand Air-Cons (တစ်နှစ်အာမခံ)
- Refrigerators

110V Vertical		75,000 to 100,000 Ks
SplitType	1 & 1.5 H.P	100,000 Ks
Window Type	1 & 1.5 H.P	90,000 Ks

အမှတ် (၃၀)၊ ဒေါ်သိန်းတင်လမ်း၊ (၉၂)လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်၊
09 515 8803,09 732 29024, 09 519 8402

NEW MOTION Travels & Tours

ရွှေလှေသားသစ်လွှင့် ခရီးစဉ်

" အနားယူအပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည် "

- ရွှေကျော်တော် - Mar; 23
- မန္တလေး - Apr; 13
- ပုဂံ - Mar; 23 Apr; 13
- ပုဂံ–ရွှေကျော်တော် - Apr; 11,12,13
- ပုဂံ–မန္တလေး - Apr; 13
- မိုးကုတ်ခရီးစဉ် - Apr; 13
- တောင်ကြီး - Mar; 23 Apr; 11,12,13,17
- ငွေဆောင် - Mar; 22 Apr; 10,11,12,13
- အင်းလေးကော်ကသယ - Mar; 23 Apr; 12,13
- တောင်ကြီး–ပုဂံ - Apr; 11,12
- မန္တလေး–တောင်ကြီး - Apr; 12
- ငွေဆောင် - Apr; 13,15
- ငပလီ - Apr; 13,15

ခရီးသွားစုံစမ်းရန် 527 922, 538 811, 09-731 48922, 09-731 48848

NEW MOTION Travels & Tours

America Apr 08
Los Angeles, Las Vegas, San Francisco, New York, Washington D.C, Niagara Falls, Hawaii

Europe Apr 08
France, Belgium, Netherlands, Germany, Switzerland, Italy

Korea Apr 12
Japan Apr 13
India Apr 10
Bali Apr 13
China Apr 13
Hong Kong Apr 11, 12, 14
Bangkok Mar 24, Apr 12, 13
S'pore-Malay Apr 12,13
Dubai Apr 13

Escape From Everyday Life

ရန်ကုန် – ဖုန်း– 508124, 527254, 523253, 09 73148933~66
မန္တလေး– Hotel Mandalay၊ ဖုန်း– 09 5034185, 09 91021122, 09 43147879

သင်္ကြန်မှာ ပျော်ပျော် ပါးပါး "တိုးဒီ" နဲ့ အတူတူ ခရီးသွားကြစို့... တိုး ဒီ နဲ့ GO ပြီ!

- မန္တလေး~ဗုဒ္ဓဂယာ~မန္တလေး 4-April
- ရန်ကုန်~ဗုဒ္ဓဂယာ~ရန်ကုန် 4-April
- မန္တလေး~ဗန်ကောက်~မန္တလေး 12-April
- ဗန်ကောက်~အယုဒ္ဓယ~ပတ္တရား 12/13-April
- ဘာလီ(အင်ဒိုနီးရှား) 11-April
- ဗန်ကောက်~စင်ကာပူ~မလေးရှား 11/13-April
- ကိုရီးယား 13-April
- ဖူးခက်~ဖီဖီကျွန်း~ဂျိမ်း(စ်)ဘွန်းကျွန်း 12-April
- ဟောင်ကောင်~မကာအို~စန်းကျွန်း 13April
- ပေကျင်း~ရှန်ဟိုင်း~ကူမင်း 12-April

အမှတ်(၁၀၉)၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၇၃၀ ...၊ မန္တလေးမြို့- ၀၂-...

ဂန္ဓဝင်ရွှေပုဂံ Travels & Tours
Exploring to the edge of the globe.

ပုဂံ–ပုပ္ပါး–မန္တလေး–ပြင်ဦးလွင်	(၅ ညအိပ်–၆ရက်)	၂.၂ သိန်း
တောင်ကြီး–အင်းလေး–ပင်းတယ–ကလော	(၄ ညအိပ်–၅ရက်)	၁.၈ သိန်း
မန္တလေး–လားရှိုး–မူဆယ်–ရွှေလီ	(၇ ညအိပ်–၈ရက်)	၃.၁ သိန်း
မုံရွာ–အလောင်းတော်ကဿပ–ပြင်ဦးလွင်	(၅ ညအိပ်–၆ရက်)	၂.၅ သိန်း
မန္တလေး–မိုးကုတ်	(၅ ညအိပ်–၆ရက်)	၂.၅ သိန်း
မော်လမြိုင်–ကျိုက္ကမီ–စက်စဲ–ထားဝယ်	(၅ ညအိပ်–၆ရက်)	၂.၈ သိန်း
ကျိုင်းတုံ–မိုင်းလား–တာချီလိတ်–မယ်ဆိုင်	(၄ ညအိပ်–၅ရက်)	၅.၅ သိန်း

No.67, Baho Rd, Sanchaung. Ph: 01-519292, 519293, 519360, 500191, 510281
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
outboundgandawun@gmail.com, www.myanmartravel.org Call Center : 1875

မလေးရှား၊ စင်ကာပူ (၆)ညအိပ် (၇) ရက်ခရီးစဉ် Apr 12 to Apr 18-2013

မြန်မာနှစ်သစ်ကူး သင်္ကြန်အထူးခရီးစဉ်

AYARWADDY LEGEND TRAVELS & TOURS

Apr 12 to Apr 16-2013
Apr 12 to Apr 17-2013
Apr 11 to Apr 18-2013

ရန်ကုန်ဖုန်း - ၀၁-၂၄၂၀၀၇/၈၊ ၃၉၈၃၀၃၊ ၃၇၇၆၉၇၊ ၂၃၀၉၀၉
မန္တလေးရုံးခွဲဖုန်း - ၀၉ ၄၀၂၆၄၈၄၊ ၀၉ ၈၆၀၀၂၈၊ ၁၁၁ ၂၀၁၄၄

The audio People

See more Hear more



Business Hours : 9:30Am - 8:00Pm
Closed On : Sundays

The Audio People,#337, Pyi Road, San Chaung Townsip, Mont Taung Quarter, Yangon. Myanmar.
Phone : 01-536309 Fax : 01-536309 Email : theaudiopeople.ygn@gmail.com,www.theaudiopeople.net

နေပြည်တော်စည်ပင်သာယာရေး ဥပဒေကြမ်း

နေပြည်တော်စည်ပင်သာယာရေး ဥပဒေကြမ်း

(၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၄ ခုနှစ် လ ရက်

(၂၀၁၃ ခုနှစ် လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို နေပြည်တော်စည်ပင်သာယာရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ကြေညာသည့် နယ်နိမိတ်ကို ဆိုသည်။

(ခ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၃ အရဖွဲ့စည်းသော နေပြည်တော်စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ဂ) **ကော်မတီဝင်** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၏ အဖွဲ့ဝင်ကို ဆိုသည်။

(ဃ) **ရုံးအကြီးအမှူး** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကို ဆိုသည်။

(င) **ဌာနမှူး** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနတစ်ခုခုအား ကြီးကြပ်ကွပ်ကဲရသော အရာရှိကို ဆိုသည်။

(စ) **မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးကို ဆိုသည်။

(ဆ) **မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးကို ကြီးကြပ်ကွပ်ကဲရသော ဝန်ထမ်းကို ဆိုသည်။

(ဇ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း** ဆိုသည်မှာ လုပ်ငန်းသဘာဝအရသော်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရသော်လည်းကောင်း၊ လူ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သောလုပ်ငန်း၊ ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သော လုပ်ငန်းနှင့် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သော လုပ်ငန်းတို့ကို ဆိုသည်။

(ဈ) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့်အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အခနှင့် အကောက်တို့ပါဝင်သည်။

(ည) **ဝန်ဆောင်ခွန်** ဆိုသည်မှာ လျှပ်စစ်မီးပေးဝေခြင်း၊ ရေပေးဝေခြင်းနှင့် ရေလိုင်းဆက်သွယ်ပေးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် စည်းကြပ်ကောက်ခံသော အခွန်များပါဝင်သည်။ ယင်းစကားရပ်တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဝန်ဆောင်ခွန်အဖြစ် ဖြည့်စွက်သတ်မှတ်သော အခွန်များလည်းပါဝင်သည်။

(ဋ) **ရေခွန်** ဆိုသည်မှာ ကော်မတီက ရေဖြန့်ဝေပေးခြင်းအတွက် ကောက်ခံသည့် အခွန်ကို ဆိုသည်။

(ဌ) **မီးခွန်** ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းများ၊တံတားများတွင် မီးထွန်းစရိတ် ကျခံနိုင်စေရန် စည်းကြပ်ကောက်ခံသောအခွန်ကိုဆိုသည်။

(ဍ) **အမှိုက်နှင့်အညစ်အကြေးခွန်** ဆိုသည်မှာ အမှိုက်နှင့်အညစ်အကြေးများ စုစည်းသိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းနှင့်ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများရှင်းလင်းခြင်းတို့အတွက် ဆောင်ရွက်ရသည့် စရိတ်များအားကျခံနိုင်စေရန် စည်းကြပ်သည့်အခွန်ကိုဆိုသည်။

(ဎ) **နှစ်စဉ်စံငှားရမ်းခတန်ဖိုး** ဆိုသည်မှာ ပစ္စည်းခွန်စည်းကြပ်မည့် မြေနှင့် အဆောက်အအုံကို မည်သည့်အသုံးအဆောင်ပရိဘောဂမျှ မပါဝင်ဘဲ ငှားရမ်းပါက တစ်နှစ်အတွက် ရရှိနိုင်မည်ဟု မျှော်မှန်းထားသော တန်ဖိုးငွေကိုဆိုသည်။ယင်းစကားရပ်တွင် ပစ္စည်းခွန် စည်းကြပ်မည့် မြေနှင့် အဆောက်အအုံ၏ တန်ဖိုးအပေါ် ကော်မတီက အခါအားလျော်စွာ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအရ ရရှိလာမည့် တန်ဖိုးငွေလည်း ပါဝင်သည်။

(ဏ) **အငှားယာဉ်** ဆိုသည်မှာ ခရီးသည်နှင့် ကုန်ပစ္စည်းများ သယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူပို့ဆောင်ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုသည်။

(တ) **အငှားယာဉ်မောင်းသူ** ဆိုသည်မှာ အငှားယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ သို့မဟုတ် မောင်းသူကို ဆိုသည်။

(ထ) **ကူးတို့လုပ်ငန်း** ဆိုသည်မှာ မြစ်၊ ချောင်း သို့မဟုတ် အင်းတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်နှင့်ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗန်၊ စက်တပ်ရေယာဉ်၊ သင်္ဘောစသည်တို့ဖြင့် သယ်ယူပို့ဆောင်သည့် အများပြည်သူဆိုင်ရာ ကူးတို့လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့၊ တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်း ပါဝင်သည်။

(ဒ) **အရန်မြေ** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပြည်ထောင်စုအစိုးရက အနာဂတ်စီမံကိန်းများ ဆောင်ရွက်ရန် သတ်မှတ်ထားသောမြေကို ဆိုသည်။

အခန်း (၂)

ဖွဲ့စည်းခြင်း

၃။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စည်ပင်သာယာရေးလုပ်ငန်းများကိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတသည်-

(က) ကော်မတီကို သင့်လျော်သော နိုင်ငံသားများဖြင့် အဖွဲ့ဝင် အနည်းဆုံး ငါးဦးမှ အများဆုံး ကိုးဦးအထိ ရွေးချယ်ခန့်ထားသော နည်းလမ်းဖြင့် ဖွဲ့စည်းနိုင်သည်။

(ခ) ကော်မတီကို ဖွဲ့စည်းရာတွင် ကော်မတီ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်းသတ်မှတ်ရမည်။

(ဂ) နိုင်ငံတော်သမ္မတသည် ကော်မတီ၏ အဖွဲ့ဝင်ဦးရေကို အခါအားလျော်စွာ သင့်လျော်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် နေပြည်တော်၏ မြို့တော်ဝန်က ဆောင်ရွက်ရမည်။

၅။ ကော်မတီ၏ ဒုတိယဥက္ကဋ္ဌသည် နေပြည်တော်၏ ဒုတိယမြို့တော်ဝန်ဖြစ်သည်။

၆။ ရုံးအကြီးအမှူးသည် ကော်မတီ၏ တွဲဖက်အတွင်းရေးမှူးဖြစ်သည်။

၇။ ကော်မတီသည် နိုင်ငံတော်သမ္မတအား တိုက်ရိုက်တာဝန်ခံရမည်။

၈။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

အခန်း (၃)

ကော်မတီ၏ လုပ်ငန်းတာဝန်များ

၉။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ မူချမှတ်ခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းပြုရမည်-

(က) မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် မြို့သစ်များ တည်ထောင်ခြင်း၊

(ခ) မြေများကို တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဂ) အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်းနှင့် စစ်ဆေးခြင်း၊

(ဃ) ကျူးကျော်အိမ်များ၊ ကျူးကျော်တဲများ၊ ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်းနှင့်လိုအပ်ပါက ပြောင်းရွှေ့နေရာချထားခြင်း၊

(င) လမ်းများဖောက်လုပ်ခြင်း၊ တံတားများ တည်ဆောက်ခြင်းနှင့် ယင်းတို့ကို ပြင်ဆင်ထိန်းသိမ်းခြင်း၊

(စ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတား၊ ရေမြောင်း၊ ရေပိုက်လိုင်း၊ မိလ္လာပိုက် စသည်တို့နှင့် မလွတ်ကင်းသော အဆောက်အအုံများကို ဖယ်ရှားခြင်းနှင့်ဖယ်ရှားစေခြင်း၊

(ဆ) လမ်းစည်းကမ်းနှင့် လမ်းအသုံးပြုမှုစည်းကမ်းများသတ်မှတ်ခြင်း၊ ရပ်ကွက်နှင့် လမ်းများ၏အမည်ကို သတ်မှတ်ခြင်းနှင့် အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊

(ဇ) ယာဉ်နှင့်အငှားယာဉ်များ သွားလာခြင်း၊ ရပ်နားခြင်း၊ မြို့တွင်းနှင့် အဝေးပြေး ယာဉ်ရပ်နားစခန်းများ တည်ဆောက်ခြင်း၊ ယင်းတို့နှင့်စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း၊

(ဈ) သန့်ရှင်းရေး၊ သပ်ရပ်ရေး၊ သာယာရေး၊ လှပရေး၊ စိမ်းလန်းရေးနှင့် စိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ည) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဋ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်နှင့် အပန်းဖြေနေရာများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဌ) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) လုံခြုံရေးမီးနှင့် မီးအလှထွန်းခြင်း၊ အချက်ပြမီးများတပ်ဆင်ခြင်းနှင့် လိုအပ်သည့်နေရာများတွင် လုံခြုံရေးကင်မရာများ တပ်ဆင်အသုံးပြုခြင်း သို့မဟုတ် အသုံးပြုစေခြင်း၊

(ဎ) ရေပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဏ) ရေကန်များ၊ ရေလှောင်ကန်များ၊ ရေပိုက်လိုင်းများတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊

(တ) စိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေး၊ သင့်တင့်မျှတသော ရာသီဥတု အခြေအနေ ထိန်းညှိစေနိုင်ရေးအတွက် မိုးရေကန်များ သို့မဟုတ် လျှိုပိတ်ဆည်များ တည်ဆောက်ထိန်းသိမ်းခြင်း သို့မဟုတ် တည်ဆောက်ထိန်းသိမ်းစေခြင်း၊

(ထ) မိလ္လာလုပ်ငန်းနှင့် ရေဆိုးသန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဒ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဓ) ကော်မတီပိုင်ဈေးများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(န) ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ပ) အမှိုက်စွန့်ပစ်ရန် နေရာသတ်မှတ်၊ ကြီးကြပ်၊ စီမံခန့်ခွဲခြင်း၊

(ဖ) အစားအသောက်ဆိုင်ရာလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ လမ်းဘေးဈေးဆိုင်များနှင့်စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်၊ ကြီးကြပ်၊ စီမံခန့်ခွဲခြင်း၊

(ဗ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများနှင့် စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်၊ ကြီးကြပ်၊ စီမံခန့်ခွဲခြင်း၊

(ဘ) မီးဘေး၊ ရေဘေး၊ လေဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(မ) ပြည်တွင်းခရီးသည်များသာ တည်းခိုမည့် တည်းခိုခန်းများ ဖွင့်လှစ်ခွင့်ပြုခြင်း၊

(ယ) စည်ပင်သာယာရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုခန်းများအား စစ်ဆေးခြင်း၊

(ရ) ကူးတို့လုပ်ငန်းများ၊ ပွဲရုံလုပ်ငန်းများနှင့် ပုဂ္ဂလိကအပေါင်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(လ) သားသတ်ရုံများတည်ထောင်ခြင်း၊ စားသုံးရန် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို သတ်ဖြတ်ခွင့်ပြုခြင်းနှင့်အသားရောင်းချခြင်းကို စည်းကမ်းများ သတ်မှတ်၊ ကြီးကြပ်၊ စီမံခန့်ခွဲခြင်း၊

(ဝ) ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(သ) သတ်မှတ်ထားသော တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းတို့နှင့် စပ်လျဉ်း၍ ခွင့်ပြုခြင်းနှင့် လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဟ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ အနာကြီးရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသောက်သူများကို ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း သို့မဟုတ် သက်ဆိုင်ရာသို့ လွှဲပြောင်းအပ်နှံခြင်း၊

(ဠ) သုသာန်များ သတ်မှတ်ခြင်း၊ ဖျက်သိမ်းခြင်း၊ သင်္ဂြိုဟ်ခွင့်ပြုခြင်း၊ သင်္ဂြိုဟ်စက်များ တည်ဆောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(အ) သတ်မှတ်ထားသော အစိုးရရုံးများ၊ နိုင်ငံတော်ပိုင် အိမ်ရာအဆောက်အအုံများကို ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းများအား ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်း၊

(ကက) နိုင်ငံတော်ပိုင် အိမ်ရာအဆောက်အအုံများတွင် နေထိုင်သူများ လိုက်နာရန်စည်းကမ်းချက်များ ထုတ်ပြန်ခြင်း၊ စိစစ်ကြပ်မတ်ခြင်းနှင့် စည်းကမ်းဖောက်ဖျက်သူများကို စစ်ဆေးအရေးယူခြင်း၊

(ခခ) နိုင်ငံတော်ပိုင် အိမ်ရာအဆောက်အအုံများနှင့် တိုက်ခန်းများအား ထိန်းသိမ်းခြင်း၊ နေရာချထားခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဂဂ) နိုင်ငံတော်ပိုင် အိမ်ရာအဆောက်အအုံများနှင့် တိုက်ခန်းများအတွက် ငှားရမ်းခသတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဃဃ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ငင) နိုင်ငံတော်သမ္မတက အခါအားလျော်စွာ သတ်မှတ်ပေးသည့် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ၊ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

အခန်း(၄)

ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၁၁။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်ကို သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊

(ခ) ကော်မတီပိုင်ရန်ပုံငွေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများနှင့်သက်ဆိုင်သော အခွန်အခနှင့် အခွန်အခနှုန်းထားများသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဃ) ကော်မတီပိုင်အဆောက်အအုံနှင့်မြေများကို ငှားရမ်းခြင်း၊ စည်းကမ်းချက်တစ်ရပ်ရပ်ဖောက်ဖျက်သော အငှားယူသူများကို ဖယ်ရှားနှင်ထုတ်ခြင်း၊

(င) အဆောက်အအုံနှင့် မြေများငှားရမ်းခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရရှိသည့်ငွေများကို တည်ဆဲစည်းမျဉ်း စည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲခြင်း၊

(စ) ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တို့နှင့်ဆက်သွယ်၍ စည်ပင်သာယာရေးကို အထောက်အကူပြုသော လုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ဖြစ်စေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများထံမှ ဖြစ်စေ၊ ချေးငွေရယူခြင်းနှင့် အထောက်အပံ့များရယူခြင်း၊

(ဇ) စည်ပင်သာယာရေးလုပ်ငန်းများအလိုက် လိုအပ်သော ဆပ်ကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဈ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ခေတ်မီတိုးတက်သည့် နည်းပညာနှင့် နည်းစနစ်များကို အသုံးပြုဆောင်ရွက်ခြင်း၊

(ည) နေပြည်တော်၏ စည်ပင်သာယာရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်စေရန်အတွက် မိမိ၏ ကော်မတီဝင်များနှင့် ဝန်ထမ်းများ အရည်အသွေးမြင့်မားတိုးတက်စေရန် ပြည်တွင်းပြည်ပ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေခြင်းနှင့် လေ့လာရေးခရီးများ စီစဉ်စေလွှတ်ခြင်း၊

(ဋ) နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတကာမြို့တော်ကြီးများမှ သင့်လျော်သည့် မြို့တော်အား ညီအစ်မမြို့တော်အဖြစ် သတ်မှတ်၍ ကော်မတီအချင်းချင်း အတွေ့အကြုံများ၊ နည်းပညာများ၊ နည်းစနစ်များ နှီးနှောဖလှယ်ခြင်း၊ လိုအပ်သည့် လုပ်ငန်းရပ်တို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) အရန်မြေတွင် မည်သည့်ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းမျှ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ယင်းအရန်မြေပေါ်တွင် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရသော စီမံကိန်းလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲခြင်း၊

(ဍ) ကော်မတီပိုင်မြေတွင် မည့်သည်ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းမျှ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဎ) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းတွင် သစ်တောနယ်မြေ နယ်နိမိတ်သတ်မှတ်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဏ) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းတွင် တပ်မြေနယ်နိမိတ်သတ်မှတ်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(တ) နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော သစ်ပင်များ၊ နိုင်ငံတော်ပိုင် အိမ်ရာများတွင် စိုက်ပျိုးထားသော နှစ်ရှည်သီးပင်စားပင် အရိပ်ရပင်များ၊ လမ်းဘေးဝဲယာ၊ လမ်းလယ်ကျွန်းများနှင့် အဝိုင်းများတွင် စိုက်ပျိုးထားသော သစ်ပင်ပန်းပင်များကို ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ချိုးဖဲ့ခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ခုတ်လှဲခြင်းမပြုရန် တားမြစ်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်း၊

(ထ) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ သတ်မှတ်ထားသော လမ်းနယ်နိမိတ်များအတွင်း မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ ကျူးကျော်ဆောက်လုပ်ခြင်းမရှိစေရန် တားမြစ်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်း၊

(ဒ) နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့်သို့မဟုတ် နိုင်ငံတော် လုံခြုံရေးနှင့်သက်ဆိုင်သည့် အဆောက်အအုံမှအပ နိုင်ငံပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို တင်ပြခြင်း၊

(ဓ) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သံတမန်ဇုန်၊ ဝန်ထမ်းဇုန်၊ ဟိုတယ်ဇုန်၊ ကျောက်မျက်ဇုန်၊ စက်မှုဇုန်၊ စိုက်ပျိုးရေးဇုန်၊ စီးပွားရေးဇုန် စသည့် လုပ်ငန်းသဘောသဘာဝ တူညီရာများ စုစည်း

စာမျက်နှာ ၈ သို့

ဥပဒေကြမ်း

စာမျက်နှာ (င) မှ

တည်ရှိစေသည့် နယ်ပယ်ဒေသများကို နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် စီစဉ်ဖော်ထုတ် သတ်မှတ်ခြင်း၊ ကော်မတီက စီမံခန့်ခွဲခြင်း သို့မဟုတ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက စီမံခန့်ခွဲစေခြင်း၊

(န) နိုင်ငံတော်သမ္မတက အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း၊

အခန်း(၅)
အခွန်စည်းကြပ်ကောက်ခံခြင်း

၁၂။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံနိုင်သည်-

(က) အဆောက်အအုံနှင့် မြေခွန်၊
(ခ) ရေခွန်၊ မီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန်၊
(ဂ) ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များ၊ နေအိမ်တွင် အလှမွေးသည့် တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊
(ဃ) ပြင်ပမှ နေပြည်တော်အတွင်း ဝင်ရောက်ဖြတ်သန်းသွားလာရပ်နားသော ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊
(င) ဤဥပဒေအရ ခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

၁၃။ ကော်မတီသည် အောက်ပါအချက်များအပေါ် အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်းပြုရမည်-

(က) အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် နှစ်စဉ်စံငှားရမ်းခတန်ဖိုး၏ ၁၀ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန်၊
(ခ) ရေခွန်၊ မီးခွန်၊အမှိုက်နှင့် အညစ်အကြေးခွန်စသည့် ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ်မျှတစေရန်၊
(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်၊
(ဃ) အဆောက်အအုံနှင့် မြေခွန်ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိနေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်၊
(င) အစိုးရက စီမံခန့်ခွဲသော ပုဂ္ဂလိကပိုင်အဆောက်အအုံနှင့် မြေခွန်တို့ကို စည်းကြပ်ရာတွင် ယင်းအဆောက်အအုံနှင့် မြေမှဝင်ငွေအားလုံး၏ ၅ ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန်။

၁၄။ ကော်မတီသည် ပစ္စည်းခွန်များ စည်းကြပ်ကောက်ခံရန် အဆောက်အအုံနှင့် မြေ၏ နှစ်စဉ်စံငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

၁၅။ ကော်မတီသည် အောက်ပါတို့အပေါ် နိုင်ငံခြားသုံးငွေဖြင့် ပစ္စည်းခွန်များ စည်းကြပ်ကောက်ခံနိုင်သည်-

(က) နိုင်ငံခြားသုံးငွေဖြင့် ငှားရမ်းခရယူ၍ အငှားချထားသော လူနေအိမ်ခန်း၊ မြေနှင့်အဆောက်အအုံများ၊
(ခ) နိုင်ငံခြားသုံးငွေဖြင့် အခန်းခ၊ ဝန်ဆောင်ခရယူလျက်ရှိသော ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာစသည့် အလားတူအဆောက်အအုံများနှင့် မြေများ၊
(ဂ) ရာခိုင်နှုန်းပြည့် နိုင်ငံခြားသုံးငွေ ရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများနှင့် သက်ဆိုင်သည့် မြေနှင့် အဆောက်အအုံများ၊
(ဃ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်သည့်လုပ်ငန်းများအတွက် အသုံးပြုသည့် မြေနှင့်အဆောက်အအုံများ။

၁၆။ ကော်မတီသည် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းလိုင်စင်ခများ၊ ကော်မတီပိုင်ဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်များနှင့် ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်ခတို့ကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်း ပြုနိုင်သည်။

၁၇။ ကော်မတီသည် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊လျှော်ပစ်ခြင်းတို့နှင့် စပ်လျဉ်း၍ ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) စည်းကြပ်သော အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း သို့မဟုတ် နှုန်းထားပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်း၊
(ခ) ခိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦးပေးဆောင်ရန်ရှိသောအခွန်ကို ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော်ပစ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၁၈။ ကော်မတီက တာဝန်ပေးအပ်ခြင်းခံရသူသည် အခွန်ကြွေးကျန်တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း၊
(ခ) ပုဒ်မခွဲ(က)ပါကိစ္စဆောင်ရွက်ရန်အလို့ငှာ တည်ဆဲဥပဒေများအရ ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

အခန်း(၆)
စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း

၁၉။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ အဆောက်အအုံ၊ မြေတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားဆောင်ရွက်နိုင်သည်-

(က) နေပြည်တော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြို့နယ်၊ရပ်ကွက်၊လမ်း သို့မဟုတ် နယ်မြေဒေသသတ်မှတ်၍ ဆောက်လုပ်ရမည့် သို့မဟုတ် မဆောက်လုပ်ရမည့် အဆောက်အအုံအမျိုးအစား၊ ပုံစံ၊အထပ်၊ အနိမ့်၊ အမြင့်၊ ဆေးရောင်တို့ကို သတ်မှတ်ထားရှိနိုင်သည်။
(ခ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ အဆောက်အအုံဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကို ရပ်ဆိုင်းထားစေခြင်း၊ ပြန်လည်ပြုပြင်စေခြင်း သို့မဟုတ် ဖြိုဖျက်စေခြင်း သို့မဟုတ် ညွှန်ကြားချက်ကို မလိုက်နာမှုအတွက် ဒဏ်ကြေးငွေတပ်ရိုက်ပြီး ဖြိုဖျက်ခြင်း၊ ဆောင်ရွက်ခကုန်ကျစရိတ်ကို သက်ဆိုင်သူက ကျခံစေခြင်း။
(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်များအပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်စေ၊ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း သို့မဟုတ် ညွှန်ကြားချက်ကို မလိုက်နာမှုအတွက် ဒဏ်ကြေးငွေတပ်ရိုက်ပြီး ဖယ်ရှားခြင်း၊ ဆောင်ရွက်ခကုန်ကျစရိတ်ကို သက်ဆိုင်သူက ကျခံစေခြင်း၊
(ဃ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတားတည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းပြုရာတွင် မလွတ်ကင်းသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းကို ဖယ်ရှားစေခြင်း သို့မဟုတ် ညွှန်ကြားချက်ကို မလိုက်နာမှုအတွက် ဒဏ်ကြေးငွေတပ်ရိုက်ပြီး ဖျက်သိမ်းဖယ်ရှားခြင်း၊ ဆောင်ရွက်ခ ကုန်ကျစရိတ်ကို သက်ဆိုင်သူက ကျခံစေခြင်း၊
(င) အန္တရာယ်ရှိနိုင်သည့် သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံအစိတ်အပိုင်းကို ဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားခြင်း၊ ကော်မတီ၏ ညွှန်ကြားချက်ကို လိုက်နာရန် နှောင့်နှေးကြန့်ကြာနေပါက ကော်မတီ၏အစီအစဉ်ဖြင့် ဖြိုဖျက်ပြီး ကုန်ကျစရိတ်ကို အဆောက်အအုံပိုင်ရှင်က ကျခံစေခြင်း၊
(စ) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး၊ ထုံး သို့မဟုတ် ရေနံသုတ်စေခြင်း၊
(ဆ) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့် ဝင်းခြံကို ပြုပြင်စေခြင်း၊ ဝင်းခြံကို နေပြည်တော်၏ အင်္ဂါရပ်နှင့်အညီဖြစ်စေရန် ပြင်ဆင်တည်ဆောက်စေခြင်း၊
(ဇ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်း၊ သပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံပင်များကို ခုတ်ထွင်ရှင်းလင်းစေခြင်း၊ ထွက်ပေါ်လာသည့် အမှိုက်သရိုက်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း။

၂၀။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာအညစ်အကြေးတို့နှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) မြို့တွင်းလမ်းဟောင်းများ၏ ကျဉ်းမြောင်းသည့် အခြေအနေအရလည်းကောင်း၊ နေပြည်တော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း၊ မြေအောက် သို့မဟုတ် မြေပေါ်ရေမြောင်းဖောက်လုပ်မှုလုပ်ငန်းရပ်တွင် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင်တို့ ပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းရပ်တို့တွင် ပါဝင်ဆောင်ရွက်စေခြင်း၊
(ခ) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို အန္တရာယ်မရှိစေရန်နှင့် ကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီဖြစ်စေရန် ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊
(ဂ) ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊
(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေပေါ်မှ စီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့်သက်ဆိုင်သော လမ်းနှင့် အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာကောင်းစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်းစသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊
(င) စက်ရုံ၊ အလုပ်ရုံတို့မှ ထွက်ရှိသည့် ရေဆိုးများကို လမ်းဘေးရေမြောင်း၊ မြစ်ချောင်းအင်းအိုင်တို့သို့ စီးဝင်စေခြင်းမရှိစေဘဲ မြေထု၊ ရေထု၊ လေထုညစ်ညမ်းမှု မရှိစေရန် မိမိပိုင်ခြံဝင်းအတွင်း၌ ရေဆိုးစုကန်အားကွန်ကရစ်ဖြင့် တည်ဆောက်၍ ရေဆိုးများအား စုစည်းထားရှိပြီး ရေပုပ်စုပ်ယာဉ် သို့မဟုတ် အလားတူယာဉ်ဖြင့် စုပ်ယူ၍ ကော်မတီမှ သတ်မှတ်ခွင့်ပြုသည့်နေရာတွင် စွန့်ပစ်စေခြင်း သို့မဟုတ် ရေဆိုးများကို သန့်စင်၍ ကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူပြီး လမ်းဘေးရေမြောင်း၊ မြစ်ချောင်းများသို့ စွန့်ထုတ်ခြင်း၊
(စ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေတို့မှ ရေကောင်းမွန်စွာ ထုတ်ပစ်နိုင်ရန် မြေကို ပြုပြင်စေခြင်း၊
(ဆ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်စသည်တို့ကို စီမံထားရှိစေခြင်း၊
(ဇ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲ ဖြစ်စေ၊ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်စသည်တို့ကို ပိတ်ထားစေခြင်း၊ ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊
(ဈ) မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် မြေကို ဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊
(ည) မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် ကော်မတီက သတ်မှတ်သည့် သင့်လျော်သောလျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအား ပေးစေခြင်း။

၂၁။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လုပ်ငန်းပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) အမှိုက်နှင့် နံစော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ ထည့်ထားရန် သင့်လျော်သော အမှိုက်အိတ်၊ အမှိုက်ပုံး၊ အမှိုက်ကန် စသည်များ စီမံထားရှိစေခြင်း၊
(ခ) အမှိုက်ကို သတ်မှတ်ထားသည့် အမျိုးအစားအလိုက် ခွဲခြားသိမ်းဆည်း စွန့်ပစ်နိုင်ရန် စီစဉ်ထားရှိစေခြင်း၊
(ဂ) ကျန်းမာရေးနှင့် မညီညွတ်ကြောင်းတွေ့ရှိရသည့် အများပြည်သူနှင့် သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေသုံးစွဲနေမှုတို့ကို အသုံးပြုခြင်းမှ ပိတ်ထားစေခြင်း၊
(ဃ) ပြည်တွင်းခရီးသည်များသာတည်းခိုသော ဧည့်ရိပ်သာ၊ တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန် ဆောင်ရွက်စေခြင်း၊
(င) အများပြည်သူပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့် အဆောက်အအုံတို့ကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန်၊ မီးဘေးလုံခြုံရေးရှိစေရန်နှင့် သဘာဝဘေးအန္တရာယ်တို့မှ ကြိုတင်ကာကွယ်နိုင်စေရန် ဆောင်ရွက်ပေးခြင်း၊
(စ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲ နေစေခြင်း သို့မဟုတ် ပြင်ဆင်စီမံဆောင်ရွက်စေ ခြင်း။

၂၂။ ကော်မတီသည် အသုံးပြုရန် မသင့်လျော်သည့် သုသာန်မြေနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သည့် အဖွဲ့အစည်းအား ညွှန်ကြားခြင်း သို့မဟုတ် ဆောင်ရွက်ခြင်း ပြုနိုင်သည်-

(က) သုသာန်မြေကို ဆက်လက် အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊
(ခ) သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း။

၂၃။ ပြောင်းရွှေ့ဖျက်သိမ်းလိုက်သည့် သုသာန်ဟောင်းနေရာကို နေပြည်တော်စည်ပင်သာယာရေးလုပ်ငန်းများအတွက် ကော်မတီက သင့်လျော်သလို အသုံးပြုနိုင်သည်။

အခန်း(၇)
အနှေးယာဉ်များ စီမံခန့်ခွဲခြင်း

၂၄။ ကော်မတီသည် အနှေးယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အနှေးယာဉ်အမျိုးအစားအလိုက် စည်းကမ်းများ သတ်မှတ်ခြင်း၊
(ခ) အနှေးယာဉ်လိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊
(ဂ) အနှေးယာဉ်မောင်းလိုင်စင် သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊
(ဃ) အနှေးယာဉ်လိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊
(င) အနှေးယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊
(စ) အနှေးယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊
(ဆ) အနှေးယာဉ်မောင်းသူများအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

၂၅။ ကော်မတီက ထုတ်ပေးသော အနှေးယာဉ်လိုင်စင်ရရှိသူသာ အနှေးယာဉ် တည်ထောင်လုပ်ကိုင်ခွင့်ရှိပြီး ကော်မတီက ထုတ်ပေးသော အနှေးယာဉ်မောင်းလိုင်စင်ရရှိသူသာ အနှေးယာဉ်မောင်းခွင့်ရှိသည်။

၂၆။ အနှေးယာဉ်ပိုင်ရှင်နှင့် အနှေးယာဉ်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

အခန်း(၈)
ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း

၂၇။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းကူးတို့လုပ်ငန်းကြီးကြပ်သူနှင့် အုပ်ချုပ်သူအဖြစ် ယင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ကူးတို့လုပ်ငန်း တည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊
(ခ) ကူးတို့နယ်နိမိတ် သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊
(ဂ) ကူးတို့လုပ်ငန်း လမ်းကြောင်းသတ်မှတ်ခြင်း၊
(ဃ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခသတ်မှတ်ခြင်း၊
(င) ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့် ရောင်းချခြင်း သို့မဟုတ် လုပ်ကိုင်ခွင့်ပြုခြင်း၊
(စ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့လုပ်ငန်းလိုင်စင်များကို ပြန်လည်လေလံတင်ရောင်းချခြင်း၊
(ဆ) ကူးတို့လုပ်ငန်းကြီးကြပ်အုပ်ချုပ်ခြင်း၊
(ဇ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် အစီအစဉ်များ ပြုလုပ်စေခြင်း၊
(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊
(ည) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊
(ဋ) တာဝန်ဖြင့် ခရီးသွားလာသော တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခကင်းလွတ်ခွင့်ပြုခြင်း၊
(ဌ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၂၈။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်တစ်ခုအတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၂၉။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကော်မတီက ပြင်ဆင်ထိန်းသိမ်းရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၀။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာနှင့် စပ်လျဉ်း၍လည်းကောင်း ကော်မတီက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၁။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့အကြား တည်ရှိသည့် ကူးတို့လုပ်ငန်းတို့အတွက် ကူးတို့လုပ်ငန်းတည်ရှိရာဒေသနှင့်စပ်လျဉ်း၍ လိုအပ်ပါက နေပြည်တော်ကောင်စီမှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး ဆုံးဖြတ်နိုင်သည်။

၃၂။ ကော်မတီသည် ကူးတို့လုပ်ငန်းဆိုင်ရာ လုပ်ပိုင်ခွင့်များကို သင့်လျော်သည့် ဌာနမှူးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၃၃။ ကူးတို့လုပ်ငန်းဆိုင်ရာ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာနမှူး၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ထိုဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကော်မတီထံ တင်ပြအယူခံဝင်နိုင်သည်။

၃၄။ ကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း(၉)
တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း

၃၅။ ကော်မတီသည် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို အများပြည်သူစားသုံးရန်အလို့ငှာ ကော်မတီပိုင် သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းများနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

စာမျက်နှာ (ဆ) သို့

(18-3)F.pmd 1 3/16/2013, 11:00 PM

ဥပဒေကြမ်း

စာမျက်နှာ (၈) မှ

၃၆။ ကော်မတီသည် မည်သည့်ဒေသတွင်မဆို အများပြည်သူစားသုံးရန်မှအပ ဘာသာရေးနှင့် အခြားကိစ္စရပ်များအတွက် ကျွဲ၊ နွား သတ်ဖြတ်ခွင့်အမိန့်ကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၃၇။ ကော်မတီသည် ကျွဲ၊ နွား၊ တိရစ္ဆာန်သတ်ဖြတ်ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွား၊ တိရစ္ဆာန်များ ပြုန်းတီးမှုမရှိစေရန် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၈။ ကော်မတီသည် တိရစ္ဆာန်သတ်ဖြတ်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော သတ်မှတ်ချက်များကို ထုတ်ပြန်နိုင်သည်။

၃၉။ ပုဒ်မ ၃၅ သို့မဟုတ် ၃၆ အရ ခွင့်ပြုချက်ရရှိသူသာလျှင်-

(က) ကျွဲ၊ နွားကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့် သားရေကို လက်ဝယ်ထားခြင်းပြုနိုင်သည်။

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းပြုနိုင်သည်။

အခန်း (၁၀)
ကြီးကြပ်ခြင်း

၄၀။ ကော်မတီသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရုံးအကြီးအမှူး သို့မဟုတ် ဌာနမှူး သို့မဟုတ် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၁။ ရုံးအကြီးအမှူးသည် ဌာနမှူးနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ လိုအပ်သလိုစိစစ်ပြီး ကော်မတီသို့ တင်ပြရမည်။

၄၂။ ရုံးအကြီးအမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည်။

၄၃။ ဌာနမှူးသည် မိမိဌာနနှင့် သက်ဆိုင်သည့် စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးက ရေးဆွဲတင်ပြလာသော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကိုစိစစ်၍လည်းကောင်း၊ မိမိဌာနအတွက် နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို ရေးဆွဲ၍လည်းကောင်း ရုံးအကြီးအမှူးထံ တင်ပြခြင်း၊

(ခ) ရသုံးမှန်းခြေငွေစာရင်းကြီးကြပ်မှုကို ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာ၌ ပိုမိုချောမွေ့အဆင်ပြေစေရန် ရုံးအကြီးအမှူးက ခွဲဝေပေးသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ အဆောက်အအုံများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများ စစ်ဆေးတွေ့ရှိချက်ကို ရုံးအကြီးအမှူးထံ တင်ပြခြင်း၊ မိမိဌာနက တာဝန်ခံဆောင်ရွက်သည့်လုပ်ငန်းများ၊ အဆောက်အအုံများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို ကော်မတီက တာဝန်ပေးအပ်သူ၏ စစ်ဆေးချက်ကိုခံယူခြင်း၊

(င) ဥပဒေနှင့် မညီညွတ်သော မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက်၊ အမိန့်၊ ဆောင်ရွက်ချက်၊ ညွှန်ကြားချက်ကို စစ်ဆေးတွေ့ရှိလျှင် ရပ်ဆိုင်းထားစေပြီး တွေ့ရှိချက်ကို ရုံးအကြီးအမှူးထံ တင်ပြခြင်း။

အခန်း(၁၁)
အယူခံဝင်ခြင်း

၄၄။ ပုဒ်မ ၁၄၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)၊ (ဃ)၊ (ဆ)၊ ပုဒ်မ ၂၀ ပုဒ်မခွဲ (ဃ)၊ (စ)၊ (ဈ)၊ (ည)၊ ပုဒ်မ ၂၁ ပုဒ်မခွဲ (ဂ)၊ (စ)၊ ပုဒ်မ ၂၂ ပုဒ်မခွဲ(က)တို့အရ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သို့မဟုတ် စတင်အကောင်အထည်ဖော်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာဌာနမှူးထံ အယူခံဝင်နိုင်သည်။

၄၅။ ပုဒ်မ ၄၄ အရ သက်ဆိုင်ရာဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ရုံးအကြီးအမှူးထံ အယူခံဝင်နိုင်သည်။

၄၆။ အယူခံမှုနှင့်စပ်လျဉ်း၍-

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ။

(ခ) ရုံးအကြီးအမှူးသည် အယူခံမှုများကို ကော်မတီသို့တင်ပြ၍ သဘောတူညီချက်ရယူဆုံးဖြတ်ရမည်။

(ဂ) ရုံးအကြီးအမှူး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း(၁၂)
ဘဏ္ဍာရေး

၄၇။ ကော်မတီသည် မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်။ လိုအပ်ပါက ဖြည့်ဆည်းလိုသော ရန်ပုံငွေအတွက် ပြည်ထောင်စုအစိုးရထံမှ အထောက်အပံ့ရယူနိုင်သည်။

၄၈။ ကော်မတီသည် ဤဥပဒေအရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများကို မိမိရန်ပုံငွေစာရင်းသို့ ထည့်သွင်းနိုင်သည်။

၄၉။ ကော်မတီသည် မိမိရန်ပုံငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲပိုင်ခွင့်ရှိသည်။ ထို့ပြင် မိမိ၏ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကိုလည်း တာဝန်ယူရမည်။

၅၀။ ကော်မတီသည် ရန်ပုံငွေကိုတိုးပွားစေရန် တည်ဆဲဥပဒေနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၅၁။ ကော်မတီသည် ရရှိသောနိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ လုပ်ထုံးလုပ်နည်းများ၊စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲနိုင်သည်။

၅၂။ ကော်မတီသည်-

(က) ရုံးအကြီးအမှူးက ရေးဆွဲတင်ပြလာသော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို စိစစ်ပြီး နိုင်ငံတော်သမ္မတထံတင်ပြ၍ အတည်ပြုချက်ရယူရမည်။ ထို့ပြင်ပြည်ထောင်စုအစိုးရထံမှ အထောက်အပံ့ရယူရန် လိုအပ်သော ရန်ပုံငွေအတွက် နေပြည်တော်ကောင်စီမှတစ်ဆင့် ပြည်ထောင်စုအစိုးရထံ တင်ပြရမည်။

(ခ) ကော်မတီသည် ရသုံးမှန်းခြေငွေစာရင်းကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ လေးလတစ်ကြိမ် နိုင်ငံတော်သမ္မတထံ တင်ပြအတည်ပြုချက်ရယူရမည်။

(ဂ) နှစ်စဉ် မိမိဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်တို့ကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

အခန်း(၁၃)
ဝန်ထမ်းဖွဲ့စည်းပုံ

၅၃။ ကော်မတီသည် လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို နိုင်ငံတော်သမ္မတ၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်။

၅၄။ ကော်မတီသည် ပုဒ်မ ၅၃ အရ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲထားရှိရာတွင် စည်ပင်သာယာရေးလုပ်ငန်းများကို အထောက်အကူပြုသည့် အောက်ဖော်ပြပါ ဝန်ထမ်းများကိုလည်း သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ဖွဲ့စည်းပုံတွင် ထည့်သွင်းနိုင်သည်-

(က) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းတာဝန်ကို ဆောင်ရွက်သောဝန်ထမ်းများ၊

(ခ) မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတာဝန်ကိုဆောင်ရွက်သော ဝန်ထမ်းများ၊

(ဂ) လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းတာဝန်ကို ဆောင်ရွက်သော စည်ပင်သာယာရေးရဲတပ်ဖွဲ့ဝင်များနှင့် အခြားဝန်ထမ်းများ။

၅၅။ ကော်မတီသည်-

(က) တည်ဆဲစည်းမျဉ်းဥပဒေများ၊ စည်းကမ်းများနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများကို ခန့်ထားပိုင်ခွင့်ရှိသည်။

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ဝန်ထမ်းများကို သက်ဆိုင်ရာပြည်ထောင်စုအစိုးရဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ လွှဲပြောင်းရယူပြီး စည်ပင်သာယာဝန်ထမ်းအဖြစ် ခန့်ထားနိုင်သည်။

၅၆။ ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ကော်မတီသည် ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များကို ရုံးအကြီးအမှူးအား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း(၁၄)
ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၅၇။ ကော်မတီသည် ရုံးအကြီးအမှူးက စာရင်းများကို နည်းလမ်းတကျထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန်အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်ညှိနှိုင်း၍ သတ်မှတ်ရမည်။

၅၈။ ရုံးအကြီးအမှူးသည်-

(က) ကော်မတီက သတ်မှတ်ထားရှိသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းများပြုစုထိန်းသိမ်းထားရှိရမည်။

(ခ) ပုဒ်မခွဲ(က)အရ ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးအပ်ခြင်းခံရသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

အခန်း(၁၅)
တားမြစ်ချက်များ

၅၉။ မည်သူမျှ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အများပြည်သူနှင့် သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခုပေါ်တွင်ဖြစ်စေ၊ အရန်မြေ၊ ကော်မတီပိုင်မြေ၊ ကော်မတီက စီမံခန့်ခွဲသောမြေတွင်ဖြစ်စေ ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်းမပြုရ။

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ တစ်ခုခုပေါ်တွင် ပိတ်ဆို့၍ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ တပ်ဆင်ချိတ်ဆွဲခြင်း၊ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ဆွဲထားခြင်း၊ စုပုံထားခြင်းမပြုရ။

၆၀။ မည်သူမျှ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အများပြည်သူသွားလာသည့် လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ။

(ခ) လမ်းနယ်မြေတွင် ယာဉ်များမောင်းနှင်သွားလာခြင်း၊ ထားရှိခြင်းနှင့် သတ်မှတ်ထားသော တိရစ္ဆာန်များ မောင်းနှင်သွားလာခြင်း၊ ထိန်းကျောင်းခြင်း၊ လွှတ်ကျောင်းခြင်းမပြုရ။

(ဂ) လမ်းပေါ်တွင်လည်းကောင်း၊ လူသွားစင်္ကြံပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း၊ ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ဈေးရောင်းခြင်းမပြုရ။

(ဃ) အမှိုက်၊ မိလ္လာအညစ်အကြေးစသည်တို့ကို လမ်းပေါ် သို့မဟုတ် စွန့်ပစ်ရန် သတ်မှတ်မထားသောနေရာတွင် စွန့်ပစ်ခြင်းမပြုရ။

(င) ကိုယ်ပိုင်လမ်း ဖောက်လုပ်ခြင်း သို့မဟုတ် လူသွားစင်္ကြံလမ်း ဖောက်လုပ်ခြင်း မပြုရ။

(စ) လမ်းမြေကို တူးဆွခြင်း၊ တူးယူခြင်း၊ ဖယ်ရှားခြင်း၊ မြေအနေအထား ပြောင်းလဲစေခြင်း၊ လမ်းထက်မြင့်သော ကွန်ကရစ်လမ်းခင်းခြင်း၊ လမ်းထက်မြင့်သော မြောင်းကျော်တံတား၊ ခုံးကျော်တံတားတည်ဆောက်ခြင်းမပြုရ။

(ဆ) ဝင်ထွက်နိုင်သော လမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရ။

၆၁။ မည်သူမျှ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အဆောက်အအုံတစ်ခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်းမပြုရ။

(ခ) ကော်မတီပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှ ရေကို ရယူသုံးစွဲခြင်းမပြုရ။

(ဂ) ကိုယ်ပိုင်စီးပွားဖြစ်ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

(ဃ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်၊ ရေကူးကန်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

(င) အရိပ်ရနှစ်ရှည်ပင်ကြီးများနှင့် သစ်ပင်၊ ပန်းပင်များအား ချိုးဖဲ့ခြင်း၊ ခုတ်လှဲခြင်း၊ မြက်ခင်းများကို ဖျက်ဆီးခြင်းမပြုရ။

၆၂။ မည်သူမျှ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) လူသေအလောင်းကို သတ်မှတ်သည့်ကာလထက် ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်းမပြုရ။

(ခ) ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်းမပြုရ။

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းမပြုရ။

၆၃။ မည်သူမျှ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) ပြည်တွင်းဧည့်သည်များအတွက် တည်းခိုခန်းများ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(ခ) ကိုယ်ပိုင်ကျောင်းများ၏ ဘော်ဒါဆောင်မှအပ ဘော်ဒါဆောင် တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(ဂ) အစားအသောက်ဆိုင်ရာလုပ်ငန်းများနှင့် လမ်းဘေးဈေးဆိုင်များ ဖွင့်လှစ်ခြင်း မပြုရ။

(ဃ) ပေါင်မုန့်၊ မုန့်မျိုးစုံလုပ်ငန်း၊ချိုချဉ်နှင့် ယိုမျိုးစုံထုတ်လုပ်ငန်း တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

၆၄။ မည်သူမျှ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ်ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် ဥပစာတစ်ခုတွင်-

(က) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းကိုလုပ်ကိုင်ခြင်းမပြုရ။

(ခ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့် သက်ဆိုင်သော ပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်းမပြုရ။

၆၅။ မည်သူမျှ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) သတ်မှတ်ထားသော တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းမပြုရ။

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းဖြင့် သုတ်သင်ရှင်းလင်းခြင်းမပြုရ။

၆၆။ မည်သူမျှ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့်စည်းကမ်း၊အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) ကိုယ်ပိုင်ဈေး၊ အဆင့်မြင့်ဈေးတို့ကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီးသောဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏ မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်းမပြုရ။

(ခ) မမှန်ကန်သည့် အလေးချိန်ခွင်၊အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရ။

(ဂ) ကော်မတီပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းခြင်း မပြုရ။

(ဃ) ကျွဲ၊နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ရောင်းချခြင်းမပြုရ။

(င) ရေခဲနှင့်အချိုရည်စက်ရုံများ၊ ရေသန့်စက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

(စ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၆၇။ မည်သူမျှ နေပြည်တော်စည်ပင်သာယာနယ်နိမိတ်အတွင်း-

(က) ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းကမ်းများအရ တာဝန်ဝတ္တရားဆောင်ရွက်ရန် မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ နေ့အချိန်ဝင်ရောက်မည့် ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ခြင်းခံရသော ကော်မတီဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်းမပြုရ။

(ခ) စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကော်မတီနှင့် စာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းနှင့်ဆက်နွှယ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေနှင့်အညီ မဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်းမပြုရ။

အခန်း (၁၆)
စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၆၈။ (က) အောက်တွင် ဖော်ပြထားသည့် ပုဒ်မ၊ ပုဒ်မခွဲတို့အရ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ယင်းပြဋ္ဌာန်းချက်တို့နှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့် အမိန့်များကိုဖြစ်စေ ပထမအကြိမ် လိုက်နာရန် ပျက်ကွက်သူ၊ ဖောက်ဖျက်ကျူးလွန်သူသည် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းကိုခံရမည်-

ပုဒ်မ ၁၉ ပုဒ်မခွဲ (စ)၊ (ဆ)၊ (ဇ)၊ ပုဒ်မ ၂၀ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၂၁ ပုဒ်မခွဲ (က)၊ (ခ)၊ (င)၊ (စ)၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၃၉ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၅၉ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၆၀ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (စ)၊ ပုဒ်မ ၆၁ ပုဒ်မခွဲ (ခ)၊ (င)၊ ပုဒ်မ ၆၅ ပုဒ်မခွဲ (က)၊ ပုဒ်မ ၆၆ ပုဒ်မခွဲ (ခ)၊ (ဂ)၊

(ခ) ကော်မတီ သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်ခြင်းခံရသူသည် ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ ထိ ချမှတ်နိုင်သည်။

(ဂ) ပြစ်မှုကျူးလွန်သူသည် ဤဥပဒေအရ ထုတ်ပေးသော လိုင်စင်ရရှိသူ၊ မှတ်ပုံတင်လက်မှတ်ရှိသူ သို့မဟုတ် ခွင့်ပြုချက်ရရှိသူဖြစ်ပါက အောက်ပါ အရေးယူမှုတစ်ရပ်ရပ် ချမှတ်ခြင်းကိုလည်းခံရမည်-

(၁) သတိပေးခြင်း၊

(၂) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(၃) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

၆၉။ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အရ ချမှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်ပါက ထိုဒဏ်ကြေးငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

စာမျက်နှာ (၉) သို့

ဥပဒေကြမ်း

စာမျက်နှာ (ဆ) မှ

အခန်း(၁၇)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၇၀။ (က) မည်သူမဆို ဤဥပဒေ၏ပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်၍ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်လျှင် ကော်မတီ၏ရဲတပ်ဖွဲ့က မေးမြန်းသည့်အခါ မိမိ၏ အမည်၊ နေရပ်များကို ထုတ်ဖော်၍ မပြောဆိုလျှင်ဖြစ်စေ၊ ပြောဆိုသော်လည်းမမှန်ကန်ဟုထင်မြင်ရန် အကြောင်းရှိသည့် အမည်၊ နေရပ်များကို ပြောဆိုလျှင်ဖြစ်စေ ထိုသူအား ဖမ်းဆီး၍ သက်ဆိုင်ရာတရားရုံးသို့ အပ်နှံနိုင်သည်။

(ခ) ထိုသို့ ဖမ်းဆီးခံရသူကို သက်ဆိုင်ရာတရားသူကြီး၏ အမိန့်မရဘဲ သက်ဆိုင်ရာ တရားရုံးသို့အပ်နှံရန် ၎င်းကိုဖမ်းဆီးသည့်အချိန်မှ ၂၄ နာရီထက် မကျော်လွန်စေဘဲ ထိန်းသိမ်းထားနိုင်သည်၊ အကယ်၍ တရားရုံးပိတ်ရက်များနှင့် တိုက်ဆိုင်နေပါက ဖမ်းဆီးခြင်းခံရသူအား ချိန်းဆိုသည့်နေ့တွင် သက်ဆိုင်ရာတရားရုံးသို့ လာရောက်ရန် ကိုယ်တိုင်ခံဝန် သို့မဟုတ် အခြားသင့်လျော်သော ခံဝန်ဖြင့် အာမခံပေးနိုင်သည်။

၇၁။ ဤဥပဒေအရ စွဲဆိုသောအမှုများကို ကော်မတီ သို့မဟုတ် ကော်မတီက တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်ကသာ တရားစွဲဆိုရမည်။

၇၂။ (က) မည်သူမဆို ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် ကျွဲ၊ နွား၏ အသား သို့မဟုတ် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ချမှတ်ခြင်းခံရမည်။ ထို့ပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မအရ တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာ အာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏ အသားသည် တရားဝင်ခွင့်ပြုချက်ဖြင့် သတ်ဖြတ်သော သို့မဟုတ် အခြားအကြောင်း တစ်ခုခုဖြင့် သေဆုံးသော ကျွဲ၊ နွား၏ အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၇၃။ မည်သူမဆို အထက်ပါပြဋ္ဌာန်းချက်မှအပ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းမျဉ်း၊ စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၄။ (က) ပုဒ်မ ၇၃ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါနည်းဥပဒေ တစ်ရပ်ရပ်ကိုဖြစ်စေ စည်းမျဉ်း၊ စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ် ကျပ်တစ်သောင်းမှ အများဆုံးငွေဒဏ် ကျပ်ငါးသောင်းအထိ ချမှတ်ရမည်။

(ခ) အကယ်၍ နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းမျဉ်း၊ စည်းကမ်း တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်မှုသည် အဆောက်အအုံ တစ်စုံတစ်ရာကို ကျူးကျော်ဆောက်လုပ်သည့် ပြစ်မှုဖြစ်ပါက ကျူးကျော်အဆောက်အအုံကို ပြစ်မှုကျူးလွန်သူက ခုနစ်ရက်အတွင်း ကိုယ်တိုင်ဖျက်သိမ်းဖယ်ရှားစေရန်နှင့် ယင်းသို့ ပြစ်မှုကျူးလွန်သူက သတ်မှတ်ချိန်အတွင်း ဖျက်သိမ်းဖယ်ရှားခြင်း မပြုပါက ကော်မတီ အစီအစဉ်ဖြင့် ဖျက်သိမ်းဖယ်ရှားစေရန် အမိန့်ချမှတ်ရမည်။

၇၅။ မည်သူမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ကော်မတီက ထုတ်ပြန်သည့် အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၆။ (က) ပုဒ်မ ၇၅ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါတားမြစ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ် ကိုဖြစ်စေ ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံးငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံးငွေဒဏ်ကျပ်ငါးသောင်း အထိ ချမှတ်ရမည်။

(ခ) အကယ်၍ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်မှုသည် အဆောက်အအုံတစ်စုံတစ်ရာကို ကျူးကျော်ဆောက်လုပ်သည့် ပြစ်မှု ဖြစ်ပါက ကျူးကျော်အဆောက်အအုံကို ပြစ်မှုကျူးလွန်သူက သုံးရက် အတွင်း ကိုယ်တိုင်ဖျက်သိမ်းဖယ်ရှားစေရန်နှင့် ယင်းသို့ ပြစ်မှုကျူးလွန် သူက သတ်မှတ်ချိန်အတွင်း ဖျက်သိမ်းဖယ်ရှားမှု မပြုပါက ကော်မတီ အစီအစဉ်ဖြင့် ဖျက်သိမ်းဖယ်ရှားစေရန် အမိန့်ချမှတ်ရမည်။

အခန်း(၁၈)
အထွေထွေ

၇၇။ အများပြည်သူနှင့် ဝန်ထမ်းများသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ် အတွင်း သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်ရေးအတွက် ဆောင်ရွက် ထားရှိမှုကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစုထိန်းသိမ်းရန် တာဝန်ရှိသည့်အလျောက် ကော်မတီက ထုတ်ပြန်ထားသည့် အမိန့်၊ စည်းကမ်းနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၇၈။ နိုင်ငံတော်ကာကွယ်ရေးနှင့် သက်ဆိုင်သည့် သို့မဟုတ် နိုင်ငံတော်လုံခြုံရေးနှင့် သက်ဆိုင်သည့် အဆောက်အအုံများမှအပ အခြားနိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းသို့ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို ကော်မတီသို့ ကြိုတင်အကြောင်းကြားရမည်။

၇၉။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ရာတွင် မူဝါဒသဘောပါရှိသော လုပ်ငန်းများကိုလည်းကောင်း၊ နေပြည် တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အထူးစီမံကိန်းများကိုလည်းကောင်း နိုင်ငံတော်သမ္မတ၏ခွင့်ပြုချက်ရရှိပြီးမှ ဆောင်ရွက် ရမည်။

၈၀။ ကော်မတီသည် မိမိပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို နိုင်ငံတော်သို့ လွှဲပြောင်းပေးရသည့်အတွက် သင့်တင့်မျှတသော တန်ဖိုးရရှိခြင်းမရှိပါက တာဝန်ရှိ သည့်ဌာနနှင့် အဖွဲ့အစည်းများအား တရားစွဲဆို၍တောင်းခံနိုင်ခွင့်ရှိသည်။

၈၁။ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းကမ်းများနှင့်အမိန့် တစ်ရပ် ရပ်ကိုဖောက်ဖျက်ကျူးလွန်သဖြင့် တရားစွဲဆိုသည့် စည်ပင်သာယာမှုခင်းများကို မြန်မြန် ဆန်ဆန် စစ်ဆေးစီရင်နိုင်ရန်အလို့ငှာ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ် အတွင်း သင့်လျော်သည့်နေရာများတွင် တရားရုံးနှင့် ဥပဒေရုံးများဖွင့်လှစ်ထားရှိနိုင် ရေးအတွက် ကော်မတီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့်လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ရမည်။

၈၂။ ပုဒ်မ ၆၈ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် သည် အပြီးအပြတ်ဖြစ်စေရမည်။

၈၃။ ကော်မတီသည် စည်ပင်သာယာလုပ်ငန်းများကိုဆောင်ရွက်ရာတွင် နေပြည် တော်စည်ပင်သာယာရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ် ၄/၂၀၀၉)နှင့် စည်ပင်သာယာရေးအဖွဲ့များဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းများ၊ လုပ်ထုံး လုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေ၏ ရည်ရွယ်ချက်သဘောထားများနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၈၄။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ယခင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင် ရန်ပုံငွေများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ရရန်ပိုင်ခွင့်နှင့် ပေးရန် တာဝန်များကို ဆက်ခံရမည်။

၈၅။ (က) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မရွှေ့မပြောင်း နိုင်သောပစ္စည်းလွှဲပြောင်းသည့် စာချုပ်စာတမ်းများချုပ်ဆိုရာတွင် အခွန် တံဆိပ်ခေါင်းထမ်းဆောင်ရမည့်ပုဂ္ဂိုလ်သည် မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေအရ ထမ်းဆောင်ရမည့် အခွန်တံဆိပ်ခေါင်းတန်ဖိုးအပြင် သတ်မှတ်သည့်ရာခိုင်နှုန်းကို တိုးမြှင့်ထမ်းဆောင်ရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ(က)အရ တိုးမြှင့်ထမ်းဆောင်သည့် အခွန်တံဆိပ် ခေါင်း တန်ဖိုးကို လွှဲပြောင်းရယူရေးနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၈၆။ ကော်မတီသည် နိုင်ငံတော်သမ္မတက အခါအားလျော်စွာ သတ်မှတ်ခွင့်ပြုသော ဝင်ငွေများကို ကော်မတီ၏ ရန်ပုံငွေစာရင်းသို့ ထည့်သွင်းနိုင်သည်။

၈၇။ ကော်မတီသည် မိမိလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျင့်သုံးဆောင်ရွက်ရာ တွင် လိုအပ်ပါက မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာနတစ်ခုခုကိုဖြစ်စေ၊ အဖွဲ့ ဖွဲ့စည်း၍ ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကို ဖြစ်စေ၊ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၈၈။ ကော်မတီသည် ဤဥပဒေအရ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက် ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူ နိုင်သည်။ ထိုကဲ့သို့ တောင်းခံလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကူအညီပေးရမည်။

၈၉။ ကော်မတီသို့မဟုတ် ကော်မတီ၏ ဝန်ထမ်းသည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့် နှင့်ညွှန်ကြားချက်စသည်တို့နှင့်အညီ မိမိ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များအား သဘောရိုးဖြင့် ကျင့်သုံးဆောင်ရွက်ခြင်းအတွက် ပြစ်မှုကြောင်းအရသော်လည်း ကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခံရခြင်းမရှိစေရ။

၉၀။ (က) ကော်မတီ သို့မဟုတ် ကော်မတီ၏ ဝန်ထမ်းသည် ဤဥပဒေအရ ထုတ် ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်အရ ဆောင်ရွက်ရန် ကြံရွယ်၍ ပြုလုပ်မှု တစ်စုံ တစ်ရာသည် ပေါ့တန်သောဆောင်ရွက်မှု သို့မဟုတ် မှားယွင်းဆောင် ရွက်မှု သို့မဟုတ် ပျက်ကွက်မှုဖြစ်သည့်အတွက် မိမိတွင် ဆုံးရှုံးနစ်နာမှုရှိ သည်ဟု ယူဆပါက ယင်းပြုမူဆောင်ရွက်မှုအား ပြန်လည်စိစစ်သုံး သပ်ပြီး မိမိ၏ ဆုံးရှုံးနစ်နာမှုကို ဖြည့်ဆည်းပေးရန် ကော်မတီသို့ စာဖြင့် တင်ပြနိုင်သည်။

(ခ) ထိုသို့တင်ပြခြင်းသည် တင်ပြသည့်ဆောင်ရွက်မှု ပြုလုပ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း တင်ပြခြင်းဖြစ်ရမည်။

(ဂ) ကော်မတီသည် ပုဒ်မခွဲ(က)အရ တင်ပြချက်ကို ပုဒ်မခွဲ(ခ)အရ ကန့် သတ်ထားသည့်ရက်အတွင်း လက်ခံရရှိပါက ထိုတင်ပြချက်အား စနစ် တကျပြန်လည်စိစစ်သုံးသပ်ပြီး တင်ပြချက်သည်မှန်ကန်ပါက တင်ပြသူ အမှန်တကယ်ဆုံးရှုံးနစ်နာသည့်ငွေကြေးကို ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ကော်မတီ၏ရန်ပုံငွေမှ ကျခံထုတ်ပေးရမည်။

၉၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) မြို့တော်ဝန် သို့မဟုတ် ကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

၉၂။ ဤဥပဒေဖြင့် ရုပ်သိမ်းမည့် နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ဖွဲ့စည်းထားသော နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် ဤဥပဒေအရ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းပြီးသည်အထိ မိမိ၏လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည်။

၉၃။ နေပြည်တော်စည်ပင်သာယာရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၄/၂၀၀၉)အား ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်း ဖြစ်ပါသည်။

ဝမ်းမြောက်ဝမ်းသာစွာဖြင့်သာဓုခေါ်ဆိုခြင်း

ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်၊ အမှတ် (၉၉/စီ)(၁-ဘီ) ဦးအောင်ကျိန်းလမ်းသွယ်၊ သံလွင်လမ်း၊ ဝင်ဒါမီယာနေ

ဦးသန့်စင်စိုး + ဒေါ်သန်းချိုနွယ် မိသားစုတို့မှ

အိန္ဒိယနိုင်ငံ ၊ ကိုးလ်ကတ္တားမြို့ ၊ ဗောဓိသုခပရဟိတ မြန်မာကျောင်း

ဆရာတော်ဒေါက်တာနန္ဒောဘာသ ဦးစီး၍ဗုဒ္ဓဂယာမြေပြတ်မဟာ၌ဆောက်လုပ်လျက်ရှိသော

ဗောဓိရုက္ခမူလ (၅) ထပ်ကျောင်းဆောင်အတွက်ကျောင်းအဆောက်အအုံ (၁) ပေပတ်လည်

အကွက် (၅၀၀) ပါဝင်လှူဒါန်းသဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုအပ်ပါသည်။

မော်ဒယ်မြင့်ကားများအတွက် ကွန်ပျူတာဘောက်သင်တန်း
အမှတ်စဉ် (၁၄)(၁၅)(၁၆) ပုံမှန်တန်းခွဲသစ်များကို
မတ်လ ၂၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်

အကြိုမိတ်ဆက်နှစ်ရက် (အခမဲ့) သင်တန်းကိုအပတ်စဉ်စနေ၊ တနင်္ဂနွေ နေ့များတွင် ဖွင့်လှစ်လျက်ရှိပါသည်။ကြိုတင်စာရင်းပေးသွင်းရန်လိုသည်။

Engine Doctor Engineering
No, 102, GFloor, 52nd st, Middle, Yangon. Tel : 09 4211 444 95, 96, 97

သန့်စင်ပြီး/အရောက်ပို့
01-512443 ပွဲတော်ဆုပ် 09-73017656
- 26000 Ks
- 28000 Ks

ဇီဝကကျော် တိုင်းရင်းဆေးကုခန်း
HIV, CANCER, LEUKEMIA, HB-HC
ခွေးရူးပြန်ရောဂါနှင့် နာတာရှည်ရောဂါများကုသပေးပါသည်။
သမားတော်ဦးသန်းညွန့် ~ တဆ-၁၀၈၉
B.A.,D.T.Med:, D.B.L.,D.F.T., D.Eng:, MBL.
အမှတ် (၃၄၈)ရွှေဘုံသာလမ်း(အထက်)ပန်းပဲတန်းမြို့နယ်ရန်ကုန်မြို့။
PH:095006811,09-73147811,01-209057,Email: thannyunt123@gmail.com

the bookhouse မှ မတ်လထွက်ရှိမည့် စာအုပ်များ

၀၉-၅၀၀-၈၇၂၇
၀၉-၇၃၀-၈၅၅၅၀
၀၉-၄၃၁-၄၀၉၄၈

the bookhouse
we bring your future

ဝင်းသန့်
တရုတ်ခေါင်းဆောင်တွေ ဘယ်လိုတွေးခေါ်ကြသလဲ

မြောက်ကိုရီးယားအကျဉ်းစခန်းမှ လွတ်မြောက်ခြင်း



ကိုးလင်းပါဝဲလ်
လှမင်းသစ်

ဝင်းသန့်
ဆီးရီးယား အာဏာတမင်းဆက် ပျက်သုဉ်းခြင်း

gold collection